# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## လွန်စွာကပ်ငြိသည့်စိတ်

ပန်းတို့ကို ကောင်းနိုးရာရာ ဆွတ်ခူးသောသူကဲ့သို့ ကာမဂုဏ်တို့ကို မရသေးသည်ကို တောင့်တ၊ ရပြီးသည်ကို တွယ်တာ၊ လွန်စွာကပ်ငြိသည့် စိတ်ရှိသောသူကို ကြီးစွာသော ရေအလျဉ်သည် အိပ်ပျော်နေသောရွာကို လွှမ်းမိုး တိုက်ယူသွားသကဲ့သို့ သေမင်းသည် သိမ်းယူ၍ သွားဧ။

ပုပ္ဖဝဂ်(ဓမ္မပဒ-၄၇)


၁၃၈၅ ခုနှစ်၊ ပြာသိုလဆန်း ၁၀ ရက် ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီ ၂၀ ရက်၊ စနေနေ့ အတွဲ (၆၃)၊ အမှတ်(၁၁၂)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထား ဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေး ရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



ပုဂံဒေသထွက် ယွန်းထည်ပစ္စည်းအမျိုးမျိုးကို တွေ့ရစဉ်။

# ပုဂံဒေသ မြန်မာ့လက်မှုအနုပညာ ယွန်းထည်လုပ်ငန်းများ အရောင်းအဝယ်အေးသော်လည်း ပုံမှန်လည်ပတ်လုပ်ကိုင်လျက်ရှိ

**ညောင်ဦး ဇန်နဝါရီ ၁၉**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံဒေသထွက် မြန်မာ့လက်မှုအနုပညာ ယွန်းထည်ပစ္စည်းထုတ်လုပ်မှုသည် အရောင်းအဝယ်အေးသော်လည်း ဒေသခံများ အလုပ်အကိုင်အခွင့်အလမ်းအဆင်ပြေစေရန် လုပ်ငန်းများ ပုံမှန်လည်ပတ်လုပ်ကိုင်လျက်ရှိကြောင်း ပုဂံမြို့ မြင်းကပါရပ် ယွန်းလုပ်ငန်းလုပ်ကိုင်သူများထံမှ သိရသည်။

ယွန်းထည်လုပ်ငန်းသည် မြန်မာ့လက်မှုအနုပညာဖြစ်ပြီး အင်မတန်အနုစိတ်လုပ်ကိုင်ရသောလုပ်ငန်းဖြစ်ကာ ယွန်းပစ္စည်းအမျိုးပေါင်း တစ်ရာကျော် ပြုလုပ်ကြောင်း၊ ယွန်းလုပ်ငန်းရှင်များ အများဆုံးပြုလုပ်သည့် ယွန်းလက်ဖက်အစ်၊ ယွန်းဆွမ်းအုပ်များကို အများဆုံးပြုလုပ်ကြကြောင်း သိရပြီး ပုဂံခေတ်မှသည် ကုန်းဘောင်ခေတ်နှောင်းပိုင်းအထိ မြန်မာလူမျိုးများ ယွန်းထည်အမျိုးမျိုးသာ အသုံးပြုခဲ့ကြကြောင်း၊ ပလို့ခေါ် ငါးဆင့်ပလို့ ဆွမ်းအုပ်များဖြင့် ယနေ့တိုင် ရှေ့စည်းခံ့ဘုရားပွဲ၊


စာမျက်နှာ ၃ ကော်လံ ၁ ➔


# ပွင့်ဖြူ၌ မိုးသီးနှံစပါးစိုက်ဧက ၆၉၉၀၀ ကျော် ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီး

**ပွင့်ဖြူ ဇန်နဝါရီ ၁၉**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ၂၀၂၃-၂၀၂၄ ခုနှစ် မိုးသီးနှံ စိုက်ပျိုးရာသီတွင် ဒေသခံတောင်သူများ မဲဇလီရေလွှဲဆည်ရေဖြင့် စိုက်ပျိုးခဲ့သည့် စပါးသီးနှံစိုက်ဧက ၆၉၉၄၄ ဧကကို ၂၀၂၃ ခုနှစ် ဒီဇင်ဘာလကုန်တွင် ရာနှုန်းပြည့် ရိတ်သိမ်းခြွေလှေ့ပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရုံးမှ သိရသည်။


စာမျက်နှာ ၄ ကော်လံ ၄ ❖






**ယနေ့ မာ တိ ကာ**

ယခုရက်ပိုင်း CNG အရောင်းဆိုင်များတွင် ကားတန်းစီစောင့်ဆိုင်းရမှု အလွန်နည်းပါးသွား — ပြည်တွင်းသတင်း — စာ ၃

စားသုံးသူ တိုးပွားလာမှုနှင့် အတူ ပဲတီစိမ်းမှာ ပြည်ပဈေးကွက်တွင် ဝယ်လိုအား ကောင်းနေ — ပြည်တွင်းသတင်း — စာ ၄

မာဖီးယားဂိုဏ်း၊ ဒေဝဒတ်၊ ဓမ္မန္တရာယ် - ဇောက်ထိုးများဂိုဏ်း သို့မဟုတ် မြောက်သုံးကောင်၏ သရုပ်သကန် — ဆောင်းပါး — စာ ၁၀

ယီမင်ပင်လယ်ပြင်၌ ဒရုန်းများဖြင့် တိုက်ခိုက်ခံရသည့် သင်္ဘောတစ်စင်းကို အိန္ဒိယရေတပ်က ကူညီပေး — နိုင်ငံတကာသတင်း — စာ ၁၃

# ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများအနေဖြင့် အဓိကမြစ်ကြီးများနှင့်ဆက်နွှယ်နေသည့် မြစ်ဝှမ်းဒေသများအတွင်းရှိ ရေအားအရင်းအမြစ်များကိုလေ့လာ၍ နိုင်ငံတော်အတွက် ထိရောက်အကျိုးရှိစွာ အသုံးချနိုင်ရေး မဖြစ်မနေကြိုးပမ်းဆောင်ရွက်ရမည်



**နေပြည်တော် ဇန်နဝါရီ ၁၉**

ရေအားအရင်းအမြစ် စူးစမ်းလေ့လာရေးအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေနှင့် ရှေ့လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ရေအားအရင်းအမြစ် စူးစမ်းလေ့လာရေးအဖွဲ့၏ (၁/၂၀၂၄) ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခွဲတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ရေအားအရင်းအမြစ် စူးစမ်းလေ့လာရေးအဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး တက်ရောက် အမှာစကား ပြောကြားသည်။

ညှိနှိုင်းအစည်းအဝေးသို့ အဖွဲ့ဝင်များဖြစ်ကြသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ဝန်ကြီးဌာန အသီးသီးမှအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**အကျိုးရှိစွာအသုံးချနိုင်ရေး**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံသည် အာဆီယံဒေသတွင်း အခြားနိုင်ငံများထက် ရေအရင်းအမြစ်ပေါကြွယ်ဝသော်လည်း နိုင်ငံ၏ ပထဝီဝင်အနေအထားနှင့် ရာသီဥတုပြောင်းလဲမှု ဖြစ်စဉ်များကြောင့် ရေနှင့်ပတ်သက်သည့် အခက်အခဲပြဿနာများ နှစ်စဉ်ကြုံတွေ့နေရသဖြင့် ရေကဏ္ဍစီမံခန့်ခွဲမှုများသည် အရေးပါလျက်ရှိကြောင်း၊ ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများ အနေဖြင့် အဓိကမြစ်ကြီးများနှင့် ဆက်နွှယ်နေသည့် မြစ်ဝှမ်းဒေသများအတွင်းရှိ ရေအားအရင်းအမြစ်များကိုလေ့လာ၍ နိုင်ငံတော် အတွက် ထိရောက်အကျိုးရှိစွာ အသုံးချနိုင်ရေး မဖြစ်မနေကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ သို့မှသာ မြစ်ကြီးများနှင့်ဆက်နွှယ်သည့် စိုက်ပျိုးရေးနှင့်သောက်သုံးရေပေးဝေရေး၊ ရေအားလျှပ်စစ်ထုတ်လုပ်ရေး၊ ရေကြောင်းပို့ဆောင်ရေး၊ ရေနှင့် ဆက်နွှယ်သည့် သဘာဝဘေးအန္တရာယ်လျော့ပါးသက်သာရေးလုပ်ငန်းများမှတစ်ဆင့် ပြည်သူများ၏ စီးပွားရေး၊ လူမှုရေးနှင့် လူနေမှုအဆင့်အတန်း မြင့်မားရေးအတွက် ပိုမို အထောက်အကူပြုနိုင်မည် ဖြစ်ကြောင်း။

**သတိပြုလေ့လာ**

အဖွဲ့က လက်တွေ့ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့်ပတ်သက်၍ ရေအားအရင်းအမြစ်ပမာဏ တိုင်းတာတွက်ချက်ရေး လုပ်ငန်းအဖွဲ့ခွဲနှင့် ဖွံ့ဖြိုးရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လေ့လာဆန်းစစ်ရေး လုပ်ငန်းအဖွဲ့ခွဲတို့မှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ မြစ်ကြီးများနှင့် သက်ဆိုင်သည့် ကဏ္ဍအလိုက် အချက်အလက်များကို စုစည်းပြုစု၍ တင်ပြလျက်ရှိကြောင်း၊ မြစ်ကြီးများ၏ အချက်အလက်များ လေ့လာတိုင်းတာ စုဆောင်းရာတွင် ရာသီဥတုပြောင်းလဲမှု၏ သက်ရောက်မှုများ၊ ရေဝေရေလဲဒေသပြောင်းလဲမှုများနှင့် သဲနုန်းပို့ချမှုတို့ကြောင့် မြစ်များ၏အခြေအနေနှင့် အချက်အလက်ပြောင်းလဲမှုများရှိနိုင်သဖြင့် သတိပြုလေ့လာ ဆောင်ရွက်ကြရန် လိုကြောင်း၊ ရေအားအရင်းအမြစ် စူးစမ်းလေ့လာရေးအဖွဲ့၏ တိုင်းတာလေ့လာမှုများမှ ရရှိသည့်အချက်အလက်များကို အခြေခံ၍ သက်ဆိုင်ရာဝန်ကြီးဌာန အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး၊ ပြည်နယ် အစိုးရအဖွဲ့များက ကျွမ်းကျင်သူများနှင့် ပူးပေါင်း၍ နိုင်ငံတော်အတွက် ရေဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်နိုင်ပါက နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက်သာမက ကမ္ဘာ့ကုလသမဂ္ဂ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး မျှော်မှန်းချက်များ (Sustainable Development Goals) ကို အကောင်အထည်ဖော်ဆောင်ရာတွင် အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်နှင့် ပြည်သူများ၏ ရေရှည်အကျိုးစီးပွားနှင့် အဖွဲ့၏လုပ်ငန်းတာဝန်များ အောင်မြင်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် တက်ညီလက်ညီကြိုးပမ်းဆောင်ရွက်ပေးရန် တိုက်တွန်းကြောင်း ပြောကြားသည်။

ထို့နောက် ရေအားအရင်းအမြစ် စူးစမ်းလေ့လာရေးအဖွဲ့၏ လုပ်ငန်းတာဝန်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု၊ အချက်အလက်များ စုဆောင်းထားရှိမှု၊ ဌာနအလိုက် လုပ်ငန်းဆောင်ရွက်မှုနှင့် အချက်အလက်များ ပေးပို့မှု၊ အချက်အလက် စုဆောင်းရရှိမှု အပေါ် သုံးသပ်တင်ပြချက်၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရေအားအရင်းအမြစ် စူးစမ်းလေ့လာရေးအဖွဲ့ အတွင်းရေးမှူး၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းလှိုင်က Power Point Presentation ဖြင့် ရှင်းလင်းတင်ပြသည်။

**ဝိုင်းဝန်းဆွေးနွေး**

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာသည့် ပြည်ထောင်စု ဝန်ကြီးများနှင့် တာဝန်ရှိသူများက ဝန်ကြီးဌာန၊ အဖွဲ့အစည်းအလိုက် ရေအားအရင်းအမြစ် စူးစမ်းလေ့လာရေးနှင့်ဆက်နွှယ်သည့် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့် ရေအားအရင်းအမြစ် စူးစမ်းလေ့လာရေးအဖွဲ့၏ လုပ်ငန်းတာဝန်များကို ပိုမိုထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရေးနှင့်ပတ်သက်၍ ဝိုင်းဝန်းဆွေးနွေးအကြံပြုကြသည်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီက ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ စစ်တောင်းမြစ်၊ သံလွင်မြစ်များ၏ မြစ်ဖျားမှစတင်ပြီး ပင်လယ်သို့ ရောက်သည့်အထိ ရေစီးနှုန်းတိုင်းတာရန်နှင့် ရေလမ်းကြောင်း အခြေအနေအပါအဝင် ရေအရင်းအမြစ်ပမာဏကို စူးစမ်းလေ့လာ ဆောင်ရွက်နိုင်ရေးအတွက် ရေအားအရင်းအမြစ် စူးစမ်းလေ့လာရေးအဖွဲ့ကို ၂၀၂၂ ခုနှစ် မတ် ၇ ရက်တွင် အမိန့်ကြော်ငြာစာ အမှတ် ၄၃/၂၀၂၂ ဖြင့် ဖွဲ့စည်းပေးခဲ့သည်။

ထိုကဲ့သို့ ဖွဲ့စည်းဆောင်ရွက်ခြင်းဖြင့် မြစ်ကြီးများနှင့်သက်ဆိုင်သည့် ရေဆိုင်ရာအချက်အလက်များကို တိုင်းတာတွက်ချက်ကာ စနစ်တကျ စုစည်းမှတ်တမ်းတင်ထားရှိနိုင်ပြီး ရေနှင့် ဆက်နွှယ်သည့်ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများအကြား အချက်အလက်များ မျှဝေသုံးစွဲမှု၊ မြစ်ကြီးများနှင့် ဆက်နွှယ်သည့် ရေဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများ၊ ရေနှင့် ဆက်နွှယ်သည့် သဘာဝဘေးအန္တရာယ်အတွက် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများနှင့် စီမံခန့်ခွဲမှုလုပ်ငန်းများ၊ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများကို ထိရောက်စွာ အထောက်အကူပြုနိုင်မည်ဖြစ်သည်။ **သတင်းစဉ်**

○ *ရှေ့ဖုံးမှ*

အာနန္ဒာဘုရားပွဲ၊ ငှက်ပစ်တောင်ဘုရား ပွဲ၊ တုရင်တောင် ဘုရားပွဲ၊ ကန်တော့ပလ္လင်ဘုရားပွဲများနှင့် မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် စလေမြို့ ရှင်ပင်စာကြိုလှ ဘုရားပွဲများတွင် ယွန်းပလို့ (ငါးဆင့်)ပါသော ဆွမ်းအုပ်ကြီးများဖြင့် ဆွမ်းတော်များ လောင်းလှူလျက်ရှိသေးကြောင်း သိရသည်။

ယွန်းလုပ်ငန်းသုံးပစ္စည်းများတွင် မပါမဖြစ် မြန်မာနိုင်ငံ အနှံ့အပြားမှ ထွက်ရှိသည့် မဲတင်းခါးဝါး၊ တင်းဝါး၊ နန်းထောင်ဝါး၊ မဲဇာဝါးများကိုသုံး၍ ယွန်းထည် အမျိုးမျိုး ပြုလုပ်ကြသော်လည်း မဲတင်းခါးဝါး တစ်မျိုးတည်းကိုသာ ယွန်းထည်ပြုလုပ်ရာတွင် စွဲစွဲမြဲမြဲ အသုံးပြုကြကြောင်း သိရသည်။

ယွန်းထည် ပြုလုပ်ရခြင်း အဆင့်ဆင့်တွင် အချောခံခြင်း၊ စဥ့်ဖတ်တင်ခြင်း၊ နီးခေါင်းထိုးခြင်း၊ နီးစိတ်ခြင်း၊ ကြောင်လိမ်ထည်လုပ်ခြင်း၊ ပွတည်ခြင်း၊ မြေခံခြင်း၊ အဖြူခွေခြင်း၊ နီးဖြာခြင်း၊ ပုတ်ထည်၊ ယွန်းထပ်ခြင်း၊ သာရိုးချောခြင်း၊ ခဲကောက်ခြစ်ခြင်း၊ နီးသတ်ခြင်း၊ ရက်ထည်တို့ကို အဆင့်ဆင့်ပြုလုပ်ရကြောင်း၊ ယွန်းထည်ပစ္စည်းများ သုတ်ရန် သစ်စေး ၁၀ ပိဿာ ပုံးတစ်ပုံး ငွေကျပ် ငါးသိန်း ပေးဝယ်ရကြောင်း သိရသည်။



ယွန်းထည်လုပ်ငန်းလုပ်ကိုင်ကြသည့် ယွန်းလုပ်သားတစ်ဦး တစ်ရက်လျှင် ငွေကျပ် ၁၀၀၀၀ နှင့် ယွန်းကျွမ်းကျင်လုပ်သား တစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀ ရရှိကြကြောင်း၊ ယွန်းထည်များ ပြုလုပ်ပြီးသော်လည်း တစ်နှစ်ကျော်ကြာမှ ရောင်းချရကြောင်း၊ ယွန်းထည်များ ပြုလုပ်ပြီး မြေအောက်ခန်းအတွင်း အလုံပိတ်ထားကာ နောက်ဆုံးအဆင့် ရောင်းချရသည့်အချိန် တစ်နှစ်ကျော်မှ ရောင်းချရကြောင်း ယွန်းလုပ်ငန်းရှင်များက ပြောသည်။

**ဒီပါလင်း**

## ယခုရက်ပိုင်း CNG အရောင်းဆိုင်များတွင် ကားတန်းစီစောင့်ဆိုင်းရမှု အလွန်နည်းပါးသွား

**ရန်ကုန် ဇန်နဝါရီ ၁၉**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ (CNG) အရောင်းဆိုင်များတွင် ဓာတ်ငွေ့လာရောက်ဖြည့်တင်းသော မော်တော်ယာဉ်များအနေဖြင့် ယခုရက်ပိုင်းအတွင်း တန်းစီစောင့်ဆိုင်းရမှု အလွန်နည်းပါးသွားပြီဖြစ်ကြောင်း မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့ဌာနမှ အထွေထွေမန်နေဂျာ ဦးကျော်သူရဝင်းက ပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ဖွင့်လှစ်ထားသော CNG ၄၁ ဆိုင်ရှိပြီး နံနက်ပိုင်း ၅နာရီကစ၍ ညပိုင်း ၁၀ နာရီအထိ YBS ယာဉ်များ၊ Taxi ယာဉ်များနှင့်အခြားသော မော်တော်ယာဉ်များကို လိုသလောက် ဖြန့်ဖြူးရောင်းချပေးနေကြောင်း ၎င်းက ပြောကြားသည်။

“YBS ယာဉ်တွေ ၊Taxi တွေ၊ ကျန်တဲ့ အခြားယာဉ်တွေကိုရော သူတို့လိုသလောက် အလုံအလောက် ဖြန့်ဖြူးပေးနေပါတယ်။ ဒါကြောင့် CNG အရောင်းဆိုင်များတွင် ကားတန်းစီမှုတွေက ဒီရက်ပိုင်းတွေမှာဆိုရင် ဘာမှကို မရှိသလောက်ပါပဲ ” ဟု ဦးကျော်သူရဝင်းက ပြောကြားသည်။

လက်ရှိကာလ၌ YBSများ ၊Taxiများ ၊ Mini Bus များ၊ အခြားသောမော်တော်ယာဉ်များ အပါအဝင် တစ်ရက်လျှင် CNG သုံး မော်တော်ယာဉ်အစီးရေ သုံးသောင်းဝန်းကျင်ကို နေ့စဉ်ပုံမှန် CNG ဖြည့်ပေးလျက်ရှိကြောင်း သိရသည်။

“လျှပ်စစ်မီးကတော့ လက်ရှိအနေအထားမှာလည်း CNG အချို့ဆိုင်တွေ အချိန်ပိုင်းတွေနဲ့ရနေသေးတာပေ့ါနော်။ အချို့ဆိုင်တွေမှာတော့ တောက်လျှောက်ရတဲ့အပိုင်းတွေရှိတယ်။ ဒါပေမယ့် မီးပျက်တဲ့အချိန်မှာလည်း ကျွန်တော်တို့ဆီမှာရှိတဲ့ CNG အရောင်းဆိုင်တွေမှာ Gas Generator တွေရှိတဲ့အတွက် မီးပျက်ရင်လည်း Gas Generator တွေနဲ့ နှိုးပြီး ရောင်းချပေးပါတယ်” ဟု ဆိုသည်။

လိုအပ်ချက်အပေါ် မူတည်ကာ အချို့ဆိုင်များတွင် အချိန်တိုးမြှင့် ရောင်းချမှုများ ရှိကြောင်းလည်း သိရသည်။ **MT**

# (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ၏ လုပ်ငန်းသုံးသပ်အစည်းအဝေးနှင့် အခမ်းအနားမှူးသင်တန်းဆင်းပွဲအခမ်းအနားကျင်းပ



**နေပြည်တော် ဇန်နဝါရီ ၁၉**

၂၀၂၃ ခုနှစ်တွင် ကျင်းပခဲ့သည့် (၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ၏ လုပ်ငန်းသုံးသပ်အစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီက နေပြည်တော်ရှိ သာသနာရေးနှင့်ယဉ်ကျေးမှု ဝန်ကြီးဌာန ယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပရာ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ သာသနာရေး နှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါ်နုမြဖံ၊ လုပ်ငန်းကော်မတီဝင်များ၊ ဆပ်ကော်မတီများမှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးများနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အမှာစကား ပြောကြားပြီး ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ အတွင်းရေးမှူး၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဒေါ်နုမြဖံက ပြိုင်ပွဲကျင်းပပြီးစီးမှုနှင့်ပတ်သက် ၍ ရှင်းလင်းတင်ပြသည်။ ယင်းနောက် အစည်းအဝေး သို့ တက်ရောက်လာကြသော ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဝင်နှင့် လုပ်ငန်းကော်မတီဝင်များဖြစ် ကြသည့် ဌာနဆိုင်ရာဒုတိယဝန်ကြီးနှင့် နေပြည်တော် ကောင်စီအဖွဲ့ဝင်တို့က ဆွေးနွေးခဲ့ကြပြီး ဆပ်ကော် မတီများမှ တာဝန်ရှိသူများက ကျင်းပပြီးစီးခဲ့သည့် (၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး၏ အားသာချက်၊ အားနည်းချက်၊ အကြံပြုချက်များကို ရှင်းလင်း တင်ပြကြသည်။

ထို့နောက် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးတင်ပြချက်များကို ပြန်လည်ညှိနှိုင်းဆွေးနွေးခဲ့ပြီး လာမည့် (၂၅)ကြိမ် မြောက် ငွေရတုအထိမ်းအမှတ် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးတွင် "ချင်းတိုင်းရင်းသားများ၏ ရိုးရာအက" ကို ယှဉ်ပြိုင်ကြရမည်ဖြစ်သည့်အပြင် တိုင်းရင်းသားများအားလုံး၏ ရိုးရာတူရိယာများကို စုပေါင်းတီးခတ် သရုပ်ပြတင်ဆက်ခြင်းအစီအစဉ်ကို စည်းလုံးညီညွတ်စွာ ဆောင်ရွက်သွားကြရမည်ဖြစ် ကြောင်း၊ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဦးစီးကော်မတီ၊ လုပ်ငန်း ကော်မတီ၊ ဆပ်ကော်မတီများအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် ချိတ်ဆက်ဆောင် ရွက်သွားကြရန် မှာကြားသည်။

ညနေပိုင်းတွင် အခမ်းအနားမှူးသင်တန်းဆင်းပွဲ အခမ်းအနားကို သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီး ဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ သာသနာရေး နှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ အမြဲတမ်းအတွင်းဝန် ညွှန်ကြား ရေးမှူးချုပ်၊ အရာထမ်း/ အမှုထမ်းများ၊ သင်တန်း နည်းပြဆရာများနှင့် သင်တန်းသားများ တက်ရောက် ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်း နည်းပြဆရာ ငါးဦးကို လက်ဆောင်ပစ္စည်းများ ပေးအပ်၍ အမြဲတမ်းအတွင်းဝန်က သင်တန်းသား များကိုယ်စား သင်တန်းသား တစ်ဦးကို သင်တန်း ဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ရာ သင်တန်းသား များကိုယ်စား သင်တန်းသား တစ်ဦးက ကျေးဇူးတင် စကားပြောကြားသည်။

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အခမ်း အနားမှူးသင်တန်းကို ဇန်နဝါရီ ၈ ရက်မှ ၁၉ ရက် အထိ ရက်သတ္တ နှစ်ပတ်အကြာ ဖွင့်လှစ်ခဲ့ပြီး သင်တန်း သား ၂၆ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် မြန်မာနိုင်ငံဆိုင်ရာ အီဂျစ်အာရပ်သမ္မတနိုင်ငံ သံအမတ်ကြီးကို လက်ခံတွေ့ဆုံ



**နေပြည်တော် ဇန်နဝါရီ ၁၉**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်သည် မြန်မာနိုင်ငံဆိုင်ရာ အီဂျစ်အာရပ် သမ္မတနိုင်ငံ သံအမတ်ကြီး HE. Mrs. Aya Saad Mohamed Abdelkarim ကို ယနေ့မွန်းတည့် ၁၂ နာရီတွင်နေပြည်တော်ရှိဆောက်လုပ်ရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ - အီဂျစ်နှစ်နိုင်ငံ ချစ်ကြည် ရင်းနှီးမှု ပိုမိုခိုင်မြဲစေရေးနှင့်ပြည်သူများ၏ လူမှုစီးပွား ဘဝ ပိုမိုကောင်းမွန်လာစေရေးတို့အတွက် အကောင် အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ၊ လမ်း၊ တံတား၊ မြို့ပြနှင့်အိမ်ရာကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေ ရေး၊ အခြေခံအဆောက်အအုံဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု ကိစ္စရပ်များတွင် ပါဝင်ဆောင်ရွက်နိုင်ရေးကိစ္စရပ်များ နှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ဝန်ကြီးဌာနမှတာဝန်ရှိသူများနှင့် မြန်မာနိုင်ငံဆိုင်ရာ အီဂျစ်သံရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## စားသုံးသူ တိုးပွားလာမှုနှင့်အတူ ပဲတီစိမ်းမှာ ပြည်ပဈေးကွက်တွင် ဝယ်လိုအား ကောင်းနေ

**ရန်ကုန် ဇန်နဝါရီ ၁၉**

စားသုံးသူ တိုးပွားလာမှုနှင့် အတူ ပဲတီစိမ်းမှာ ပြည်ပဈေးကွက်တွင် ဝယ်လိုအား ကောင်းနေကြောင်း GLC Myanmar ကုမ္ပဏီမှ တာဝန် ရှိသူတစ်ဦးက ဆိုသည်။

"တောင်သူတွေက မတ်ပဲ ပြောင်းစိုက်ကြတော့ ပဲတီစိမ်းစိုက် ဧက နည်းလာတယ်။ နည်းတဲ့ အချိန် တရုတ်ရော၊ ဂျပန်ရော၊ အခြား အနောက်နိုင်ငံတွေကပါ ဝယ်တာရှိတော့ ပဲတီစိမ်းဈေး ကွက်က တောက်လျှောက် အတက် ပြသွားတာပေါ့။ ပဲတီစိမ်းက အခု အသစ်ထွက်လာတယ် ဆိုရင် ကျွန်တော်အောက်မှာ ရှစ်သောင်း ပေါ့။ တချို့ကတော ခုနစ်သောင်း၊ ရှစ်သောင်း၊ ကိုးသောင်းရှစ်ထောင် လောက် ဝယ်နေကြတာပေါ့။



ပြည်ပဝယ်လိုအားလည်း တက် တာပေါ့" ဟု အထက်ပါ တာဝန် ရှိသူက ဆိုသည်။

ပဲတီစိမ်းဈေးကွက်တွင် ကမ္ဘာ့ စားသုံးသူဦးရေ ကြီးထွားလာမှုနှင့် အတူ ၂၀၂၂ ခုနှစ်ကစ၍ နှစ်စဉ် လိုအပ်ချက် မြင့်တက်လာနေပြီး ဈေးနှုန်းလည်း ယခင်ထက် ပိုမို ကောင်းမွန်လာမည့် အခြေအနေရှိ နေကြောင်း ၎င်း၏ပြောကြားချက် အရ သိရသည်။

"ပဲတီစိမ်း အထွက်များတဲ့ နိုင်ငံတွေမှာ မြန်မာနိုင်ငံပါနေတာ ပေါ့။ ဒီ၂၀၂၄ အတွင်းမှာတော့ ပဲတီစိမ်းဈေးတက်မယ်လို့ မှန်း တယ်။ စိုက်ဧက နည်းသွားတာ လည်း ပါတာပေါ့" ဟု ၎င်းက ဆိုသည်။

ပြီးခဲ့သည့် ၂၀၂၃ ခုနှစ် ဇွန်လ မှစတင်ကာ နိုဝင်ဘာလအထိ ပဲတီစိမ်းဈေးကွက် အေးနေခဲ့ပြီး ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီ တိုင်းဒေသကြီးဘက်မှ တောင်သူ များသည် ပဲတီစိမ်းစိုက်ပျိုးမှု နည်းပါးခဲ့ကာ အိန္ဒိယနိုင်ငံဘက် က အဝယ်လိုက်နေသော မတ်ပဲ ကိုပိုမိုစိုက်ပျိုးခဲ့ကြကြောင်းလည်း သိရသည်။ **သစ်တော်**

❖ *ရှေ့ဖုံးမှ*

ပွင့်ဖြူမြို့နယ်၌ ၂၀၂၃ -၂၀၂၄ ခုနှစ် မိုးသီးနှံ စိုက်ပျိုးရာသီတွင် ဆန်စပါး စိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဒေသတွင်း စားနပ်ရိက္ခာ ဖူလုံစေရန် ရည်ရွယ်၍ ဒေသခံတောင်သူများက မဲဇလီရေလွှဲဆည်ရေကို အမှီပြုပြီး တစ်မြို့နယ်လုံး မိုးစပါးသီးနှံစိုက်ဧက ၆၉၉၄၄ ဧက စိုက်ပျိုးနိုင်ခဲ့ ကြောင်း၊ ဒေသခံတောင်သူများ အဓိကစိုက်ပျိုးသည့် စပါးသီးနှံများမှာ ဧရာမင်း၊ ရတနာတိုး၊ ပေါ်ဆန်းရင်၊ ချမ်းမြေ့မေ၊ ဆင်းသုခ၊ မနောသုခ၊ ပခန်းရွှေဝါ၊ သီးထပ် ရင်၊ ဧရာပဒေသာ စသည့်စပါးမျိုးများကို စီးပွားဖြစ် စိုက်ပျိုးကြကြောင်း သိရသည်။

အဆိုပါ မိုးစပါးစိုက်ခင်းများမှာ ရိတ်သိမ်းခြွေလှေ့ ချိန် ရောက်ရှိလာပြီဖြစ်၍ ဒေသခံတောင်သူများက ဆောင်းသီးနှံ အချိန်မီပြန်လည်စိုက်ပျိုးလုပ်ကိုင်နိုင် ရန်အတွက် နိုဝင်ဘာလဆန်းပိုင်းမှ စတင်ပြီး ရိတ်သိမ်းခြွေလှေ့ခဲ့ရာ ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်တွင် မိုးစပါးစိုက်ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းခြွေလှေ့ပြီးစီးခဲ့ကြောင်း သိရသည်။

**လှိုင်ဝင်းလေး (ပွင့်ဖြူမြေ)**

## သမဝါယမစာရင်းရေး၊ စာရင်းကိုင်သက်မွေးပညာသင်တန်းကျောင်း(တောင်ကြီး)တွင် ဒုတိယနှစ်သင်တန်းသား သင်တန်းသူများနှင့် လုပ်ငန်းရှင်များ တွေ့ဆုံပွဲ ကျင်းပ

**တောင်ကြီး ဇန်နဝါရီ ၁၉**

ရှမ်းပြည်နယ် သမဝါယမစာရင်း ရေး၊ စာရင်းကိုင်သက်မွေးပညာ သင်တန်းကျောင်း (တောင်ကြီး) တွင် ဒုတိယနှစ် သင်တန်းသား သင်တန်းသူများနှင့် လုပ်ငန်းရှင် များ တွေ့ဆုံပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက အဆိုပါ သင်တန်းကျောင်းရှိ မြတ်ဘုန်း ရောင် ခန်းမဆောင်၌ ကျင်းပ သည်။



တွေ့ဆုံပွဲသို့ ပြည်နယ်သမ ဝါယမဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးကျော်မိုးတင့် တက်ရောက် အမှာစကားပြောကြားပြီး တက် ရောက်လာကြသော လုပ်ငန်းရှင် များနှင့် ကုမ္ပဏီများက လုပ်ငန်း ဆိုင်ရာကိစ္စရပ်များ ရှင်းလင်း ပြောကြားကာ သင်တန်းသား သင်တန်းသူများက ကြိုက်နှစ်သက် ရာကုမ္ပဏီများသို့ အလုပ်လျှောက် လွှာတင်ခြင်းများကို ဆောင်ရွက် ခဲ့သည်။ **သတင်းစဉ်**

## အများအားဖြင့် သာယာမည်

**နေပြည်တော် ဇန်နဝါရီ ၁၉**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအား ဖြင့် သာယာမည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့် အတင့်ဖြစ်ထွန်းမည်။

**မိုး/ဇလ**

# Naypyitaw State Academy ၂၀၂၃ - ၂၀၂၄ ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲအခမ်းအနားကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၉**

Naypyitaw State Academy ၏ ၂၀၂၃ - ၂၀၂၄ ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် အဆိုပါတက္ကသိုလ်ရှိ ဘက်စုံသုံးခန်းမ၌ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ ဒုတိယဝန်ကြီး ဒေါက်တာ ဇော်မြင့်နှင့် ဒေါက်တာ မိုးဇော်ထွန်း၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ Naypyitaw State Academy ၏ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ (ဌာနမှူး)များ၊ ဆရာဆရာမများ၊ မောင်မယ်သစ်လွင်ကျောင်းသားကျောင်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တက္ကသိုလ်ကျောင်းသားကျောင်းသူများက Naypyitaw State Academy သီချင်းဖြင့် အခမ်းအနားကို ဖွင့်လှစ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် Naypyitaw State Academy ၏ ပထမနှစ် သင်တန်းများသို့ ဝင်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများအားလုံးကို ပညာရေးဝန်ကြီးဌာနအနေဖြင့်ရော Naypyitaw State Academy အနေဖြင့်ပါ လှိုက်လှဲနွေးထွေးစွာ ကြိုဆိုပါသည်ဟု ဦးစွာပြောကြားလိုပါကြောင်း။




Naypyitaw State Academy ကို မြန်မာနိုင်ငံ၏ မြို့တော် နေပြည်တော်တွင် စဉ်းစားတွေးခေါ်ဖန်တီးမှုကိုအားပေးသော၊ အရည်အသွေးပြည့်ဝသည့် သင်ကြားသင်ယူလေ့ကျင့်မှုများမှတစ်ဆင့် အသုံးချသုတေသနနှင့် တီထွင်ဆန်းသစ်မှုကို အားပေးသည့် အဆင့်မြင့်ပညာရပ်များကို သင်ယူရာ တက္ကသိုလ်တစ်ခုကို တည်ထောင်ဖွင့်လှစ်ရန် ဟူသော ရည်ရွယ်ချက်ဖြင့် ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၉ ရက်တွင် တည်ထောင်ဖွင့်လှစ်ခဲ့ပါကြောင်း။

Naypyitaw State Academy ကို ထိပ်တန်းတက္ကသိုလ် တစ်ခုအဖြစ် ဖော်ဆောင်ရာတွင် Comprehensive University အနေဖြင့် ရည်မှန်းထားခြင်းဖြစ်သည့်အတွက် ဝိဇ္ဇာပညာမဟာဌာန၊ သိပ္ပံပညာမဟာဌာန၊ ဥပဒေပညာမဟာဌာန၊ စီးပွားရေးပညာမဟာဌာန၊ ဆေးသိပ္ပံပညာမဟာဌာန၊ အားကစားပညာမဟာဌာန၊ လူမှုရေးပညာမဟာဌာနဟူ၍ မဟာဌာနကြီး ခုနစ်ခုဖြင့် ဖွဲ့စည်းတည်ထောင်ဖွင့်လှစ်ရန် စီစဉ်ထားပါကြောင်း၊ ယခုပညာသင်နှစ်တွင် ဝိဇ္ဇာပညာမဟာဌာန၊ သိပ္ပံပညာမဟာဌာန၊ စီးပွားရေးပညာမဟာဌာန၊ ဥပဒေပညာမဟာဌာန၊ ဆေးပညာ မဟာဌာနဟူ၍ မဟာဌာနငါးခုကို ဖွင့်လှစ်ထားပြီး ပထမနှစ်၊ တတိယနှစ်၊ စတုတ္ထနှစ်၊ ဂုဏ်ထူးတန်းပထမနှစ်၊ ဂုဏ်ထူးတန်းဒုတိယနှစ် သင်တန်းများတွင် ကျောင်းသား ကျောင်းသူများကို လက်ခံသင်ကြားပေးလျက် ရှိပါကြောင်း။

လာမည့် ပညာသင်နှစ်တွင် အားကစားပညာမဟာဌာနနှင့် လူမှုရေးပညာမဟာဌာနများကို တိုးချဲ့ဖွင့်လှစ်ပြီး အားကစားပညာနှင့်လူမှုရေးပညာအထူးပြုဘာသာရပ်များကို ထပ်မံဖွင့်လှစ်သင်ကြားပေးရန် စီစဉ်ထားရှိပါကြောင်း၊ ထို့ပြင် မကြာမီအချိန်ကာလအတွင်း ဒီပလိုမာဘွဲ့သင်တန်း၊ မဟာဘွဲ့သင်တန်း၊ ပါရဂူဘွဲ့သင်တန်းများကိုလည်း တိုးချဲ့ဖွင့်လှစ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ လာမည့်ပညာသင်နှစ်တွင် ပထမနှစ်သင်တန်းမှ မဟာဘွဲ့သင်တန်း၊ ပါရဂူဘွဲ့သင်တန်းများအထိ အတန်းစုံအောင် ဖွင့်လှစ်သင်ကြားနိုင်မည်ဖြစ်ပါကြောင်း၊ မောင်တို့မယ်တို့သည် ကျောင်း၏ဂုဏ်ကိုဆောင်သည့်၊ ဘာသာရပ်၏ဂုဏ်ကိုဆောင်သည့်၊ စည်းကမ်းလိုက်နာပြီး ထူးချွန်ထက်မြက်အောင်မြင်သည့် ကျောင်းသား ကျောင်းသူများ ဖြစ်လာကြစေလိုပါကြောင်းနှင့် နိုင်ငံနှင့်လူ့ဘောင်လောကအကျိုးကို သယ်ပိုးထမ်းရွက်နိုင်သည့် ပညာရှင်များ ဖြစ်လာကြပါစေကြောင်း ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် Naypyitaw State Academy ကျောင်းသားကျောင်းသူများက "မင်းနေပြည်" သီချင်းဖြင့် သီဆိုဖျော်ဖြေကြပြီး မောင်မယ်သစ်လွင်ကျောင်းသားကျောင်းသူများကို ဘာသာရပ်ဆိုင်ရာ ပါမောက္ခ(ဌာနမှူး)များနှင့် မိတ်ဆက်ပေးပြီး အခမ်းအနားကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ပူတာအိုမြို့ ရဝမ်အမျိုးသားဥယျာဉ်၌ ဝါးအခြေခံလက်မှုထည်ထုတ်လုပ်မှု သင်တန်းဖွင့်

**ပူတာအို ဇန်နဝါရီ ၁၉**

ကချင်ပြည်နယ် ပူတာအိုမြို့၌ ဝါးအခြေခံလက်မှုထည်ထုတ်လုပ်မှု နည်းပညာသင်တန်းကို ဇန်နဝါရီ ၁၇ ရက်က ပူတာအိုမြို့ ဒုတ္တန်ရပ်ကွက်ရှိ ရဝမ်အမျိုးသားဥယျာဉ် ခရန်ခူးခန်းမ၌ ဖွင့်လှစ်ပေးသည်။



သင်တန်းတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးခေါင်လန်ဒီးက အမှာစကားပြောကြားပြီး ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှူး ဦးဇေယျာဖြိုးက သင်တန်းဖွင့်လှစ်သည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ပူတာအိုမြို့နယ် ရဝမ်စာပေနှင့်ယဉ်ကျေးမှုအသင်းဥက္ကဋ္ဌ ဦးမဖန်းဆင်ဆုန်းက သင်တန်းတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက သင်တန်းတွင် အသုံးပြုမည့် သင်ထောက်ကူပစ္စည်းများကို ထောက်ပံ့ပေးအပ်သည်။ ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် ခရိုင်/မြို့နယ်ဌာနဆိုင်ရာများက သင်တန်းသုံး ကုန်ကြမ်းပစ္စည်းများနှင့် သင်ထောက်ကူပစ္စည်းများ ခင်းကျင်းပြသထားရှိမှုများကို ကြည့်ရှုအားပေးခဲ့သည်။ (ဝဲပုံ) သင်တန်းသို့ ပူတာအိုမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာများမှ သင်တန်းသား သင်တန်းသူ ၂၀ တက်ရောက်ကြောင်း သိရသည်။

**ဖုန်ကန်(ပူတာအို)**

## မင်္ဂလာဒုံမြို့နယ်၌ သင်ထောက်ကူပြုမော်တော်ယာဉ်ဖြင့် လုပ်ငန်းခွင်ဘေးအန္တရာယ်နှင့် ကျန်းမာရေးဆိုင်ရာအသိပညာပေးဆွေးနွေး

**ရန်ကုန် ဇန်နဝါရီ ၁၉**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် မင်္ဂလာဒုံဥယျာဉ် စက်မှုဇုံရှိ Honey Garment Industry Limited-2 အထည်ချုပ်စက်ရုံနှင့် EMC Manufacturing Limited အိတ်ချုပ်စက်ရုံတို့တွင် အလုပ်သမားဝန်ကြီးဌာန ခရိုင်အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနမှ သင်ထောက်ကူပြုမော်တော်ယာဉ်ဖြင့် လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များနှင့် သက်ဆိုင်သည့်အသိပညာပေးဆွေးနွေးပွဲကို ယမန်နေ့ နံနက် ၉ နာရီခွဲ မှစ၍ ဆောင်ရွက်သည်။

အဆိုပါ အသိပညာပေးဆွေးနွေးပွဲတွင် ခရိုင်အလုပ်ရုံနှင့် အလုပ်သမား ဥပဒေစစ်ဆေးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဟေမာန်အိနှင့် ဦးစီးအရာရှိ ဦးမြတ်ထွဋ်ဦးတို့က အလုပ်သမားဥပဒေပါ ရပိုင်ခွင့်များ၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များကို အကျယ်တဝင့် ရှင်းလင်းဆွေးနွေးဟောပြောခဲ့သည်။



အသိပညာပေး ဆွေးနွေးမှုများ ပြုလုပ်ခြင်းဖြင့် အလုပ်ရှင်၊ အလုပ်သမားများအနေဖြင့် အလုပ်သမား ဥပဒေများကို သိရှိလာပြီး အလုပ်ရှင်၊ အလုပ်သမားများ၏ လုပ်ငန်းခွင် ဆက်ဆံရေး ကောင်းမွန် အေးချမ်းသာယာ၍ ကုန်ထုတ်လုပ်မှုတိုးတက်ကာ နိုင်ငံ၏စီးပွားရေးကဏ္ဍများကို များစွာ အထောက်အကူပြုနိုင်မည် ဖြစ်ကြောင်းခရိုင်အလုပ်ရုံနှင့်အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာနမှ သိရသည်။

**မြို့နယ် (ပြန်/ဆက်)**



## ပြင်ဦးလွင်မြို့ အ.မ.က (၉)၌ ကျောင်းသား ကျောင်းသူများအား နွားနို့တိုက်ကျွေး

**ပြင်ဦးလွင် ဇန်နဝါရီ ၁၉**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်တွင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ပြင်ဦးလွင်ခရိုင်ဦးစီးမှူး ဒေါက်တာမြင့်အေးနှင့် မြို့နယ်ဦးစီးမှူး ဒေါက်တာဒေါ်နန်းတို့ဦးဆောင်သောအဖွဲ့သည် ဇန်နဝါရီ ၁၇ ရက်က ပြင်ဦးလွင်မြို့ အ.မ.က (၉)ကျောင်း၌ School Milk Program အနေဖြင့် ကျောင်းသား ကျောင်းသူ ၃၂၄ ဦးအား နွားနို့တိုက်ကျွေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ School Milk Program ဖြင့် နွားနို့တိုက်ကျွေးခြင်းသည် နိုင်ငံတော်အတွက် အသားကဏ္ဍထုတ်လုပ်မှု အစိတ်အပိုင်းတစ်ရပ်ဖြစ်သော နို့ထုတ်လုပ်မှုတိုးတက်လာသည်နှင့် နွားနို့သောက်သုံးမှုပိုမိုလာခြင်းဖြင့် အာဟာရဖြည့်အစားအစာများ စားသုံးခြင်းကြောင့် ကျန်းမာကြံ့ခိုင်ဉာဏ်ရည်မြင့်မားသော မျိုးဆက်သစ်လူငယ်များ၊ ကျောင်းသားကျောင်းသူများ ပေါ်ထွန်းရေးကို မျှော်မှန်း၍ ပြုလုပ်ခြင်းဖြစ်ပါကြောင်း သိရသည်။

**ဖြူလူသစ်(ပြန်/ဆက်)**

## တိမ်အသင့်အတင့် ဖြစ်ထွန်းနေ

**နေပြည်တော် ဇန်နဝါရီ ၁၉**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**





# ကရင်ပြည်နယ်အတွင်းရှိ ဘုရားစေတီများမှ ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင်များ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို

**နေပြည်တော် ဇန်နဝါရီ ၁၉**

ကရင်ပြည်နယ် မြို့နယ်များအတွင်းရှိ ဘုရားစေတီများမှ ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင် ၄၃ ဦး၊ အုပ်ချုပ်သူ ငါးဦး စုစုပေါင်း ၄၈ ဦးတို့သည် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်တွင် တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော် အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ကြည်ညိုကြသည်။

ဦးစွာ ရှင်းလင်းဆောင်၌ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဂေါပကအဖွဲ့နှင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ကျွမ်းကျင်ပညာရှင်များက မာရဝိဇယဘုရားကြီး တည်ထားကိုးကွယ်ပူဇော်ရခြင်း ရည်ရွယ်ချက်၊ ရုပ်ပွားတော်မြတ်ကြီးအား လုပ်ငန်းစဉ်အဆင့်ဆင့်ဖြင့် အောင်မြင်စွာ တည်ထားပူဇော်နိုင်ခဲ့မှု၊ လက်ရှိထိန်းသိမ်းဆောင်ရွက်နေမှု၊ ခေတ်မီစက်ကိရိယာများ အသုံးပြု၍ ကျောက်စာရုံစေတီတော်များ တည်ထားဆောင်ရွက်ခဲ့မှုနှင့် သာသနာရေးဆိုင်ရာ အခမ်းအနားကြီးများ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့မှုအခြေအနေတို့ကို ရှင်းလင်းပြောကြားကြပြီး မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာ တည်ထားပူဇော်နိုင်ရန် အဆင့်ဆင့်ဆောင်ရွက်ခဲ့မှု ဗီဒီယိုမှတ်တမ်းကို ပြသသည်။

ထို့နောက် ဘုရားဖူးလာ ဂေါပကအဖွဲ့ဝင်များက ယခုကဲ့သို့ ရုပ်ပွားတော်မြတ်ကြီးအား အဆင်ပြေချောမွေ့စွာ လာရောက်ဖူးမြော်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးမှုများနှင့် ရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခဲ့မှု လုပ်ငန်းစဉ်အဆင့်ဆင့်ကို အသေးစိတ်ရှင်းလင်းပြောကြားပေးမှုများအပေါ် ကျေးဇူးတင်စကားများ ပြောကြားကြသည်။ ယင်းနောက် ဘုရားဖူးလာဂေါပကအဖွဲ့ဝင်များက ရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာ တည်ထားပူဇော်နိုင်ခဲ့မှု အခြေအနေနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက အသေးစိတ် ပြန်လည်ရှင်းလင်းဖြေကြားသည်။

ယင်းနောက် ဂေါပကအဖွဲ့ဝင်များသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။**(အပေါ်ဝဲပုံ)** ဆက်လက်၍ ဘုရားဖူးလာဂေါပကအဖွဲ့ဝင်များသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ဘုရားရင်ပြင်တော်ပတ်လည်၌ စကျင်ကျောက်များ အသုံးပြု၍ တည်ဆောက်ထားသည့် ဂန္ဓကုဋိ၊ မော်ကွန်းတိုက်၌ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဥယျာဉ်တော်ပုံစံငယ် ပြသထားမှု၊ မှတ်တမ်းဓာတ်ပုံများ၊ အဂ္ဂါမိပတိ သာသနဝံ့ဗိမာန်တော်ကြီး၊ ကျောက်စာရုံစေတီတော်များနှင့် အခြားသာသနိက အဆောက်အအုံများကို ဖူးမြော်လေ့လာကြည်ညိုခဲ့ကြသည်။**(အပေါ်ယာပုံ)**

ထို့အတူ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူ ဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်ကြည်ညိုလျက်ရှိသည်။

ယနေ့တွင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ခဲ့ကြသည့် ဂေါပကအဖွဲ့ဝင်များ၏ ရင်တွင်းစကားသံများကို ယခုလို ကြားသိခဲ့ရသည် -

**ဦးအောင်သူဝင်း(ဒုတိယညွှန်ကြားရေးမှူး ကရင်ပြည်နယ်သာသနာရေး)**

မာရဝိဇယဘုရားကြီးကို လာရောက်ဖူးမြော်ဖို့အတွက် ကရင်ပြည်နယ်မှ ဂေါပကအဖွဲ့တွေကို စုစည်းပြီး စုစုပေါင်း ၄၈ ဦး လာရောက်ခဲ့တာပါ။ အခုလို လာရောက်ရတာကတော့ အမျိုးသားရေးစိတ်ဓာတ် ပိုမိုနိုးကြားတက်ကြွစေရန်၊ လက်မှုလက်ရာတွေဖြစ်တဲ့ မြန်မာယဉ်ကျေးမှု လက်ရာတွေကို လေ့လာနိုင်စေဖို့ရည်ရွယ်ပြီး လာရောက်ခဲ့တာပါ။ ကျွန်တော့်အနေနဲ့ ပထမဆုံးလာရောက်ဖူးမြော်ရတာပါ။ အချိန်တိုအတွင်းမှာ စကျင်ကျောက်တုံးကြီးကို ကမ္ဘာ့အကြီးဆုံး၊ ဉာဏ်တော်အမြင့်ဆုံး ရုပ်ပွားတော်ကြီးကို ခေတ်မီနည်းပညာတွေနဲ့ ရှေးမူမပျက် ထုဆစ်ပုံဖော်ထားတာတွေ့ရတော့ သာသနာအတွက် ဂုဏ်ယူမိတဲ့အပြင် ဆောင်ရွက်လုပ်ဆောင်နိုင်အောင် လမ်းညွှန်စီစဉ်ဆောင်ရွက်ပေးသူတွေအားလုံးကိုလည်း လေးစားမိပါတယ်။ အခုလို ခရီးစဉ်ကို မကြာခဏဆိုသလို စီစဉ်ဆောင်ရွက်ပေးနိုင်ရင် ကောင်းပါတယ်။ အခုဆိုရင် ဂေါပကတွေက အကုန်နီးပါး အသက် ၇၀ကျော်တွေက များပါတယ်။ ဒီကို ရောက်ရှိဖို့ဆိုတာကလည်း တစ်ခါမှ မစဉ်းစားမိခဲ့ပါဘူး။ အားလုံးက ကြည်နူးဝမ်းသာမိကြပါတယ်။ စီစဉ်ဆောင်ရွက်ပေးသူတွေကိုလည်း သူတို့ကိုယ်စား အများကြီးကျေးဇူးတင်ကြောင်း ပြောလိုပါတယ်။

**ဦးရဲထွန်း(ရွှေမြင်းဝန်စေတီ ဂေါပကအတွင်းရေးမှူး)**

မာရဝိဇယဘုရားကြီးကို လာရောက်ဖူးမြော်ချင်နေတာကြာပါပြီ။ တီဗွီမှာတော့ တွေ့မြင်ခဲ့ရပါတယ်။ ကိုယ်တိုင်ရောက်ရှိတော့မှပဲ ဒီလောက်ထိအောင် အမျိုးဘာသာ သာသနာအတွက် ကြီးကျယ်ခမ်းနားစွာ တည်ဆောက်ထားတာတွေ့ရတော့ ဝမ်းသာပီတိဖြစ်ရပါတယ်။ ဒီနေရာကိုရောက်ရှိဖို့အတွက် ဆောင်ရွက်ပေးတဲ့ မြဝတီမြို့နယ် အကြီးအကဲတွေနဲ့ ပြည်နယ်အစိုးရအဖွဲ့ကိုလည်း အထူးကျေးဇူးတင်ပါတယ်။ အခုလက်တွေ့ကတော့ တီဗွီမှာကြည့်ရတာထက် အဆပေါင်းများစွာ တည်ဆောက်မှု၊ ခမ်းနားမှု၊ တင့်တယ်မှု၊ အနုပညာလက်ရာကောင်းမှုတွေကို မျက်ဝါးထင်ထင် တွေ့မြင်ရတဲ့အတွက် ကျွန်တော့်သက်တမ်းမှာ ဒါမျိုးမကြုံဖူးခဲ့ပါဘူး။ ကမ္ဘာကတောင် အသိအမှတ်ပြုပြီး အမျိုးဘာသာ သာသနာအတွက် ဂုဏ်ယူလောက်အောင်ဖြစ်မိတဲ့အပြင် အခုပြောရင်းနဲ့ပင် ဝမ်းသာဂုဏ်ယူ ပီတိဖြစ်မိပါတယ်။

**ဦးစောအုန်းတင်(စေတီသုံးဆူညီနောင် ဂေါပကအတွင်းရေးမှူး)**

စေတီသုံးဆူညီနောင်ကတော့ ရှေးဟောင်းသမိုင်းဝင် စေတီတော်တွေဖြစ်တဲ့အတွက် ခေတ်အဆက်ဆက်က ဆရာတော်ကြီးတွေ၊ ဂေါပကအဖွဲ့တွေကနေ ထိန်းသိမ်းခဲ့တာပါ။ အခုဆို မာရဝိဇယဘုရားကြီးကို လာရောက်ဖူးမြော်လေ့လာရတဲ့အတွက် ခေတ်မီနည်းပညာတွေနဲ့ တည်ဆောက်မှုလုပ်ငန်း၊ ထိန်းသိမ်းဆောင်ရွက်နေမှုတွေကို တွေ့ရတော့ အတုယူဆောင်ရွက်ရမှာဖြစ်တဲ့အတွက် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့တွေ၊ ဂေါပကရုံးတွေ စသည်အားဖြင့် စနစ်တကျပြန်လည်ဖွဲ့စည်းပြီး ဆောင်ရွက်သွားမှာပါ။ လာရောက်ဖူးမြော်ချင်နေတာတော့ ကြာပါပြီ။ အခွင့်အရေးလည်းမသင့်၊ အကြောင်းလည်း မတိုက်ဆိုင်တဲ့အတွက် ပြည်နယ်အစိုးရအဖွဲ့ကနေ စနစ်တကျ စီစဉ်ဆောင်ရွက်ပေးတဲ့အတွက် ကျေးဇူးတင်မိပါတယ်။

**ဦးစောစံတင်(ဂေါပကအဖွဲ့)**

နိုင်ငံတော်ရဲ့ စီမံလမ်းညွှန်မှုနဲ့ ပြည်နယ်အစိုးရအကြီးအကဲတွေရဲ့ စီစဉ်ဆောင်ရွက်ပေးမှုနဲ့ မာရဝိဇယဘုရားကြီးကို အခုလိုလာရောက်ဖူးမြော်ခွင့်ရတဲ့အတွက် ကြည်နူးဝမ်းသာမိပါတယ်။ လာရောက်ရမယ်လို့လည်း မျှော်လင့်မထားခဲ့ပါဘူး။ စီစဉ်ဆောင်ရွက်ပေးတဲ့ တာဝန်ရှိသူတွေကိုလည်း အထူးကျေးဇူးတင်မိပါတယ်။ အခုလို မာရဝိဇယဘုရားကြီးကို ထုဆစ်ပုံဖော်မှု အနုပညာလက်ရာတွေ၊ ရှေးမူမပျက်တည်ဆောက်ထားမှုတွေကတော့ အခုခေတ်နဲ့ရှေးမူမပျက် ပေါင်းစပ်ပုံဖော်မှုတွေက ကမ္ဘာကပင် အတုယူလေးစားလောက်တဲ့ လက်ရာတွေပါ။ ဒါကလည်း အများအားနဲ့ စုပေါင်းလှူဒါန်းပေမယ့်လည်း နိုင်ငံတော်ရဲ့စီမံဆောင်ရွက်မှုတွေက အဓိကကျလှပါတယ်။ လေးစားအတုယူစရာကောင်းလှပါတယ်လို့ပဲ ပြောချင်ပါတယ်။



ဦးအောင်သူဝင်း



ဦးရဲထွန်း



ဦးစောအုန်းတင်



ဦးစောစံတင်

စာမျက်နှာ ၇ သို့

# ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်း ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန သဘာဝပိုဇိုလန် ထုတ်လုပ်ရေးစက်ရုံ (ပုပ္ပား) ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၁၉

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပုပ္ပားမြို့၏ အရှေ့မြောက်ဘက် နှစ်မိုင်ခန့်အကွာ ငါးရံ့ကုန်းရွာအနီးရှိ ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန သဘာဝပိုဇိုလန်ထုတ်လုပ်ရေးစက်ရုံ(ပုပ္ပား)၏ လုပ်ငန်း ဆောင်ရွက်မှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။**(ယာပုံ)



**ထုတ်လုပ်မှုတိုးမြှင့်နိုင်ရေး**

ရှေးဦးစွာ စက်ရုံရှင်းလင်းဆောင်တွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ကို ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက လုပ်ငန်းများ ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက စက်ရုံ၏ထုတ်လုပ်မှုတို့ကို တိုးမြှင့်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်မည်ဖြစ်သဖြင့် လိုအပ်ချက်များကြိုတင်ပြင်ဆင်ထားရန်လိုအပ်ပါကြောင်း၊ စက်ရုံပိုင်ဆိုင်မှု မြေယာများကို ဌာနပိုင်အမည်ပေါက်ရရှိရေး ဆက်လက်ဆောင်ရွက်ရန်နှင့် မိမိတို့၏ ဌာနပိုင်မြေအဖြစ် ရရှိပြီးဖြစ်သည့် နေရာများတွင် ကျူးကျော်ဝင်ရောက်မှု မရှိစေရေး သတ်မှတ်ဧရိယာ တစ်လျှောက် မှတ်တိုင်စိုက်ခြင်း၊ ကြီးမြန်သစ်ပင်များ စိုက်ပျိုးခြင်းတို့ ဆောင်ရွက်ထားရန်လိုကြောင်း မှာကြားပြီး လိုအပ်သည်များအား ဖြည့်ဆည်းဆောင်ရွက်ပေး၍ ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ကာ စက်ရုံအတွင်း သဘာဝပိုဇိုလန် ထုတ်လုပ်ဖြန့်ဖြူးမှု လုပ်ငန်းစဉ်များကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**ကုန်ကျစရိတ်သက်သာ**

အဆိုပါစက်ရုံမှ ထုတ်လုပ်သည့် သဘာဝပိုဇိုလန်ကိုကွန်ကရစ်တမံကြီးများ တည်ဆောက်ရာတွင် ကွန်ကရစ်အပူချိန် (Heat of Hydration) မြင့်တက်ခြင်းဖြစ်ပေါ်သဖြင့် အယ်ကာလီ–စီလီကာဓာတ်ပြုခြင်း (Alkali – Silica Reaction)ကို ထိန်းချုပ်ရန် လည်းကောင်း၊ တည်ဆောက်ချိန်ကာလတိုတောင်း၍ ကုန်ကျစရိတ်သက်သာစေရန် လည်းကောင်း၊ သဘာဝ ပိုဇိုလန်နှင့် ဘိလပ်မြေကို ရောနှောအသုံးပြု၍ RCC Dam (Roller Compacted Concrete Dam)များအဖြစ် တည်ဆောက်ရာတွင် အသုံးပြုလျက်ရှိသည်။ မြန်မာနိုင်ငံတွင် တည်ဆောက်ပြီးစီးခဲ့သည့် ရဲရွာကွန်ကရစ်ရေလှောင်တမံနှင့် အထက်ပေါင်းလောင်းကွန်ကရစ် ရေလှောင်တမံတည်ဆောက်ရာတွင် သဘာဝပိုဇိုလန်နှင့်ဘိလပ်မြေကို ရောနှောအသုံးပြု၍ တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ယနေ့အထိ ထုတ်လုပ်ပေးခဲ့သည့် ပိုဇိုလန်ကုန်ချော တန်ချိန်ပေါင်းမှာ ၅၆၈၈၄၉ ဒသမ ၉ တန်ချိန်ဖြစ်ကြောင်း သိရသည်။

**ပိုဇိုလန်နှင့်ဘိလပ်မြေရောစပ်**

ထို့ပြင် သံချောင်းပုံစံဆင်ခြင်း (Structure Design) ဖြင့် ဆောက်လုပ်ခြင်း မဟုတ်သည့် တစ်ထပ်အဆောက်အဦများနှင့် လမ်း၊ အုတ်တံတိုင်း၊ ရေကန်စသည့် အခြေခံ လူမှုအဆောက်အအုံများကို သဘာဝပိုဇိုလန်နှင့် ဘိလပ်မြေရောစပ်၍ ကုန်ကျစရိတ်သက်သာစွာဖြင့် ကောင်းမွန်ခိုင်မာစွာ ဆောက်လုပ်နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ ပြင်ဦးလွင်မြို့တွင် ကျင်းပသည့် EV နည်းပညာပြန့်ပွားရေး ဟောပြောပွဲအခမ်းအနားတက်ရောက်

**ပြင်ဦးလွင် ဇန်နဝါရီ ၁၉**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနသည် နိုင်ငံတော်တွင် လျှပ်စစ်သုံးယာဉ် (Electric Vehicle ၊ EV) ကဏ္ဍ မြှင့်တင်နိုင်ရေးအတွက် လိုအပ်သည့် EV နည်းပညာရှင်များကို အရည်အသွေးပြည့်မီစွာ စဉ်ဆက်မပြတ် မွေးထုတ်ပေးနိုင်ရေး၊ သုတေသနဖွံ့ဖြိုးရေးနှင့် နည်းပညာ ပြန့်ပွားရေးတို့ကို ဆက်စပ်ဌာန/ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ဒုတိယဝန်ကြီး ဒေါက်တာ အောင်ဇေယျသည် ယမန်နေ့ မွန်းလွဲပိုင်းက ပြင်ဦးလွင်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် EV အန္တရာယ်ကင်းရှင်းရေး အသိပညာပေးနှင့် နည်းပညာ ပြန့်ပွားရေး ဟောပြောပွဲ အခမ်းအနားသို့ တက်ရောက်သည်။



**ဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချ**

ဦးစွာ ဒုတိယဝန်ကြီးက ကမ္ဘာကြီးပူနွေးလာမှုနှင့် ရာသီဥတုပြောင်းလဲမှုတို့ကို တိုက်ဖျက်နိုင်ရန်နှင့် ကမ္ဘာ့ဂေဟစနစ်ကို ရေရှည်တည်တံ့စေရန်တို့အတွက် လေထုလွှာအတွင်းသို့ ဖန်လုံအိမ်အာနိသင် ဓာတ်ငွေ့များ ထုတ်လွှတ်မှု လျှော့ချနိုင်ရေးကို အဓိကဦးတည်လျက် ပါရီသဘောတူညီချက်အရ- ၂၀၅၀ ပြည့်နှစ်၌ ကာဗွန်ထုတ်လွှတ်မှု ကင်းစင်ရေးကို နိုင်ငံတကာတွင် ရည်မှန်းဆောင်ရွက်လျက် ရှိပါကြောင်း၊ ယင်း သဘောတူညီချက်အရ - နိုင်ငံတကာစွမ်းအင်အေဂျင်စီမှ ၂၀၃၀ ပြည့်နှစ်တွင် ကမ္ဘာ့ယာဉ်ရောင်းချမှု၌ ၃၀ ရာနှုန်းသည် လျှပ်စစ်သုံးယာဉ်များ ဖြစ်ရန် ဆောင်ရွက်လျက်ရှိရာတွင် မိမိတို့နိုင်ငံတွင်လည်း အခြားကမ္ဘာ့နိုင်ငံများနည်းတူ EV ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒများ ချမှတ် ဆောင်ရွက်လျက်ရှိပါကြောင်း။

ပြင်ဦးလွင်မြို့တော်ကို Smart City အဖြစ် အကောင်အထည်ဖော်ဆောင်ရွက်ရေးနှင့် မီးခိုးမထွက်သော သဘာဝခရီးသွားလုပ်ငန်းများ ပီပြင်စွာဖော်ဆောင်နိုင်ရေးတို့အတွက် EV အသုံးပြုမှုကို အားပေးမြှင့်တင်ရမည် ဖြစ်ပါကြောင်း၊ ယင်းအတွက် EV သုံးစွဲသူ ပြည်သူများက ဘေးအန္တရာယ်ကင်းရှင်းစွာ စံချိန်စံညွှန်းများနှင့်အညီ အသုံးပြုနိုင်ရေး အသိပညာပေးရန် လိုအပ်ပါကြောင်း၊ နည်းပညာတက္ကသိုလ်/ သိပ္ပံများတွင် EV ဆိုင်ရာ သင်ရိုးညွှန်းတမ်းများပါ ထည့်သွင်းခြင်းတို့ဖြင့် တစ်ချိန်တွင် နိုင်ငံတော်က အမှန်တကယ် အားထားရသည့် EV နည်းပညာရှင်များ ဖြစ်ထွန်းလာသည်အထိ မျှော်မှန်းဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။ ထို့နောက် တာဝန်ရှိသူများက EV နည်းပညာ ပြန့်ပွားရေးဆိုင်ရာများကို ဟောပြောကြသည်။

**ကြည့်ရှုအားပေး**

ယင်းနောက် ဒုတိယဝန်ကြီးသည် အခမ်းအနားသို့ တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး ဉာဏ်စမ်းပဟေဠိ (Quiz)များ ဖြေဆိုလျက်ရှိကြသည့် ပြင်ဦးလွင်ရှိ အခြေခံပညာ အထက်တန်း ကျောင်းများနှင့် အစိုးရ စက်မှုလက်မှုသိပ္ပံမှ ကျောင်းသား ကျောင်းသူများကို ကြည့်ရှုအားပေးသည်။

**တက်ရောက်**

အခမ်းအနားသို့ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ပြင်ဦးလွင်ခရိုင်နှင့် မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့တို့မှ တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြောင်း သိရသည်။

**သတင်းစဉ်**


*စာမျက်နှာ ၆ မှ*

**ဦးလှကြိုင်(ရွှေရင်မျှော်ဘုရား ဂေါပကအတွင်းရေးမှူး)**

လာချင်နေတာတော့ကြာပါပြီ။ ပြည်နယ်အစိုးရရဲ့ စီစဉ်ဆောင်ရွက်ပေးမှုကြောင့် ဖူးမြော်ရတာ အများကြီးဝမ်းသာပါတယ်။ အခုလို လာရောက်ရတဲ့အတွက် ဘုရားလည်းဖူး၊ အတုယူစရာတွေလည်း အများကြီးတွေ့ရပါတယ်။ အခုဆို ကျွန်တော်တို့ မြို့ကျက်သရေဆောင် ရွှေရင်မျှော်ဘုရားကြီးကို ဘယ်လိုရှေ့ဆက်လုပ်ဆောင်ရမယ်ဆိုတာကို သိရပါတယ်။ ခရီးစဉ်ကို စီစဉ်ဆောင်ရွက်ပေးတဲ့ နိုင်ငံတော်အကြီးအကဲတွေကို အထူးကျေးဇူးတင်ပါတယ်။

**ဦးလှဌေး(ကျောက်ကလပ်ဘုရား ဂေါပက)**

ကရင်ပြည်နယ်အစိုးရအဖွဲ့ကနေ ဆောင်ရွက်ပေးမှုနဲ့အတူ မာရဝိဇယဘုရားကြီးကို လာရောက်ဖူးမြော်ခွင့်ရရှိတာပါ။ ပြည်နယ်နဲ့တိုင်းဒေသကြီးက ဂေါပကအဖွဲ့တွေလည်း အလှည့်ကျ လာရောက်ဖူးမြော်ကြတာတွေကို တီဗွီသတင်းမှာကြည့်ပြီး လာရောက်ဖူးမြော်ချင်နေတာပါ။ ကိုယ်တိုင်ကိုယ်ကျ လာရောက်ရတဲ့အတွက် တွေ့မြင်ရတဲ့ မြင်ကွင်းကကြည်နူးမိတဲ့အပြင် တည်ဆောက်ထားတဲ့သူတွေအားလုံးကိုလည်း လေးစားမိပါတယ်။ နိုင်ငံတိုင်းမှာ မိမိတို့ ကိုးကွယ်ယုံကြည်ရာတွေ အမျိုးမျိုးရှိကြပါတယ်။ မြန်မာလူမျိုးတို့အတွက်ကတော့ မိမိကိုးကွယ်



ဦးလှကြိုင်



ဦးလှဌေး

ရာ၊ ယုံကြည်ရာ အထွတ်အမြတ်ဖြစ်တဲ့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို စကျင်ကျောက်နဲ့ ထုဆစ်ပုံဖော်တည်ဆောက်ပြီး ကမ္ဘာ့အကြီးဆုံး ထိုင်တော်မူရုပ်ပွားတော်မြတ်ကြီးကို အချိန်တို၊ ကာလတိုအတွင်းမှာ တည်ဆောက်နိုင်ခဲ့တာက ကမ္ဘာကပင် လေးစားဂုဏ်ယူလောက်ပါတယ်။

**သတင်းစဉ်**

# မန္တလေးတက္ကသိုလ်၌ လူမှုအကျိုးပြု စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲ ကျင်းပ

**မန္တလေး ဇန်နဝါရီ ၁၉**

မန္တလေးတက္ကသိုလ် စီးပွားရေးပညာဌာနက ကြီးမှူးပြီး ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံအတွင်းရှိသော လူမှုအကျိုးပြု စီးပွားရေးလုပ်ငန်းများ (Social Enterprise SE) နှင့် ပတ်သက်၍ အလေ့အကျင့်ကောင်းများ ရှင်သန်တိုးပွားစေရန် ရည်ရွယ်သည့် စီမံချက်အတွေ့အကြုံဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းက မန္တလေးတက္ကသိုလ်၌ကျင်းပရာ ဒုတိယပါမောက္ခချုပ် ဒေါက်တာဒေါ်နီနီအောင်က အမှာစကားပြောကြားပြီး မန္တလေးတက္ကသိုလ် စီးပွားရေးပညာဌာန ပါမောက္ခ(ဌာနမှူး) ဒေါက်တာ ဒေါ်မာလာသန်းက မန္တလေးတိုင်းဒေသကြီးအတွင်း SE လုပ်ငန်း၏ အခွင့်အလမ်းနှင့် စိန်ခေါ်မှုများကို ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ရုက္ခဗေဒဌာနပါမောက္ခ (ဌာနမှူး) ဒေါက်တာ ဒေါ်ကလျာလူက မန္တလေးတိုင်းဒေသကြီးအတွင်း SE လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ မန္တလေးတက္ကသိုလ်အနေဖြင့် ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။ ဆွေးနွေးပွဲ သို့ မန္တလေးတက္ကသိုလ်မှ ပါမောက္ခဌာနမှူးများ၊ ကွန်ပျူတာ သိပ္ပံ ဌာနမှူးများ၊ ဆရာ ဆရာမများ တက်ရောက်ကြသည်။

**ရွှေတိုး**

# ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း မြန်မာနိုင်ငံ သူနာပြုနှင့်သားဖွားကောင်စီ၏ (၆)ထပ်ရုံးအဆောက်အဦသစ်နှင့် ဗဟိုသားဖွားသင်တန်းကျောင်း(ရန်ကုန်) RC (၅)ထပ် အုပ်ချုပ်ရေးနှင့် စာသင်ဆောင်သစ်ဖွင့်ပွဲ အခမ်းအနားများတက်ရောက်

နေပြည်တော် ဇန်နဝါရီ ၁၉

**မြန်မာနိုင်ငံ သူနာပြုနှင့်သားဖွားကောင်စီ၏ (၆)ထပ်ရုံးအဆောက်အဦသစ် ဖွင့်ပွဲအခမ်းအနားကို ယနေ့တွင် ဗဟန်းမြို့နယ်၌ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် မြန်မာနိုင်ငံ သူနာပြုနှင့်သားဖွားကောင်စီဥက္ကဋ္ဌ ဒေါ်နွဲ့နွဲ့ခင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။**



ထို့နောက် အခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာန၏ ကျန်းမာရေး ရည်မှန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ သူနာပြုနှင့်သားဖွား ကောင်စီသည် အထောက်အကူပြုပံ့ပိုးပေးလျက်ရှိ သည့် အဖွဲ့အစည်းတစ်ခုဖြစ်ပါကြောင်း၊ ထို့ပြင် သူနာပြုနှင့်သားဖွားများ၏ စည်းကမ်းပိုင်းဆိုင်ရာနှင့် ကျင့်ဝတ်ပိုင်းဆိုင်ရာများကို ထိန်းသိမ်းစောင့်ရှောက် သည့် (Regulatory Body) အဖွဲ့အစည်းကြီးလည်း ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ သူနာပြုနှင့်သားဖွား ကောင်စီအနေဖြင့် ဒေသတွင်းနှင့် အာဆီယံနိုင်ငံများ နှင့်တန်းတူ သူနာပြုနှင့်သားဖွားများ၏ အရည် အသွေးများ ဖွံ့ဖြိုးတိုးတက်စေရေး၊ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရန်၊ ဆက်လက်ကြိုးပမ်းဆောင်ရွက် သွားရမည်ဖြစ်ကြောင်း၊ သူနာပြုနှင့်သားဖွား သင်တန်းကျောင်းများကို အသိအမှတ်ပြုလွှာ (Initial Accreditation Status)များ ပေးအပ်နိုင် ခဲ့ခြင်း၊ စဉ်ဆက်မပြတ် လေ့လာသင်ယူခြင်း (Continuing Professional Development – CPD) စနစ်ကို စတင်အကောင်အထည်ဖော် ဆောင်ရွက်နိုင် ခဲ့ခြင်းတို့အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကား ပြောကြားပြီး (၆) ထပ်ရုံး အဆောက်အဦ တည်ဆောက်သည့် မှတ်တမ်းဗီဒီယို ကိုပြသကာ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ မြန်မာနိုင်ငံ သူနာပြုနှင့်သားဖွား ကောင်စီဥက္ကဋ္ဌတို့က အလှူရှင်များကို ဂုဏ်ပြု မှတ်တမ်းများ ပေးအပ်၍ မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားကောင်စီဥက္ကဋ္ဌ ဒေါ်နွဲ့နွဲ့ခင်က ကျေးဇူးတင် စကားပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီး ချုပ်က မြန်မာနိုင်ငံ သူနာပြုနှင့်သားဖွားကောင်စီ ဥက္ကဋ္ဌထံသို့ ထောက်ပံ့ငွေပေးအပ်ပြီး ပြည်ထောင်စု ဝန်ကြီးနှင့်အဖွဲ့သည် အဆောက်အဦသစ်အတွင်းရှိ သူနာပြုနှင့်သားဖွားများ၏ အရည်အသွေးစစ်ဆေး ခန်းများ၊ စာကြည့်တိုက်များ၊ မှတ်တမ်းထိန်းသိမ်း ထားရှိသည့် အခန်းများကို လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ဗဟိုသားဖွား သင်တန်းကျောင်း(ရန်ကုန်) RC (၅)ထပ် အုပ်ချုပ်ရေး နှင့် စာသင်ဆောင်သစ် ဖွင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး၊ တိုင်း ဒေသကြီး ဝန်ကြီးချုပ်၊ ကျန်းမာရေးလူ့စွမ်းအား အရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က RC (၅)ထပ် အုပ်ချုပ်ရေးနှင့် စာသင်ဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး(ယာပုံ) ကမ္ပည်း မော်ကွန်းကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြ သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ယခု သင်တန်းကျောင်းသည် သူနာပြုနှင့်သားဖွား သင်တန်းကျောင်း ၅၃ ကျောင်းအနက် နှစ်ပေါင်း၁၂၀ ကျော်ရှိပြီဖြစ်သည့် သက်တမ်းအရှည်ဆုံးကျောင်း ကြီးဖြစ်ပါကြောင်း၊ ကျောင်းကြီး ပိုမိုဖွံ့ဖြိုးတိုးတက် စေရန်နှင့် ခေတ်နှင့်လျော်ညီစေရန် ယခုလို RC (၅) ထပ် အုပ်ချုပ်ရေးနှင့် စာသင်ဆောင် အဆောက်အဦ အသစ်ကြီးကို နိုင်ငံတော်ဘဏ္ဍာငွေကျပ် ၉၄၅ ဒသမ ၇ သန်း အကုန်ကျခံတည်ဆောက် ဖွင့်လှစ်ပေးရခြင်း ဖြစ်ပါကြောင်း၊ ထို့ပြင် ဗဟိုသားဖွားသင်တန်းကျောင်း (ရန်ကုန်)သည် မြန်မာနိုင်ငံ သူနာပြုနှင့်သားဖွား ကောင်စီမှ "Initial Accreditation Status" အသိအမှတ်ပြုလွှာကိုရရှိခဲ့သည့် ကျောင်းတစ်ကျောင်း ဖြစ်သည့်အတွက် ဂုဏ်ယူပါကြောင်းနှင့်နိုင်ငံတော် နှင့်ပြည်သူလူထုအတွက် တန်ဖိုးရှိလှသည့် အရည် အသွေးပြည့်ဝသော သားဖွားဆရာမများအား စဉ်ဆက်မပြတ် ဆက်လက်မွေးထုတ်သွားရန် ကြိုးစားကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကား ပြောကြားပြီး ဗဟိုသားဖွား သင်တန်းကျောင်း(ရန်ကုန်) ကျောင်းအုပ်ကြီးက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ထောက်ပံ့ငွေကျပ်သိန်း ၁၀၀ကို သင်တန်းကျောင်း သို့ ပေးအပ်သည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် RC(၅)ထပ် အုပ်ချုပ်ရေးနှင့် စာသင်ဆောင်သစ်ရှိ စာသင်ခန်း၊ လက်တွေ့ခန်းများ၊ ကွန်ပျူတာခန်းများတွင် သားဖွား သင်တန်းသူများ သင်ထောက်ကူပစ္စည်း များအသုံးပြု ၍လေ့ကျင့်သင်ကြားနေမှုများကို ကြည့်ရှုအားပေး ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# ဒုတိယဝန်ကြီး ဦးအောင်မြိုင် ရွှေညောင် - တောင်ကြီး ရထားလမ်းပိုင်းရှိ ပေါမူ၊ ထီသိမ်ဘူတာများနှင့် ထီသိမ်အဝိုင်းပတ်ရထားလမ်းထိန်းသိမ်းမှု၊ တောင်ကြီး - နောင်ကားလမ်းခွဲ - ပင်းပက် ရထားလမ်း ထိန်းသိမ်းမှုနှင့် တောင်ကြီး - ကက္ကူရထားလမ်းပိုင်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၁၉**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြိုင်သည် ဇန်နဝါရီ ၁၇ ရက်မှ ၁၉ ရက်အထိ မြန်မာ့ မီးရထားမှ အထွေထွေမန်နေဂျာ များ၊ တိုင်းအမှတ် (၄)မှ တိုင်း တာဝန်ခံ အရာရှိများနှင့်အတူ ရထားလမ်းပိုင်းများ၊ တံတားများ အခြေအနေနှင့် သာစည်ဘူတာ ဝန်ထမ်းနေအိမ်လိုင်းခန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ဒုတိယဝန်ကြီးသည် အဆင့်မြှင့်တင် ပြုပြင်ထားသည့် ရွှေညောင် – တောင်ကြီး ရထား လမ်းပိုင်းရှိ ပေါမူ – ထီသိမ် – တောင်ကြီး အပိုင်းကိုစစ်ဆေးပြီး ရထားလမ်းပိုင်းရှိ အချို့နေရာများ တွင် ကျောက်ပက်ကင်ရိုက်ခြင်း များ စနစ်တကျဆောင်ရွက်ရန်၊ ထီသိမ် အဝိုင်းပတ်နေရာတွင် စိုက်ပျိုးထားသည့် သစ်ပင်များ နှင့် အဝိုင်းပတ်တာပေါင်တွင် မြေထိန်းနိုင်ရန် စိုက်ပျိုးထားသည့် မြက်ပင်များ ရှင်သန်စေရေး ဂရုစိုက်သွားရန်၊ ကွေ့ဒီဂရီ၊ Alignment နှင့် Super Elevations များမှန်ကန်မှုရှိစေရေး စနစ်တကျ စစ်ဆေး၍ ပြုပြင်ဆောင်ရွက်သွား ရန်၊ ရထားလမ်းဘေးရေမြောင်း များ စနစ်တကျဆောင်ရွက်သွား ရန်နှင့် Toe Wall များ စနစ်တကျ တည်ဆောက်ရန်တို့ကို မှာကြား သည်။

ဆက်လက်၍ ဒုတိယဝန်ကြီး သည် တောင်ကြီး – နောင်ကား လမ်းခွဲ – ပင်းပက် ရထားလမ်းပိုင်း ရှိ တံတားနှင့် တာပေါင်များ ထိန်းသိမ်းမှု အခြေအနေကို စစ်ဆေးပြီး ကျောက်ဖြည့်သွင်းရန် လိုအပ်သည့် နေရာများတွင် ကျောက်ထပ်မံ ဖြည့်သွင်း၍ ပက်ကင်ရိုက်ခြင်းများ စနစ်တကျ ဆောင်ရွက်ရန်၊ လမ်းပိုင်းအတွင်းရှိ တံတားနှင့် Box Culvert များ ရေရှည်ခိုင်ခံ့မှုရှိစေရေး မြေထိန်း နံရံများ စနစ်တကျ ဆောင်ရွက်ရန်၊ ရေမြောင်းများ (Side Drains) စနစ်တကျ ဆောင်ရွက်သွားရန်နှင့် ရထားလမ်းတာပေါင် ရေတိုက်စား မှုနည်းစေရန်အတွက် မြက်ကပ် စိုက်ပျိုးထားမှုကို ရှင်သန်အောင် ဂရုစိုက် ဆောင်ရွက်ရန်တို့ကို မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီး သည် တောင်ကြီး – ကက္ကူရထား လမ်းပိုင်းကို စစ်ဆေးပြီး (ဝဲပုံ) ရထားလမ်းတစ်လျှောက်ရှိ တံတား ကြံ့ခိုင်မှု၊ လမ်းပိုင်းကြံ့ခိုင်မှုအခြေ အနေတို့ကို ပုံမှန်စစ်ဆေးသွားရန် နှင့် ရထားလမ်းဘေးရှိ မြက်၊ ချုံ များ ရှင်းလင်းဆောင်ရွက်ရန်တို့ကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး သည် သာစည်ဘူတာနှင့် ဘူတာ ယာဒ်ဝင်းကို စစ်ဆေးပြီး သန့်ရှင်း သပ်ရပ်မှုရှိစေရေး ရှင်းလင်း ဆောင်ရွက်ရန်၊ သာစည်ဘူတာ ဝန်ထမ်းနေအိမ်လိုင်းခန်းများ၌ သောက်သုံးရေ လုံလောက်စွာရရှိ ရေး စီစဉ်ဆောင်ရွက်သွားရန်၊ ဝန်ထမ်းနေအိမ် လိုင်းခန်းများ အတွင်း သန့်ရှင်းသပ်ရပ်မှုရှိစေ ရေး ပုံမှန်ရှင်းလင်းဆောင်ရွက် သွားရန်နှင့် အိမ်ရာကြီးကြပ်ရေး အဖွဲ့ကို စနစ်တကျဖွဲ့စည်း၍ ပုံမှန် စစ်ဆေးပြီး ပျက်စီးမှုများကို ပြန်လည်ပြုပြင် ဆောင်ရွက်သွား ရန်တို့ကို ဆွေးနွေးမှာကြားခဲ့ ကြောင်း သိရသည်။

**သတင်းစဉ်**

# တာလေတံတားပေါ်တွင် သံဘေလီတံတားတည်ဆောက်နေစဉ် ယာဉ်အသွားအလာအားလုံး ယာယီပိတ်ထား

**တာလေ ဇန်နဝါရီ ၁၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာလေမြို့ ကျိုင်းတုံ–တာချီလိတ် ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ အက်ကွဲကြောင်းများဖြစ်ပေါ်နေသော တာလေတံတားပေါ်တွင် ယာယီသံဘေလီတံတားကို ဇန်နဝါရီ ၁၈ ရက် ညပိုင်းမှစ၍ တည်ဆောက်လျက်ရှိရာ ယာဉ်အသွားအလာအားလုံး ယာယီပိတ်ထားကြောင်း သိရသည်။

တာလေတံတားသည် တာလေမြို့ကိုဖြတ်သန်းစီးဆင်းလျက်ရှိသော နမ့်လင်းချောင်း (တာလေချောင်း)ပေါ်တွင် တည်ဆောက်ထားသော အရှည် ၃၂၇ ပေ၊ အကျယ်ပေ ၃၀ ရှိ ကျောက်စီခုံးတံတား အမျိုးအစား ဖြစ်ပြီး ဇန်နဝါရီ ၁၈ ရက် နံနက်ပိုင်းက ကျောက်စီခုံးတံတား ကမ်းကပ်ခုံအနီး ပထမခုံး (ကျိုင်းတုံဘက်ခြမ်း)တွင် အက်ကွဲကြောင်း များ ဖြစ်ပေါ်ကာ အောက်သို့ နှစ်လက်မခန့် နိမ့်ကျသွားခဲ့သဖြင့် ယာဉ်အသွားအလာအားလုံး ခေတ္တပိတ်ထားခဲ့သည်။ ထို့နောက် တာဝန်ရှိသူ များ၏ ကွင်းဆင်းကြည့်ရှုစစ်ဆေးချက်အရ ညနေပိုင်းတွင် ယာဉ်ငယ် များကို တစ်စီးချင်း ဖြတ်သန်းခွင့်ပြုခဲ့ပြီးနောက် ည ၇ နာရီမှစ၍ ယာဉ် အသွားအလာအားလုံး ယာယီပိတ်ကာ ဘေလီတံတားကို တည်ဆောက် ခြင်းဖြစ်ကြောင်း သိရသည်။

တာလေတံတားပေါ်တွင် အရှည်ပေ ၉၀၊ အကျယ် ၁၂ပေခွဲရှိ ယာယီ သံဘေလီတံတားကို ရှမ်းပြည်နယ် တံတားအထူးအဖွဲ့(၁၂)က အမြန်ဆုံး ပြီးစီးအောင် တည်ဆောက်လျက်ရှိပြီး သံဘေလီတံတား တည်ဆောက် နေစဉ်အတွင်း ယာဉ်အသွားအလာ အားလုံး ပိတ်ထားမည်ဖြစ်ကြောင်းနှင့် ဇန်နဝါရီ ၂၀ ရက်တွင် ယာဉ်များ ပုံမှန်ဖြတ်သန်းသွားလာနိုင်ရေးအတွက် နေ့ရောညပါ တည်ဆောက်နေကြောင်း တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

**ယဉ်ယဉ်ဝင်း(ပြန်/ဆက်)**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဦးသန်းထွန်းဦး ပျဉ်းမနားမြို့ ကန်တော်မင်္ဂလာရှမ်းကန် အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုနှင့် ကန်ပတ်ဝန်းကျင် သာယာလှပရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုအခြေအနေ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၁၉**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ ဒုတိယမြို့တော်ဝန်၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပျဉ်းမနားမြို့မှ မြို့မိမြို့ဖများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ပျဉ်းမနားမြို့ ကန်တော်မင်္ဂလာရှမ်းကန် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းနှင့် ကန်ပတ်ဝန်းကျင် သာယာလှပရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။



**အရိပ်ရပင်၊ ပန်းအလှပင်များ စိုက်ပျိုး**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် ကန်တော်မင်္ဂလာရှမ်းကန်အတွင်း ရေလယ်ဘုရားကျောင်းဆောင်နှင့် ရှင်ဥပဂုတ္တကျောင်းဆောင်၊ လူကူးလျှောက်လမ်းတံတား တည်ဆောက်ပြီးစီးမှုနှင့်ကန်ပတ်ဝန်းကျင် သာယာလှပရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ရှမ်းကန်တောင်ဘက်ရှိ စည်ပင်ရုံးလမ်း တိုးချဲ့ခင်းကျင်းမှုနှင့် လမ်းဘေးဝဲ/ ယာတွင် သာယာလှပရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ကန်ပတ်လည်တွင် ရာသီမရွေးပွင့်လန်းပြီး ရနံ့မွှေးပျံ့သည့် အရိပ်ရပင်၊ ပန်းအလှပင်များနှင့် အလှမြက်ခင်းများစိုက်ပျိုးရန်၊ ရေကန်အတွင်းနှင့် ကန်ပတ်ဝန်းကျင်ကို အမြဲမပြတ်သန့်ရှင်းစေရေး စနစ်တကျဆောင်ရွက်ရန်၊ ရှမ်းကန်မြောက်ဘက် ဗိုလ်တောက်ထိန်လမ်းဘေးရှိ ရေမြောင်းကို ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်ရန်၊ ကွန်ကရစ်ရေမြောင်းဖုံး ပြုလုပ်ရန်နှင့် လုပ်ငန်းများကို အောင်အောင်မြင်မြင် ထိထိရောက်ရောက်ဖြင့် အကျိုးသက်ရောက်မှုရှိစေရေး ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ကြရန်တို့ကို မှာကြားပြီး ပျဉ်းမနားမြို့မှ မြို့မိမြို့ဖများနှင့်ရင်းရင်းနှီးနှီးတွေ့ဆုံကာ**(အပေါ်ပုံ)** လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် (၇၇) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဒေသထွက် MSME ကုန်ထုတ်လုပ်ငန်းများ ခင်းကျင်းပြသရောင်းချနိုင်ရေး ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ကြသည်။

**MSME ထုတ်ကုန်များ ရောင်းချမည့်အခြေအနေတင်ပြ**

အစည်းအဝေးတွင် နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးဇေယျာလင်းနှင့် ဦးမြင့်စိုးတို့က (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် MSME ထုတ်ကုန်များ ခင်းကျင်းပြသနိုင်ရေး ဆပ်ကော်မတီဖွဲ့စည်းထားမှုအခြေအနေများကို လည်းကောင်း၊ တက်ရောက်လာကြသည့် တိုင်းဒေသကြီးနှင့်ပြည်နယ် စီးပွားရေးရာဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက လုပ်ငန်းများဆောင်ရွက်မည့်အခြေအနေ၊ ဒေသထွက် MSME ထုတ်ကုန်များနှင့် အစားအစာများ ခင်းကျင်းပြသရောင်းချမည့် အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက MSME လုပ်ငန်းရှင်များအနေဖြင့် ဒေသထွက်ထုတ်ကုန်များ၊ အစားအစာများ ပြည်သူများသို့ သင့်လျော်သည့် ဈေးနှုန်းများဖြင့် ရောင်းချနိုင်ရေး၊ One Region One Product ထုတ်ကုန်အပါအဝင် MSME ထုတ်ကုန်များ စုံလင်စွာခင်းကျင်းပြသဆောင်ရွက်ရေး၊ အရည်အသွေးမြင့်ထုတ်ကုန်များနှင့် ဒေသတွင်း ရိုးရာအစားအစာများ ခင်းကျင်းပြသနိုင်ရေး၊ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဒေသထွက် MSME ထုတ်ကုန်များ ခင်းကျင်းပြသရောင်းချပွဲကို ခမ်းနားထည်ဝါစွာ ကျင်းပနိုင်ရေး၊ ပြည်သူများ လုံခြုံအေးချမ်းစွာ လာရောက်ကြည့်ရှုနိုင်ရေး၊ လျှပ်စစ်မီးရရှိရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေး တို့အတွက် ဝိုင်းဝန်းကြိုးစားဆောင်ရွက်ကြရန် ပြောကြားသည်။

**သတင်းစဉ်**

# အမျိုးသားအဆင့် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးကော်မတီ၏(၁/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၉**

အမျိုးသားအဆင့် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးကော်မတီ၏ (၁/၂၀၂၄)ကြိမ်မြောက် အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ညီလာခံခန်းမ(၂)၌ ကျင်းပသည်။



အစည်းအဝေးသို့ အမျိုးသားအဆင့် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးကော်မတီဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်း၊ ကော်မတီ ပူးတွဲဥက္ကဋ္ဌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ သက်ဆိုင်ရာဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ခံအရာရှိများ၊ ပုဂ္ဂလိကကဏ္ဍမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ အမျိုးသားအဆင့် ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးမင်းမင်းက နည်းပညာနှင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်းဆိုင်ရာ အကူအညီများလိုအပ်လျက်ရှိသည့် လုပ်ငန်းအမျိုးအစား (Category–C)အောက်ရှိ အစီအမံများအတွက် နည်းပညာအထောက်အပံ့ရရှိနိုင်ရေး သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် လိုအပ်သလို ချိတ်ဆက် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထို့ပြင် လုပ်ငန်းအမျိုးအစား (Category–B) အောက်ရှိ အစီအမံများနှင့်ပတ်သက်၍လည်း သတ်မှတ်ချိန်အတွင်း အချိန်မီပြီးစီးအောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းအဖွဲ့များအနေဖြင့် ဆောင်ရွက်ရမည့် ကိစ္စရပ်များကို အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ပူးတွဲဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး သဘောတူညီချက်ပါ အစီအမံများကို ဆောင်ရွက်ရာတွင် ကော်မတီအဖွဲ့ဝင်ဌာနများ အချင်းချင်း ချိတ်ဆက်ဆောင်ရွက်သွားရန်နှင့် ဖြေလျှော့ရမည့်ကိစ္စရပ်များကို ဖြေလျှော့သွားရန်၊ ကုန်သွယ်ဖက်နိုင်ငံများ၊ ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာအထိ ချိတ်ဆက် ဆောင်ရွက်ကြရန် ပြောကြားသည်။

ထို့နောက် အမျိုးသားအဆင့် ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးကော်မတီ အတွင်းရေးမှူးက ယခင် ကော်မတီအစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို တင်ပြပြီး သက်ဆိုင်ရာဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ခံ အရာရှိများ၊ ပုဂ္ဂလိကကဏ္ဍမှ ကိုယ်စားလှယ်များက လုပ်ငန်းအဖွဲ့အလိုက် တာဝန်ယူဆောင်ရွက်သည့် အစီအမံများအပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြဆွေးနွေးကြရာ ကော်မတီဥက္ကဋ္ဌနှင့် ပူးတွဲဥက္ကဋ္ဌတို့က လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# သာယာဝတီမြို့နယ် မြို့မဈေးနှင့် သုံးဆယ်မြို့ မြို့မဈေး မီးဘေးလုံခြုံရေးအတွက် မီးငြိမ်းသတ်ခြင်း လက်တွေ့သရုပ်ပြလေ့ကျင့်

**သာယာဝတီ ဇန်နဝါရီ ၁၉**

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ် မြို့မဈေးနှင့် သုံးဆယ်မြို့ မြို့မဈေး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်မီးသတ်ဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ပူးပေါင်း၍ မီးငြိမ်းသတ်ခြင်း လက်တွေ့သရုပ်ပြဆောင်ရွက်ခြင်းနှင့် စစ်ဆေးခြင်းကို ယမန်နေ့က မြို့မဈေးကြီး၌ လက်တွေ့သရုပ်ပြ လေ့ကျင့်သည်။

ရှေးဦးစွာ သာယာဝတီမြို့နယ်မီးသတ်ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခင်မောင်လတ်က မြို့မဈေးနှစ်ဈေး၌ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဈေးအတွင်းအပြင် သန့်ရှင်းသပ်ရပ်မှုရှိစေရေး၊ မီးချိတ်၊ မီးကပ်၊ ရေပုံး၊ သဲပုံးများ၊ မီးသတ်ဆေးဘူးများ၊ ရေလှောင်ကန်များတွင် ရေများ အဆင့်အသင့်ရှိစေရေး၊ အသေးစားမီးသတ်စက်များ အဆင်သင့် စီမံဆောင်ရွက်ထားရှိစေရေး၊ လျှပ်စစ်မီးသွယ်တန်းထားရှိမှုများ စနစ်တကျရှိစေရေးနှင့် ဈေးသူဈေးသားများမှ မီးဘေးကြိုတင်ကာကွယ်ရေး လိုက်နာဆောင်ရွက်ရန်အချက်များကို အသိပညာပေး ပြောကြားပြီး မီးသတ်ဆေးဘူး အသုံးပြုပုံအား ရှင်းလင်းပြသ၍ ရေစိုဝတ်ဖြင့် မီးငြိမ်းသတ်ခြင်း၊ မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်ခြင်းနှင့် ရေဖြင့်မီးငြိမ်းသတ်ခြင်းများကို လက်တွေ့သရုပ်ပြ လေ့ကျင့်ကြသည်။



အဆိုပါ သရုပ်ပြလေ့ကျင့်ခြင်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဆန်းဟိုနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာဝန်ထမ်းများ၊ ဈေးတာဝန်ခံများနှင့် ဈေးသူ ဈေးသားများ၊ ဈေးအကျိုးတော်ဆောင်ကော်မတီဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်၍ လက်တွေ့ပါဝင်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# နတ်မောက်မြို့နယ်၌ ဆီထွက်သီးနှံ ဆောင်းနေကြာစံကွက်ရိတ်သိမ်း

**နတ်မောက် ဇန်နဝါရီ ၁၉**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်၌ ဆီထွက်သီးနှံ ဆောင်းနေကြာ စံကွက်ရိတ်သိမ်းပွဲကို ဇန်နဝါရီ ၁၈ ရက်က ချောင်းနက်ကျေးရွာအုပ်စု ချောင်းနက်ကျေးရွာ တောင်သူ ဦးဘိုဝင်း၏ ယာမြေ ၀ ဒသမ ၁၀ ဧက၌ ကျင်းပသည်။

အဆိုပါ စံကွက်ရိတ်သိမ်းပွဲသို့ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှဝန်ထမ်းများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ဒေသခံတောင်သူများ တက်ရောက်ပြီး ချောင်းနက်ကျေးရွာ တောင်သူ ဦးဘိုဝင်း၏ ယာမြေ ၀ ဒသမ ၁၀ ဧကတွင် စံကွက်ရိတ်သိမ်းရာ တစ် ဧကအထွက်နှုန်း ၂၉ တင်း ထွက်ရှိပြီး နတ်မောက်မြို့နယ်တွင် ဆီထွက်သီးနှံဆောင်းနေကြာ ဧက ၁၀၀၆၀ စိုက်ပျိုး ထားရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**လှဝင်း**

# မာဖီးယားဂိုဏ်း၊ ဒေဝဒတ်၊ ဓမ္မန္တရာယ်-ဖောက်ထိုးများဂိုဏ်း သို့မဟုတ် မြောက်သုံးကောင်၏ သရုပ်သကန်

– – – – – တက္ကသိုလ်မြတ်သူ – – – – –

**“အမေရိကန်ဦးဆောင်သော အနောက်နယ်ချဲ့အုပ်စုကလည်း မြန်မာနိုင်ငံကို ဘက်ပေါင်းစုံမှ မီဒီယာလက်နက်သုံးကာ ပတ်မွှေတော့သည်။ မြန်မာနိုင်ငံ၌ အင်္ဂလိပ်နယ်ချဲ့တို့ လုပ်သွား၍ ဘိန်းစိုက်ပျိုးမှုများဖြစ်ခဲ့သည်မှာ မှန်သော်လည်း ယနေ့ခေတ်စားလာသော စိတ်ကြွရူးသွပ်ဆေးဝါး (ထိုင်းဘာသာဖြင့် ရာမ၊ ရာဘ) အဖက်တမင်းဆေးပြားများ မြန်မာနိုင်ငံတွင် လုံးဝမထုတ်လုပ်ခဲ့၊ လုံးဝမရှိခဲ့ပေ။ ယင်းဆေးပြားများ ပြုလုပ်ရာတွင် အဓိကကျသော အဖီဒရင်း သို့မဟုတ် ကဖင်းဓာတ်ပစ္စည်းများ မြန်မာနိုင်ငံတွင် လုံးဝမထွက်ပေ။ ပြည်ပမှလည်းမသွင်း။ အနောက်နိုင်ငံများနှင့် အိန္ဒိယ၊ တရုတ်ပြည်တို့တွင် ထွက်ရှိကြသည်”**

၁၉၆၂ ခုနှစ် မေလ၊ ဇွန်လများက ကျွန်တော်ခေါင်းဆောင်သည့် စာရေးဆရာအဖွဲ့က ‘ဝ’နယ်မြောက်ပိုင်း မိုင်းမောကို အခြေပြု၍ ‘ဝ’ဒေသ၊ ‘ဝ’တိုင်းရင်းသားရိုးရာယဉ်ကျေးမှုများကို လေ့လာရန် သွားရောက်ခဲ့ပါသည်။ အသွားခရီး မန္တလေး၊ လားရှိုး၊ သိန္နီ၊ ကွမ်းလုံသို့ ဦးစွာသွားရသည်။

ခရီးစဉ်အကြောင်း အကျယ်မတင်ပြလိုပါ။ ကွမ်းလုံသို့ ရောက်ရှိလေ့လာစဉ် ကွမ်းလုံမြို့လယ်ကောင်၌ အလွန်ကြီးမားသော ဂိုဒေါင်ကြီးတစ်လုံး တွေ့ခဲ့ပါသည်။ ဂိုဒေါင်ထဲတွင် ဆာလာအိတ်ကြီးများဖြင့် ထည့်ထားသော ဘိန်းများကို ဂိုဒေါင်ပြည့်မျှ တွေ့ရပါသည်။ ထိုစဉ်က နယ်ချဲ့အင်္ဂလိပ်အမွေဆိုးအဖြစ် ကျန်ရစ်သော ဘိန်းစိုက်ပျိုးခြင်းကို ချက်ချင်းရပ်ဆိုင်းပစ်လျှင် နယ်စပ်တစ်လျှောက် တိုင်းရင်းသားများ ပိုမိုဆင်းရဲကုန်ကြမည်ဖြစ်၍ ဘိန်းစိုက်ပျိုးခြင်း၊ ထုတ်လုပ်ခြင်း၊ သိုလှောင်ရောင်းချခြင်းတို့ကို အခြေအနေအရ နေရာဒေသ ကန့်သတ်ခွင့်ပြုထားရချိန် ဖြစ်ပါသည်။

**ဘိန်းလုပ်ငန်း တွင်ကျယ်လျက်ရှိ**

ကွမ်းလုံ ဈေးအတွင်း၊ ဈေးအပြင်လမ်းများပေါ်တွင် ထင်းရှူးသေတ္တာခွံပေါ်တွင် ချိန်ခွင်ငယ်တစ်စုံတင်ထားကာ လာရောင်းသမျှဘိန်းများဝယ်သော ဆိုင်ခုံလေးများ တွေ့ရသည်။ ‘ဝ’နယ်တစ်ခွင်လုံးအပါအဝင် ရှမ်းပြည်နယ်မြောက်ပိုင်း၊ အရှေ့ပိုင်း (ရွှေတြိဂံဒေသ) တစ်ခုလုံး ဘိန်းလုပ်ငန်း တွင်ကျယ်လျက်ရှိပါသည်။

ကွမ်းလုံမြို့လယ် ဂိုဒေါင်ကြီးအပြည့် ဘိန်းများပိုင်ဆိုင်သူမှာ ကိုးကန့်စော်ဘွား၏ ဦးလေးဆိုသူဖြစ်ပါသည်။ ကိုးကန့်စော်ဘွား၏သား ဂျင်မီယန်း၊ သမီးကြီး အောလစ်ပ်ယန်းတို့သည်လည်း ဘိန်းလုပ်ငန်းဖြင့် ဝင်ငွေကောင်းနေကြပါသည်။ ဂျင်မီယန်း ပုန်ကန်သောင်းကျန်းပြီး ပြည်ပြေးဖြစ်သွားသောသတင်း၊ နောက်လက်နက်ချပြီး ပြည်ပမှ ပြန်လာသောသတင်းများကို ကျွန်တော်တို့နိုင်ငံပိုင်သတင်းစာများတွင် ထည့်ခဲ့ရပါသည်။ အစ်မဖြစ်သူ အောလစ်ပ်ယန်းသည် ရန်ကုန်ဆင်းပြီး ပွေလိုက်ရှုပ်လိုက်ပါသေးသည်။ နောက်ကိုးကန့်သို့ပြန်ပြီး ဘိန်းဘုရင်မဘွဲ့ခံသည့် သတင်းများကြားရပါသည်။ ကိုးကန့်မှ ဒေသခေါင်းဆောင်၊ စစ်ရေး၊ နိုင်ငံရေးခေါင်းဆောင်များသည် ယခုမှ ဘိန်းစသည့် မူးယစ်ဆေးဝါးလုပ်ငန်းလုပ်ကြသည်မဟုတ် ဘိုးစဉ်ဘောင်ဆက်လုပ်လာကြသော “ဘိန်း(မူးယစ်ဆေး) မျိုးဆက်” များ ဖြစ်ကြသည်။

အင်္ဂလိပ်နှင့် ဥရောပနယ်ချဲ့နိုင်ငံများဖြစ်သည့် စပိန်၊ ပေါ်တူဂီ၊ ဒတ်ချ်၊ ပြင်သစ်စသည်တို့ကလည်း ၎င်းတို့ မင်းမူနိုင်သော ကိုလိုနီနိုင်ငံများတွင် ဘိန်းစိုက်၊ ဘိန်းကုန်ကူး အပွကြံကြရင်း ဒေသခံများကို ပျက်စီးစေခဲ့သည်။ ထိုစဉ်က တရုတ်နိုင်ငံကို အင်္ဂလိပ်တို့ နယ်ချဲ့သိမ်းယူရန် မလွယ်ကူသေးသဖြင့် ရွှေတြိဂံဒေသ၊ ရွှေလခြမ်းဒေသမှ ဘိန်းများကို တရုတ်ပြည်တွင်းသို့ ဒလဟောတင်ပို့ကာ တရုတ်ဘိန်းစား စီမံကိန်းချခဲ့သည်။ တရုတ်ဘုရင်ဧကရာဇ်တို့က ရိပ်မိပြီး အင်္ဂလိပ်တို့နှင့် ဘိန်းစစ်ပွဲ နှစ်ကြိမ် ဖြစ်ခဲ့သည်။ အင်္ဂလိပ်တို့၏ လက်နက်အသစ်အဆန်းများကြောင့် တရုတ်တို့စစ်ရှုံးကာ တရုတ်ပြည်တွင်းမှာပင် ဘိန်းစိုက်ပျိုးခွင့်ပြုခဲ့ရသည်။ ဟောင်ကောင်ကို နှစ် ၁၀၀ ကြာမျှ အင်္ဂလိပ်တို့ကို အငှားစာချုပ်ဖြင့် လွှဲအပ်ခဲ့ရသည်။

တစ်ချိန်က အင်္ဂလိပ်တို့ စခဲ့ပြီး အမေရိကန်၊ ဂျာမနီတို့လက်ချက်ဖြင့် ဘိန်းဖြူနှင့်တကွ နောက်ပိုင်း စိတ်ကြွရူးသွပ်ဆေးပြားရာမ(ခေါ်)ရာဘ ဆေးပြားများနှင့်အတူ သရုပ်ပျက်ယဉ်ကျေးမှုများဖြင့် ကမ္ဘာ့နိုင်ငံများစွာမှ လူငယ်လူရွယ်၊ ကျောင်းသား ကျောင်းသူများကိုဖြားယောင်းဖျက်ဆီး၊ အညွန့်ချိုးသည်မှာ အမေရိကန်နယ်ချဲ့တို့ ဖြစ်ကြသည်။ လွတ်လပ်ရေးရလာပြီးနောက် မြန်မာအစိုးရအဆက်ဆက်နှင့် တပ်မတော်၊ ရဲတပ်ဖွဲ့တို့က ဘိန်းပပျောက်ရေးကို အစွမ်းကုန်ကြိုးစားခဲ့သော်လည်း နယ်စပ်တိုင်းတွင် သောင်းကျန်းနေသည့် တောခိုပုန်ကန်အဖွဲ့များကြောင့် စိတ်သွားတိုင်း ကိုယ်မပါနိုင်ခဲ့ပေ။

သို့တိုင် ဘိန်းခင်းများစွာကို ဖျက်ဆီး၊ ဘိန်း၊ ဘိန်းဖြူ၊ ဆေးခြောက်၊ စိတ်ကြွရူးသွပ်ဆေးစသည့် မူးယစ်ထုံထိုင်းဆေးဖြစ်သော မူးယစ်ဆေးပြားများကို ဖမ်းဆီးသိမ်းယူ၊ အများရှေ့၌ မီးရှို့ဖျက်ဆီးခဲ့သည်မှာလည်း အကြိမ်ကြိမ်၊ ကမ္ဘာက မမြင်ချင်အဆုံးဖြစ်သည်။ အရက်၊ စီးကရက်၊ မူးယစ်ဆေးဝါး၊ သရုပ်ပျက်ယဉ်ကျေးမှုတို့နှင့် ဆက်စပ်ပတ်သက်မိသော လူငယ်၊ လူလတ်၊ လူကြီးတို့သည် မိမိနိုင်ငံ၊ မိမိလူမျိုး၊ မိမိကိုးကွယ်ရာဘာသာ၊ မိမိအမျိုးသားယဉ်ကျေးမှုမှအစ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်၊ အမျိုးသားရေး ဇာတိသွေးဇာတိမာန်တို့ပါ ခန်းခြောက်သွားတတ်သည်ကို တွေ့နေရပေသည်။

**တစ်နှစ်ထက်တစ်နှစ် ဘိန်းစိုက်ပျိုးမှု များစွာလျော့ကျ**

လက်နက်ကိုင် တိုက်ခိုက်နေသော ဥပဒေပြင်ပမှအဖွဲ့များ တိုးတက်များပြားလာသဖြင့် နယ်မြေဒေသတိုင်း၌ မူးယစ်ဆေးဝါးနှိမ်နင်းရေးအဖွဲ့များ ထင်တိုင်းမပေါက် မသွားရောက်နိုင်သော်လည်း မူးယစ်ဆေးဝါးနှိမ်နင်းရေးကို တပ်မတော်က များစွာ ကူညီနှိမ်နင်းပေးခဲ့သည်။ လွန်ခဲ့သည့် နှစ်ပေါင်း ၂၀ ကျော်က သတင်းတစ်ပုဒ်တွင် မူးယစ်ဆေးဝါး တိုက်ဖျက်ရာ၌ တပ်မတော်မှ အရာရှိ၊ အရာခံ၊ အကြပ်၊ တပ်သား ၉၀၀ ခန့် အသက်ခန္ဓာပေးလှူခဲ့ရကြောင်း ဖော်ပြထားသည်ကို ဖတ်မိမှတ်မိနေပါသည်။ အမေရိကန်တို့ကိုယ်တိုင် မြန်မာနိုင်ငံအစိုးရက ဘိန်းခင်းများ ဖျက်ဆီးပစ်နေသည်ကို သိကြသည်။ သူတို့ကိုယ်တိုင် ကွင်းဆင်းတိုင်းတာကြရာ၌ တစ်နှစ်ထက်တစ်နှစ် ဘိန်းစိုက်ပျိုးမှု များစွာလျော့ကျကြောင်း ထုတ်ပြန်ခဲ့ကြဖူးသည်။

ခွန်ဆာသည် ရှမ်းပြည်နယ်တွင် မူးယစ်ဆေးဝါးလုပ်ငန်းကို လက်နက်ကိုင်တပ်ဖွဲ့များဖွဲ့ပြီး လုပ်ကိုင်ရာမှ ဘိန်းဘုရင်ဘွဲ့ ခံနိုင်ခဲ့သည်။ သူသည် တရုတ်ဖြူတို့နှင့်အတူ ထိုင်ဝမ်သို့ လိုက်သွားကာ ဘိန်းဖြူချက်နည်း၊ ကမ္ဘာ့နိုင်ငံများသို့ မူးယစ်ဆေးဝါးတင်ပို့ရမည့်လမ်းကြောင်း အဆက်အသွယ်များ ရလာခဲ့သည်။ ထိုင်း၊ မြန်မာနယ်စပ်ရှိ ဟိုမိန်းစခန်းတွင် ခွန်ဆာ၏ MTA ဘိန်းအဖွဲ့အခြေချခဲ့သည်။ ထိုစခန်းသို့ အမေရိကန်မှ အမတ်များ၊ သံတမန်များ၊ သတင်းစာဆရာများ ဝင်/ထွက်သွားလာကာ ခွန်ဆာကို ရှမ်းသမ္မတနိုင်ငံ သမ္မတခံယူပြီး ရှမ်းပြည်နယ်ကို ပြည်ထောင်စုမှ ခွဲထွက်ကြောင်း ကြေညာရန် စီအိုင်အေက သွေးဆောင်နိုင်ခဲ့သည်။ ခွန်ဆာ၏ သမ္မတအစိုးရကိုယ်စားလှယ် (သံရုံး) ကို ဝါရှင်တန်ဒီစီ၌ ဖွင့်လှစ်စေခဲ့သည်။ မြန်မာ့တပ်မတော်(လေ)က လာရောက်ဗုံးကြဲခြင်းလုပ်လျှင် ထိုလေယာဉ်ကို ပစ်ချရန် လေယာဉ်ပစ်အမြောက် AA GUN ကို ခွန်ဆာ၏စခန်းတွင် အမေရိကန်တို့က တပ်ဆင်ပေးထားသည်။

နောက်ပိုင်း အမေရိကန်တို့က ခွန်ဆာ၏ ဟိုမိန်းစခန်းတွင် မြန်မာ့တပ်မတော်ထိုးစစ်ကို ကာကွယ်ရန် အကြောင်းပြချက်ဖြင့် ခရုဇ်ဒုံးကျည်လက်နက် တပ်ဆင်ရန် ခွန်ဆာကို သိမ်းသွင်းလာသည်။ ဤတွင် ခွန်ဆာသည် အမေရိကန်တို့၏ မသမာသောလုပ်ရပ် (ထိုခရုဇ်ဒုံးကျည်ဖြင့်) တရုတ်ကိုပစ်၊ ရန်ကုန်၊ မန္တလေးတို့သို့ ပစ်ခတ်လျှင် မိမိ၏ပြစ်မှု အလွန်ကြီးသွားတော့မည်ဟု တွေးမိကာ ၁၉၉၆ ခုနှစ် ဇန်နဝါရီလ ၆ ရက်နေ့တွင် MTA တပ်တစ်ခုလုံးနှင့် မိမိကိုယ်တိုင် လက်နက်ချခဲ့တော့သည်။

**မြန်မာအစိုးရက ငြင်းဆန်ပယ်ချခဲ့**

အခြားအဖွဲ့များကဲ့သို့ ငြိမ်းချမ်းရေး အခွင့်အရေးမတောင်းခဲ့ဘဲ လုံးဝလက်နက်ချပြီး အေးအေးဆေးဆေးနေခဲ့ရင်း ကျန်းမာရေးချို့တဲ့ကာ ကွယ်လွန်သွားခဲ့သည်။ ခွန်ဆာအလင်းဝင်သည်ကို အမေရိကန်တို့ဒေါပွကာ ခွန်ဆာကို ကမ္ဘာ့မူးယစ်ရာဇဝတ်အဖြစ် အမေရိကန်ကို လွှဲအပ်ရန် မြန်မာအစိုးရကို တောင်းဆိုသည်။ မြန်မာအစိုးရ (နယက)က ငြင်းဆန်ပယ်ချခဲ့သည်။ မြန်မာတို့၏ တရားစီရင်ခွင့်ကို အမေရိကန်တို့လက်ထိုးမအပ်ခဲ့ပေ။

တပ်မတော်အစိုးရက မူးယစ်ဆေးဝါး တိုက်ဖျက်ရေးကို ၂၀၀၀ ပြည့်နှစ်မှ ၂၀၁၅ ခုနှစ်အထိ ၁၅ နှစ် စီမံကိန်းချမှတ်ဆောင်ရွက်ခဲ့သည်။ ဖမ်းမိသော မူးယစ်ဆေးဝါးမျိုးစုံကို သံတမန်များ၊ နိုင်ငံခြားသတင်းထောက်များရှေ့မှာပင် အကြိမ်ကြိမ် မီးရှို့ဖျက်ဆီးသည်ကို မြန်မာသတင်းပရိသတ်တို့ ဒိဋ္ဌဓမ္မ မြင်တွေ့ခဲ့ကြသည်။ ၁၉၉၇ ခုနှစ်တွင် ရှမ်းပြည်နယ်အရှေ့မြောက်ပိုင်းရှိ မိုင်းလားဒေသ (ဦးစိုင်းလင်း ခေါင်းဆောင်သော ရှမ်း-အာခါငြိမ်းချမ်းရေးအဖွဲ့)က မိမိတို့မိုင်းလားဒေသကို ပထမဆုံးသော ဘိန်းကင်း (မူးယစ်ဆေးဝါး လုံးဝပပျောက်သော) ဒေသအဖြစ် ကမ္ဘာသိကြေညာခဲ့သည်။ နယက အတွင်းရေးမှူး(၁) တက်ရောက်ကာ မိုင်းလားမူးယစ်ဆေးဝါးပပျောက်မှုအထိမ်းအမှတ် ပြခန်းဖွင့်ပေးခဲ့သည်။ ထိုအခမ်းအနားသို့ ကျွန်တော် တက်ရောက်လေ့လာခွင့်ရခဲ့သည်။ ‘ဝ’ဒေသက ၂၀၀၅ ခုနှစ်တွင် မူးယစ်ဆေးဝါး(ဘိန်း) လုံးဝပပျောက်ရန် ကြိုးပမ်းနေခဲ့သည်။ ထိုအချိန်အထိ ထိုဒေသများတွင် နိုင်ငံတော်နှင့်အတူ ငြိမ်းချမ်းရေးလုပ်ငန်း၊ မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်း၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်နေခဲ့ကြသည်။ အမျိုးသားညီလာခံသို့ မိုင်းလားအဖွဲ့၊ ‘ဝ’အဖွဲ့၊ ကချင်အဖွဲ့၊ ပလောင်အဖွဲ့၊ ကယားအဖွဲ့ စသည့်တိုင်းရင်းသားလက်နက်ကိုင် (ငြိမ်းချမ်းရေးရယူပြီးသော)အဖွဲ့များ တက်ရောက်ခဲ့ကြသည်။

**နိုင်ငံတော်က ဒီမိုကရေစီတံခါးဖွင့်ပေး**

၂၀၁၀ ပြည့်နှစ်တွင် နိုင်ငံတော်က ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) နှင့်အညီ ဒီမိုကရေစီတံခါးဖွင့်ပေးလိုက်သည်နှင့် အမေရိကန် စီအိုင်အေ၊ အင်္ဂလိပ် MI-6 ၊ ထိုင်ဝမ် ထောက်လှမ်းရေး စသည့်ပြည်ပမှ ခြေရှုပ်ရေးအဖွဲ့များ ဝင်လာကာ ခလောက်ဆန်၊ အကောက်ကြံကြသည်။ နိုင်ငံရေးသီလ၊ သမာဓိမရင့်ကျက် မခိုင်မာသူများ၊ ကိုယ်ကျိုးအတ္တများသူများ ချာလပတ်ရမ်းကာ နယ်ချဲ့အုပ်စု၏ ရုပ်သေးရုပ်များဖြစ်လာကြသည်။ ထိုရုပ်သေးရုပ်များသည် နယ်ချဲ့က ကြိုးကိုင်စေခိုင်းတိုင်း ကိုယ့်နိုင်ငံကိုယ်ပြန်ဖျက်ပေးလာနေကြသည်။ ထိုလုပ်ရပ်မှာ နာမည်ပျက်သော်လည်း ဒေါ်လာငွေကြေးအမျိုးမျိုးရ၍ ထိုသို့လုပ်ခွင့်ရရန်ပင် တန်းစီနေရာယူလာကြသည်။

အမေရိကန်ဦးဆောင်သော အနောက်နယ်ချဲ့အုပ်စုကလည်း မြန်မာနိုင်ငံကို ဘက်ပေါင်းစုံမှ မီဒီယာလက်နက်သုံးကာ ပတ်မွှေတော့သည်။ မြန်မာနိုင်ငံအစိုးရသည် မူးယစ်ဆေးဝါးပပျောက်ရေး လုံးဝမလုပ်၊ စစ်ဗိုလ်တွေကိုယ်တိုင် မူးယစ်ဆေးဝါးလုပ်နေသည်ဟု သတင်းလိမ်များဖြင့် ကမ္ဘာကို မှိုင်းတိုက်တော့သည်။ ဤနေရာတွင် မြန်မာနိုင်ငံ၌ အင်္ဂလိပ်နယ်ချဲ့တို့ လုပ်သွား၍ ဘိန်းစိုက်ပျိုးမှုများဖြစ်ခဲ့သည်မှာ မှန်သော်လည်း ယနေ့ခေတ်စားလာသော စိတ်ကြွရူးသွပ်ဆေးဝါး(ထိုင်းဘာသာဖြင့် ရာမ၊ ရာဘ) အဖက်တမင်းဆေးပြားများ မြန်မာနိုင်ငံတွင် လုံးဝမထုတ်လုပ်ခဲ့၊ လုံးဝမရှိခဲ့ပေ။ ယင်းဆေးပြားများ ပြုလုပ်ရာတွင် အဓိကကျသော အဖီဒရင်း သို့မဟုတ် ကဖင်းဓာတ်ပစ္စည်းများ မြန်မာနိုင်ငံတွင် လုံးဝမထွက်ပေ။ *စာမျက်နှာ ၁၁ သို့*

*စာမျက်နှာ ၁၀ မှ*

ပြည်ပမှလည်း မသွင်း။ အနောက်နိုင်ငံများနှင့် အိန္ဒိယ၊ တရုတ်ပြည်တို့တွင် ထွက်ရှိကြသည်။

ထိုင်းနိုင်ငံတွင် မထွက်သော်လည်း ပြည်ပမှတင်သွင်းသည့် စိတ်ကြွဆေးပြားများသည် အမေရိကန်နိုင်ငံတွင် စိတ်ဓာတ်ကျသူများ စိတ်ဓာတ်ပြန်ကြွတက်လာရန် အတိုင်းအဆဖြင့်ပေးသောဆေးဖြစ်သည်။ ထိုဆေးကို ကြာကြာ သုံးလျှင် မူးယစ်ဆေးစွဲသကဲ့သို့ ဒုက္ခရောက်စေသည်။ အမေရိကန် စီအိုင်အေက နည်းပေးလမ်းပြ၍ ထိုင်းနိုင်ငံရှိ တရုတ်ဖြူ လက်ကျန်များ ထိုင်းမူးယစ်ဆေးဝါးမှောင်ခိုများက ထိုဆေးပြားများ ပြုလုပ်ရောင်းချ စီးပွားရှာကြသည်။

### အလုပ်မဝင်ခင် တန်းစီ ဆေးပြားတစ်ပြားစီ သောက်ခိုင်း

အမေရိကန်တိုင်းမ်သတင်းမဂ္ဂဇင်း၊ နယူးစ်ဝိခ်သတင်းမဂ္ဂဇင်း တို့တွင် ကျွန်တော်ဖတ်ခဲ့၊ မှတ်ခဲ့ရသမျှ ထိုဆေးပြားများကို ယနေ့တိုင် ထိုင်းလုပ်ငန်းရှင်များက မြန်မာအပါအဝင် ပြည်ပမှ အလုပ်လာလုပ်သူများကို အလုပ်မဝင်ခင် တန်းစီခိုင်းပြီး ဆေးပြားတစ်ပြားစီ သောက်ခိုင်းသည်။ ဤသို့ဖြင့် စိတ်ဓာတ်တက်ကြွပြီး တစ်နေ့တာ အလုပ်ကောင်းကောင်း လုပ်စေခဲ့သည်။ ယခင်က ထိုင်းပင်စင်စားများသည် ညနေပိုင်းတွင် အရက်ပုလင်းထောင်သောက်ကာ အပန်းဖြေကြသည်။ ယခုနောက်ပိုင်း ရာဘဆေးပြားသောက်ပြီး ဖိမ်ယူအနားယူရာ စရိတ်ကုန်သက်သာသည်ဆို၏။

အိမ်ရှင်မများလည်း ပင်ပန်းသမျှ ရာဘတစ်ပြားဖြင့် အမောဖြေကြသည်။ အလုပ်ချိန်များစွာလုပ်ရသော ထိုင်းအမျိုးသား၊ အမျိုးသမီးများသည်လည်း ရာဘဆေးပြားများကို ပလတ်စတစ်ပိုက်ထဲထည့် မီးရှို့ကာ အငွေ့ရှူ အပန်းဖြေကြသဖြင့် ထိုင်းနိုင်ငံတစ်ခုတည်းကပင် တစ်နှစ်လျှင် စိတ်ကြွရူးသွပ်ဆေးပြားပေါင်း သန်း ၇၀၀ အသုံးပြုနေသည်ဟု ဖတ်ရသည်။ ထိုင်းနိုင်ငံ ဗန်ကောက်မြို့ပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြားရိုက်သည့် စက်အလုံး ၂၀၀ ကျော်ဖမ်းမိသောသတင်းကိုလည်း ဖတ်ခဲ့ရသည်။

သူများနိုင်ငံကို မလိုလျှင် မလိုသလို စွပ်စွဲသော အမေရိကန်နိုင်ငံသည် ဘိန်းဖြူ၊ ကိုကင်း၊ ဆေးခြောက်၊ အရက် စသည်တို့ကို ကမ္ဘာပေါ်တွင် အများဆုံး သုံးစွဲသောနိုင်ငံ ဖြစ်သည်။ အင်္ဂလိပ်နှင့် ဥရောပနိုင်ငံသား အများအပြားလည်း ဘိန်းဖြူ ဆေးခြောက် အသုံးများသည်။ ကမ္ဘာ့ဘိန်းဖြူထုတ်လုပ်မှု ၉၀ ရာခိုင်နှုန်းကို ယခင်က အာဖဂန်နစ္စတန်နိုင်ငံမှ ထုတ်လုပ်တင်ပို့ခဲ့သည်။

### ၉၀ ရာခိုင်နှုန်းကို ကိုးကန့်ဒေသမှ ထုတ်လုပ်တင်ပို့

ယနေ့ကမ္ဘာသို့ တင်ပို့သော ဘိန်းဖြူအားလုံး၏ ၉၀ ရာခိုင်နှုန်းကို ရှမ်းပြည်နယ်မြောက်ပိုင်း ကိုးကန့်ဒေသမှ ထုတ်လုပ်တင်ပို့နေသည်ဟု သတင်းများ ဖတ်ရသည်။ ကိုးကန့်မှ ခေါင်းဆောင် ဖုန်ကြားရှင်၊ ဖုန်ကြားဖူးတို့သည် မြန်မာနိုင်ငံ ရှမ်းပြည်နယ်တွင် နံပါတ်(၁) ငြိမ်းချမ်းရေးယူကာ ဥပဒေအတွင်း ဝင်ခဲ့သောအဖွဲ့ဖြစ်သည်။ အမျိုးသား ညီလာခံသို့ပင် တက်ရောက်ခဲ့ကြသည်။ နောက်ပိုင်း ပြည်ပပယောဂသွေးထိုးမှု၊ ကိုယ်ကျိုးအတ္တ လွန်မှုတို့ကြောင့် ဖုန်ကြားရှင်၊ ဖုန်ကြားဖူးတို့ မူးယစ်ဆေးလုပ်ငန်း အချီကြီးလုပ်လာသည်။ လက်နက်စက်ရုံ တည်ဆောက်ထုတ်လုပ်ကာ စီးပွားရှာရင်း တော်လှန်ပုန်ကန်ရာ၌ အသုံးချလာခဲ့သည်။ မိုင်းလားမှ ဦးစိုင်းလင်းသည် ဖုန်ကြားရှင်၏ သမက်ဖြစ်သဖြင့် မိုင်းလား ရှမ်း-အာခါဒေသလည်း ယောက္ခမကို မျက်နှာလုပ်ရင်း ဝင်ပါလာရသည်။

ယနေ့ ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ထကြွသောင်းကျန်းနေသော MNDAA (ကိုးကန့်)၊ TNLA (ပလောင်)၊ KIA (ကချင်)၊ UWSA('ဝ')၊ AA(ရခိုင်)၊ PDF (NLD မှ မွေးထုတ်အသုံးချနေသော ဦးနှောက်မဲ့အကြမ်းဖက်သမား ကြေးစားအသေခံလူမိုက်များ)က အလုံးအရင်းဖြင့် ၁၀၂၇ စစ်ဆင်ရေးဆိုကာ ၂၀၂၃ ခုနှစ် အောက်တိုဘာလ ၂၇ ရက်နေ့တွင် စတင်သောင်းကျန်းကြသည်။ EAO ဟူသည် (Ethnic Armed Organization) တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ဖြစ်သည်။ ယခု ထိုအမည်နာမနှင့် လားလားမှ မတန်သော အဆိုပါ MNDAA ၊ TNLA ၊ KIA ၊ AA ၊ PDF တို့ကား တစ်ဆက်တည်းတင်ပြရလျှင် KNPP နှင့် အလားတူ အကြမ်းဖက်အဖွဲ့ ကရင်နယ်စပ်မှ စောခေးမြတို့ ခွဲထွက်စင်ပြိုင် KNU စသည်တို့အားလုံးသည် EAO အဆင့် မရှိကြတော့ပေ။

တိုင်းရင်းသားအားလုံး အကျိုးစီးပွားအတွက် ပုန်ကန်ခြင်းမဟုတ်။ စစ်ဘုရင်လုပ်ပြီး မူးယစ်ဆေး၊ လက်နက်စက်ရုံတို့ဖြင့် စီးပွားဖြစ်လုပ်လိုကြသူများသာ ဖြစ်သည်။ ထိုအဖွဲ့များသည် ထိပ်ဆုံးမှ ကိုးကန့်အကြမ်းဖက်များကအစ မူးယစ်ဆေး အချီကြီး၊ လောင်းကစားမှု အကြီးအကျယ်၊ ပြည့်တန်ဆာလုပ်ငန်း ကျယ်ကျယ်ပြန့်ပြန့် လုပ်နေကြပြီး ဓားပြတိုက်၊ ဆက်ကြေးတောင်း၊ လူပြန်ပေးဆွဲတို့ လုပ်လာသဖြင့် အနောက်နိုင်ငံများမှ မာဖီးယားလူဆိုးရာဇဝတ်ကောင်ဂိုဏ်းများစွာနှင့် အလားတူသဖြင့် အရှေ့တောင်မာဖီးယားဂိုဏ်းများဟုသာ ခေါ်ရပေတော့မည်။ အမေရိကန်၊ နယူးယောက်နှင့် တစ်ဆက်တည်းသော ဘရွတ်ကလင်းမြို့သည် အမေရိကန်မာဖီးယားဂိုဏ်းများ အခြေစိုက်ရာမြို့ဖြစ်လေသည်။

ဒါတင်ပဲလားဆိုတော့ မကသေးပါ။ ထိုအုပ်စု (မာဖီးယားဂိုဏ်း) များသည် လူ့အသက်ကို ဖက်ရွက်ပမာ ရက်စက်စွာ သတ်ဖြတ်ခြင်း၊ မတရားစော်ကားခြင်း (ရဟန်းသံဃာတော်များ သတ်ဖြတ်ခြင်း)၊ နိုင်ငံကိုသစ္စာမဲ့ခြင်းတို့ကြောင့် ဒေဝဒတ်ဂိုဏ်းဟူ၍ ခေါ်ဆိုရပေမည်။ ၁၀-၁-၂၀၂၄ ရက်နေ့ သတင်းများအရ ကိုးကန့်မှ အကြမ်းဖက်အုပ်စုများသည် လောက်ကိုင်ဒေသ ဆီအောကျေးရွာ၏ မြောက်ဘက် ဆင်ဦးကင်းကုန်း (ပွိုင့်-၂၂၀၂) တွင်ရှိသော ဗုဒ္ဓဘာသာဝင်များ တည်ထားကိုးကွယ်ပူဇော်လျက်ရှိသည့် စေတီတစ်ဆူကို MNDAA သောင်းကျန်းသူ အဖွဲ့ဝင်တစ်ယောက်က ပန်းပဲဖိုသုံး တူကြီးဖြင့် တအားကုန်လွှဲထုကာ ဖျက်ဆီးနေပုံကို သတင်းပုံနှင့်တကွ မြင်လိုက်ရပေသည်။ ဗုဒ္ဓဘာသာဝင်တို့ စိတ်မကောင်းဖြစ်ကြသည်။ ဒေါသထွက်ကြသည်။

ထိုလုပ်ရပ်ကို တစ်ခဲနက် ဆန့်ကျင်ရှုတ်ချသော လူထုဆန္ဒပြပွဲသတင်းကိုလည်း တစ်နိုင်ငံလုံးတွင် တွေ့ရသည်။

ထို့ကြောင့် MNDAA နှင့်အပေါင်းအပါများသည် မိစ္ဆာဒိဋ္ဌိအဖွဲ့၊ ဘာသာသာသနာဖျက်အုပ်စု၊ ဓမ္မန္တရာယ်ဂိုဏ်း၊ အဝီစိသို့ ဇောက်ထိုးဆင်းရမည့် ဇောက်ထိုးများဂိုဏ်းဟူသော အမည်နာမများဖြင့် ကင်ပွန်းတပ်လိုက်ရပါသည်။

### ဗုဒ္ဓဘာသာဝင် သန်းပေါင်းများစွာ စိတ်မကောင်းဖြစ်၊ ဒေါသဖြစ်ကြ

သူတို့အကုသိုလ်နှင့်သူတို့ ပစ္စုပ္ပန်လောကငရဲ၊ နောင်သံသရာအဝီစိငရဲသို့ ရောက်ကြမည့်သူများပင် ဖြစ်သည်။ တစ်ကမ္ဘာလုံးမှ ဗုဒ္ဓဘာသာဝင် သန်းပေါင်းများစွာသည် စိတ်မကောင်းဖြစ်ကြ၊ ဒေါသဖြစ်ကြသည်။ ထိုမိစ္ဆာ၊ ဓမ္မန္တရာယ်၊ ဒေဝဒတ်၊ အဝီစိဇောက်ထိုး၊ မာဖီးယားဂိုဏ်းများကို ဥပဒေစိုးမိုးရေးတာဝန်၊ ပြည်ထောင်စုမပြိုကွဲရေးတာဝန်၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး တာဝန်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး တည်တံ့ခိုင်မြဲရေးတာဝန်၊ ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ် ကာကွယ်ပေးရမည့်တာဝန်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရေးတာဝန်များ ယူထားသော မြန်မာတို့၏ ပြည်သူ့တပ်မတော်သားများက သမိုင်းပေးတာဝန်၊ ပြည်သူပေးတာဝန်များအရ ဒင်းတို့ကိုဖြိုခွဲချေမှုန်း အပြတ်ရှင်းလင်းသည့်အခါ အနောက်ပါးစပ်များက သဟောက်သဟက်ဖြင့် ပြောကြလျှင်လည်း မြန်မာတို့ ဂရုစိုက်ရန် လုံးဝ(လုံးဝ)မလိုပါခင်ဗျား။

### ဆရာဝန်များကိုယ်တိုင်က မိမိတို့၏ ဆေးစွဲလူနာများအတွက် မူးယစ်ဆေးရောင်းချရန် ဆေးစာရေးပေးနေ

အမေရိကန်၊ အင်္ဂလိပ်၊ ပြင်သစ်၊ EU ဆိုသော ဥရောပ(နယ်ချဲ့လက်ဟောင်း) နိုင်ငံများကိုယ်တိုင် မူးယစ်ဆေးဝါး(ဘိန်း၊ ဘိန်းဖြူ၊ ဆေးခြောက်၊ ကိုကင်း) မူးယစ်ဆေးဝါးမျိုးစုံ မသုံးရလျှင် မနေနိုင်သူများလွန်းနေ၍ ဥရောပမှ ပြင်သစ်စသောနိုင်ငံများတွင် မူးယစ်ဆေးဝါး (ဘိန်းဖြူ၊ ဆေးခြောက်) လွတ်လပ်စွာ သုံးစွဲခွင့်ကို (ဘိန်းဒီမိုကရေစီကို တောင်းဆိုဆန္ဒပြနေကြခြင်း) ဆရာဝန်များကိုယ်တိုင်က မိမိတို့၏ ဆေးစွဲလူနာများအတွက် မူးယစ်ဆေးဝါးများရောင်းချရန် ဆေးစာရေးပေးနေခြင်းများရှိသည်။ အမေရိကန်တွင်လည်း မူးယစ်ဆေးစွဲသူ များပြားလွန်းနေပေသည်။

၁၉၇၆ ခုနှစ် အောက်တိုဘာလနှင့် နိုဝင်ဘာလများက အမေရိကန်သမ္မတရွေးကောက်ပွဲလေ့လာရန် ကျွန်တော် (ကြေးမုံ)နှင့် မင်းယုဝေ(မြဝတီ)တို့ ၄၅ ရက်ကြာ သွားရောက်ခဲ့ကြစဉ် ညဘက် TV သတင်းတစ်ပုဒ်ကို အံ့သြခြင်းကြီးစွာဖြင့် မြင်ခဲ့သိခဲ့ရပါသည်။ လူတစ်ယောက်က သူ့အိမ်ပေါ်သို့ ရဲများ တက်ရှာရန်လာနေသည်ကို တွေ့ရ၍ သူ၏ ဘိန်းဖြူများကို ပလတ်စတစ်အိတ်ဖြင့် လုံခြုံအောင်ထည့်ပြီး အိမ်သာကြွေခွက်ထဲပစ်ထည့်ကာ ရေဆွဲချလိုက်ရာ သူ၏ ဘိန်းဖြူထုပ်ပါသွားခဲ့သည်။ ရဲလက်မှ လွတ်သွားခဲ့ပုံကို သတင်းထောက်က ကာယကံရှင်နှင့်ညှိကာ ရိုက်ကူးပြသခဲ့သည်။ ထိုဘိန်းဖြူထုပ်ပိုင်ရှင်သည် ရေငုပ်ဝတ်စုံဝတ်ပြီး တစ်မြို့လုံးမှ အိမ်သာအညစ်အကြေးပိုက်များ စုပြီး သွန်သောမြစ်ထဲသို့ ရေငုပ်ကာ သူ့ဘိန်းဖြူထုပ် ပြန်ရှာပုံပြသထားသည်။ CIA ကိုယ်တိုင် အပြင်းဆုံးမူးယစ်ဆေးဖြစ်သော LSD ဆေး စမ်းသပ်ဖော်စပ်ကာ CIA အငယ်တန်းဝန်ထမ်းတစ်ဦးကို တိုက်ကျွေးရာ ထိုစမ်းသပ်ခံရသူသည် စိတ်ဖောက်လာပြီး ၁၀ ထပ်တိုက်ပေါ်မှ ခုန်ချခဲ့သောဖြစ်ရပ်မှန်လည်း အမှန်ရှိခဲ့သည်။

အမေရိကန် CIA က ကယ်လီဖိုးနီးယားပြည်နယ်အတွင်းရှိ လော့စ်အိန်ဂျလိစ်မြို့ လူမည်း(နီဂရိုး) ရပ်ကွက်တွင် ဘိန်းဖြူ(ကိုကင်း)များကို ဈေးလျှော့ပြီး ရောင်းချဖြန့်ဖြူးကာ လူမည်းများကို ဘဝပျက်အောင်လုပ်ခဲ့သည်။ လွှတ်တော်တွင် လူမည်းအမတ်များက CIA လုပ်ရပ်ကို ထုတ်ဖော်တင်ပြ ကန့်ကွက်ကြသောသတင်းကိုလည်း ဖတ်ဖူးခဲ့ရပါသည်။

IRI ခေါ် သမ္မတဟောင်းများပါသော နိုင်ငံတကာ သမ္မတနိုင်ငံအဖွဲ့ကြီးကလည်း ပြည်သူများ မူးယစ်ဆေးဝါးများကို လွတ်လပ်စွာသုံးစွဲခွင့် တောင်းဆိုခဲ့ဖူးသည်။ ဘိန်းလွတ်လပ်စွာသုံးစွဲခွင့်သည် ဒီမိုကရေစီ၊ ဘိန်းဖြူ၊ ကိုကင်းများကို လွတ်လပ်စွာသုံးစွဲခွင့်သည် သူတို့၏ လူ့အခွင့်အရေးများဖြစ်နေပေပြီ။ ၁၉၅၅ ခုနှစ် ဒီဇင်ဘာလ ၁၁ ရက်နေ့ထုတ် အမေရိကန် နယူးစ်ဝိခ်(Newsweek) သတင်းမဂ္ဂဇင်းတွင် Getting in the way of Good Policy ခေါင်းစဉ်ဖြင့် အမေရိကန် မူးယစ်ဆေးဝါးနှိမ်နင်းရေးအဖွဲ့ DEA မှ မြန်မာနိုင်ငံရှိ အမေရိကန်သံရုံးတွင် တာဝန်ချထားခံခဲ့ရသော ရစ်ချဒ်ဟွန်းက အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အမေရိကန် ဗဟိုထောက်လှမ်းရေးအေဂျင်စီ (CIA)တို့ကို တရားစွဲသော သတင်းဖော်ပြပါရှိခဲ့သည်။

### ရစ်ချဒ်ဟွန်းသည် မြန်မာအစိုးရ မီးရှို့ဖျက်ဆီးရာသို့ အကြိမ်ကြိမ် လိုက်ပါခဲ့

ရစ်ချဒ်ဟွန်းသည် မြန်မာအစိုးရ ဖိတ်ကြားချက်အရ ဘိန်းခင်းများဖျက်ဆီးရာသို့ လည်းကောင်း၊ ဘိန်းပင်များ ခုတ်ထွင်ပြီး ဘိန်းအစားထိုးသီးနှံများ စိုက်ပျိုးရာသို့လည်းကောင်း၊ ဖမ်းမိသော မူးယစ်ဆေးများကို အစိုးရက မီးရှို့ဖျက်ဆီးရာသို့လည်းကောင်း အကြိမ်ကြိမ် လိုက်ပါခဲ့ပြီး တွေ့ရှိချက်များကို ဝါရှင်တန်ဒီစီရှိ DEA ဌာနချုပ်သို့ အစီရင်ခံခဲ့သည်။ ရန်ကုန်ရှိ အမေရိကန်သံအမတ်ကြီးနှင့် CIA အရာရှိတို့က ရစ်ချဒ်ဟွန်း၏ အစီရင်ခံစာကို တင်မပေးဘဲ ဖျောက်ဖျက်ပစ်ခြင်း၊ ရစ်ချဒ်ဟွန်း၏ တယ်လီဖုန်းကိုကြားဖြတ်ခိုးယူနားထောင်ခြင်း၊ ရစ်ချဒ်ဟွန်းကို ဝါရှင်တန် ပြန်ခေါ်စေခြင်းတို့ကြောင့် တရားစွဲခြင်းဖြစ်သည်။

ထိုသတင်းဖြစ်ရပ်များကို ကြည့်လျှင် အမေရိကန် ကြောင်သူတော်ကြီး၏ မသမာမှုများကို ရိပ်စားမိလောက်ပါပြီ။ ဂရုစိုက်ရန်မလိုပါ။ မြန်မာနိုင်ငံမြောက်ပိုင်းမှ မာဖီးယားဂိုဏ်း၊ ဒေဝဒတ်ဂိုဏ်း၊ ဓမ္မန္တရာယ်-ဇောက်ထိုးများကို အပြတ်သာရှင်းပါတော့ခင်ဗျား။ ။

**❂ အမေရိကန်နိုင်ငံသည် ဘိန်းဖြူ၊ ကိုကင်း၊ ဆေးခြောက်၊ အရက် စသည်တို့ကို ကမ္ဘာပေါ်တွင် အများဆုံးသုံးစွဲသောနိုင်ငံဖြစ်သည်။ အင်္ဂလိပ်နှင့် ဥရောပနိုင်ငံသား အများအပြားလည်း ဘိန်းဖြူ၊ ဆေးခြောက်အသုံးများသည်။ ကမ္ဘာ့ဘိန်းဖြူထုတ်လုပ်မှု ၉၀ ရာခိုင်နှုန်းကို ယခင်က အာဖဂန်နစ္စတန်နိုင်ငံမှ ထုတ်လုပ်**

**■ ထိုမိစ္ဆာ၊ ဓမ္မန္တရာယ်၊ ဒေဝဒတ်၊ အဝီစိဇောက်ထိုး၊ မာဖီးယားဂိုဏ်းများကို ဥပဒေစိုးမိုးရေးတာဝန်၊ ပြည်ထောင်စုမပြိုကွဲရေးတာဝန်၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတာဝန်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး တည်တံ့ခိုင်မြဲရေးတာဝန်၊ ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ် ကာကွယ်ပေးရမည့်တာဝန်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရေးတာဝန်များယူထားသော မြန်မာတို့၏ ပြည်သူ့တပ်မတော်သားများက သမိုင်းပေးတာဝန်၊ ပြည်သူပေးတာဝန်များအရ ဒင်းတို့ကိုဖြိုခွဲချေမှုန်း အပြတ်ရှင်းလင်းသည့်အခါ အနောက်ပါးစပ်များက သဟောက်သဟက်ဖြင့် ပြောကြလျှင်လည်း မြန်မာတို့ ဂရုစိုက်ရန် လုံးဝ(လုံးဝ)မလိုပါ**

# ချင်းပြည်နယ်ဝန်ကြီးချုပ် ပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများ လုပ်ငန်းညှိနှိုင်းအစည်းအဝေး တက်ရောက်

**ဟားခါး ဇန်နဝါရီ ၁၉**

ချင်းပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာများ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၁/၂၀၂၄) ကို ဟားခါးမြို့ ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၁၉ ရက် နံနက် ၁၀ နာရီက ကျင်းပရာ ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်မှ ဗိုလ်မှူးချုပ် နိုင်ဝင်းအောင်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးနေစိုး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။



လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အဆင့်ဌာနဆိုင်ရာများအနေဖြင့် မည်သည့်လုပ်ငန်းမဆို ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရနှင့် ပြည်နယ်အစိုးရ၏ မူဝါဒ၊ ဦးတည်ချက်၊ လုပ်ငန်းစဉ် စသည့်မူဘောင်အတွင်း၌သာ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လုပ်ငန်းဆောင်ရွက်ရာ၌ ဒေသအခြေအနေကိုလည်း ထည့်သွင်းစဉ်းစားရမည်ဖြစ်ကြောင်းနှင့် ဌာနအလိုက် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို တင်ပြပေးစေလိုကြောင်း ပြောကြားသည်။ (အပေါ်ပုံ)

ယင်းနောက် အနောက်မြောက်တိုင်းစစ်ဌာနချုပ်မှ ဗိုလ်မှူးချုပ် နိုင်ဝင်းအောင်က လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို ပြောကြားပြီးနောက် အစည်းအဝေးတက်ရောက်သည့် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက မိမိတို့ဌာနအလိုက် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး သိန်းထွန်းအောင်၊ ပြည်နယ်သယံဇာတရေးရာဝန်ကြီး ဦးကျော်ငြိမ်း၊ ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးကျော်စိုးဝင်း၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးကြီး စိုးလွင်မိုး၊ ပြည်နယ်ဥပဒေချုပ် ဦးဆွန်ဒုတ်ကျင့်နှင့် ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးအောင်ချိုတို့က အကြံပြုဖြည့်စွက်ဆွေးနွေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်ချက်များ ပေါင်းစပ်ညှိနှိုင်းပေးကာ နိဂုံးချုပ် အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းညှိနှိုင်းအစည်းအဝေးတက်ရောက်

**ထားဝယ် ဇန်နဝါရီ ၁၉**

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီက ထားဝယ်မြို့ တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီးသန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ၊ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းကို ကြိုတင်ပြင်ဆင်ခြင်း၊ စာရင်းကောက်ယူခြင်း၊စာရင်းဇယားပြုစုခြင်း၊ ဆန်းစစ်ခြင်းနှင့်အစီရင်ခံစာပြုစုထုတ်ပြန်ခြင်း စသည့်လုပ်ငန်းစဉ်(၄)ရပ်နှင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စမ်းသပ်သန်းခေါင်စာရင်းကောက်ယူခြင်းမှ ရရှိလာသော အားနည်းချက်၊ အားသာချက်များအပေါ် သုံးသပ်ပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက သန်းခေါင်စာရင်း မေးခွန်းပုံစံ ပြင်ဆင်အတည်ပြုခြင်း၊ စာရင်းကောက်ကွက် ဖွဲ့စည်းခြင်းနှင့် အဆောက်အအုံစာရင်းတင်ခြင်း၊ CAPI နည်းစနစ်များကို ၂၀၂၄ ခုနှစ်တွင် ကောက်ယူမည့် ပင်မ သန်းခေါင်စာရင်းအတွက် အသင့်ဖြစ်အောင် ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း၊ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းအနေဖြင့် Census Units ရေးဆွဲပြီးဖြစ်သည့် မြို့ပြရပ်ကွက်များတွင် အဆောက်အအုံစာရင်းတင်ခြင်းလုပ်ငန်းကို ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁၈ ရက်မှ မတ်လကုန်အထိ ပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။ (အပေါ်ပုံ)

ထို့နောက် ကော်မတီအတွင်းရေးမှူး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ တိုင်းဒေသကြီးဦးစီးမှူး ဦးသန့်ဇင်က နိုင်ငံတော်၏ လူမှုရေး၊ စီးပွားရေး၊ စီမံခန့်ခွဲရေးကိစ္စရပ်များအတွက် မူဝါဒများ ချမှတ်ခြင်း၊ စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ခြင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် အခြေခံအသုံးပြုရသည့် လူဦးရေဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များကို ရရှိရန် စသည့်ရည်ရွယ်ချက်ဖြင့် သန်းခေါင်စာရင်း ကောက်ယူခြင်းဖြစ်ကြောင်းနှင့် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအား ရှင်းလင်းဆွေးနွေးပြောကြားပြီး တက်ရောက်လာသူများက ဖြည့်စွက်ဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် စိုက်ပျိုးရေးနှင့် မွေးမြူရေး ဒီပလိုမာ မောင်မယ်သစ်လွင် ကြိုဆိုပွဲအခမ်းအနား တက်ရောက်

**ပုသိမ် ဇန်နဝါရီ ၁၉**

၂၀၂၃-၂၀၂၄ ပညာသင်နှစ် စိုက်ပျိုးရေးနှင့် မွေးမြူရေးဒီပလိုမာ (ပထမနှစ်) မောင်မယ်သစ်လွင် ကြိုဆိုပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ (မြောင်းမြ) မြကျွန်းရွှေဝါခန်းမ၌ ကျင်းပသည်။

ဦးစွာ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက သင်တန်းကာလ သုံးနှစ်ပညာဆည်းပူးပြီးပါက ဒီပလိုမာလက်မှတ်ရရှိမည်ဖြစ်ပြီး အလယ်အလတ်အဆင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးပညာရှင်များဖြစ်လာကြမည် ဖြစ်ပါကြောင်း၊ သင်ကြားပို့ချသည့် ဘာသာရပ်များကို တတ်သိနားလည်အောင် ကြိုးပမ်းသင်ယူဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ခေတ်မီသည့် စိုက်ပျိုးရေးနည်းပညာများကို တောင်သူများထံသို့ အရောက်ဖြန့်ဝေပေးကြရမည်ဖြစ်ပြီး တောင်သူများ၏ လူမှုစီးပွားဘဝမြင့်မားလာစေရေး မြှင့်တင်ဆောင်ရွက်ပေးကြရမည့်သူများလည်း ဖြစ်ပါကြောင်း၊ ပညာထူးချွန်၍ နိုင်ငံတော်အတွက် အားထားရသော စိုက်ပျိုးရေးနှင့် မွေးမြူရေးပညာရှင်များဖြစ်လာစေရေးကြိုးစားကြရန် လိုပါကြောင်း" ကြိုဆိုနှုတ်ခွန်းဆက် အမှာစကားများ ပြောကြားပြီး (အောက်ပုံ) ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် ထူးချွန်စွာ အောင်မြင်ခဲ့သူများအား ဆုများချီးမြှင့်သည်။

ဆက်လက်၍ စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ ကျောင်းအုပ်ဆရာမကြီးက ကြိုဆိုနှုတ်ခွန်းဆက်စကားများ ပြောကြားပြီးနောက် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် နိုင်ငံတော်အဆင့်၊ (၂၄) ကြိမ်မြောက် ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲတွင် ဆုရရှိခဲ့သော ကျောင်းသားကျောင်းသူများအား တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီးက ဆုများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



## ပြည်ထောင်စုဖွား တိုင်းရင်းသားတို့ တွဲထားလက်များ ခိုင်မြဲစို့

## မြဝတီမြို့ အထက(ဝါးတော)၌ ပညာရေးစုံညီပွဲတော်ကျင်းပ



**မြဝတီ ဇန်နဝါရီ ၁၉**

ကရင်ပြည်နယ် မြဝတီမြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်း(ဝါးတော)၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၁၈ ရက်က ကျင်းပရာ Grade-10 ကျောင်းသားကျောင်းသူများက "ကြိုဆိုပါသည် စုံညီပွဲတော်" တေးသီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်-၂ ဦးစိန်သောင်းက အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးမြင့်ဦးက နိုင်ငံတော်၏ အဓိကစွမ်းအားစုဖြစ်သည့် ကျောင်းသား ကျောင်းသူများ ဘက်စုံပညာ ပြည့်ဝနေစေရန် မိဘ၊ ဆရာ ပူးပေါင်းဆောင်ရွက်ပေးကြစေလိုကြောင်းနှင့် စုံညီပွဲတော်ကျင်းပခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်နှင့်အတူ ခရိုင်နှင့် မြို့နယ်ပညာရေးဌာနမှ တာဝန်ရှိသူများ၊ ကျောင်းအုပ်ကြီးများနှင့် ကျောင်းအကျိုးတော်ဆောင်များက ဘက်စုံပညာရေးတွင် အဆင့်အရေရှိသူများနှင့် ကာယဉာဏပိုင်းတွင် ထူးချွန်သော ကျောင်းသား ကျောင်းသူများအား ဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။ (ဝဲပုံ)

**ဇာဖြူဝင်း(ပြန်/ဆက်)**

### ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်

**နေပြည်တော် ဇန်နဝါရီ ၁၉**

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။

**မိုး/ဇလ**

# ယီမင်ပင်လယ်ပြင်၌ ဒရုန်းများဖြင့်တိုက်ခိုက်ခံရသည့်သင်္ဘောတစ်စင်းကို အိန္ဒိယရေတပ်က ကူညီပေး

နယူးဒေလီ ဇန်နဝါရီ ၁၉

**ယီမင်ပင်လယ်ပြင်၌ ဇန်နဝါရီ ၁၇ ရက်က ဒရုန်းများဖြင့် တိုက်ခိုက်ခံရသည့် လူ ၁၂ ဦး လိုက်ပါသည့် သင်္ဘောတစ်စင်းကို အိန္ဒိယရေတပ်က အကူအညီများ ပေးအပ်ခဲ့ကြောင်း၊ တိုက်ခိုက်ခံရမှုကြောင့် လူသေဆုံးမှုမရှိကြောင်း အိန္ဒိယရေတပ်မှ အာဏာပိုင်များက ပြောကြားသည်။**



ဒရုန်းဖြင့် တိုက်ခိုက်ခံရသည့် သင်္ဘောကို တွေ့ရစဉ်။

ဇန်နဝါရီ ၁၇ ရက် ညနေနှောင်းပိုင်းက ဘေးဒုက္ခရောက်နေသည့် တောင်းဆိုမှုတစ်ခုကြောင့် ယာဉ်ပေါ်ရှိ အမှုထမ်းများကို ကူညီရန် အဆိုပါနေရာသို့ အိန္ဒိယစစ်သင်္ဘောတစ်စင်း စေလွှတ်ခဲ့ကြောင်း၊ ဒရုန်းဖြင့် တိုက်ခိုက်မှုဖြစ်ပွားပြီးနောက် မီးလောင်မှုကို ထိန်းချုပ်နိုင်ခဲ့ကြောင်း အာဏာပိုင်များက မှတ်ချက်ပြုထားသည်။

သင်္ဘောကို ဒုံးကျည်များဖြင့် တိုက်ခိုက်ခဲ့ကြောင်း ယီမင်ရှိ ဟူသီသူပုန်များက ပြောသည်။ အဆိုပါအုပ်စုက ပင်လယ်နီနှင့် အနီးဝန်းကျင်ရှိ ကုန်သွယ်ရေယာဉ်များကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့သည်။ ဂါဇာရှိ အစ္စရေးကို တိုက်ခိုက်နေသည့် ပါလက်စတိုင်းစစ်သွေးကြွအုပ်စု ဟားမားစ်ကို ထောက်ပံ့ရန် ထိုသို့လုပ်ဆောင်ခြင်းဖြစ်ကြောင်း ၎င်းတို့အဖွဲ့က ပြောသည်။ အာရှနှင့် ဥရောပအကြား အဓိကစီးပွားဖြစ်ပင်လယ်လမ်းကြောင်းဖြစ်သည့် ဒေသတွင် အဆိုပါ တိုက်ခိုက်မှုဖြစ်ပွားခြင်းဖြစ်ကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**



မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ပျက်စီးမှုများကို တွေ့ရစဉ်။

# ကွန်ဂိုနိုင်ငံ၌ မိုးသည်းထန်စွာရွာပြီး ရေကြီးမှုကြောင့် ၂၃ ဦးသေဆုံး၊ လူပေါင်း ၃၃၀၀၀၀ ကျော် ရေဘေးသင့်

**ဘရက်ဇာဘယ်လီ ဇန်နဝါရီ ၁၉**

ကွန်ဂိုသမ္မတနိုင်ငံတစ်ဝန်း မိုးသည်းထန်စွာ ရွာသွန်းပြီး ရေကြီးမှုဖြစ်ပွားခြင်းကြောင့် ၂၃ ဦးသေဆုံးကြောင်း အစိုးရပြောရေးဆိုခွင့်ရှိသူ သီယာရီ မွန်ဂါလာက ဇန်နဝါရီ ၁၉ ရက်တွင် ပြောကြားသည်။

ကွန်ဂိုနိုင်ငံ လစ်ကွာလာ၊ ကူဗက်နှင့် နီယာရီ ပိုင်နက်၌ ရေကြီးမှုကြောင့် သေဆုံးသူ ၂၃ ဦးရှိကြောင်း၊ နိုင်ငံအတွင်း ပိုင်နက် ၁၂ ခုရှိသည့်အနက် ကိုးခု အထူးသဖြင့် ကွန်ဂိုမြစ်နှင့် အနီးတစ်ဝိုက်တွင် ရေဘေးသင့်ခဲ့ကြောင်း သိရသည်။

ကွန်ဂို၌ မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးမှုကြောင့် လူပေါင်း ၃၃၆၅၆၀ ရေဘေးသင့်ခဲ့ပြီး ၆၁၇၈ ဦးမှာ နေရာပြောင်းရွှေ့ခဲ့ရသည်။ ရေးဘေးသင့်ဒေသများ၌ ရေကြီးမှုကြောင့် ကျန်းမာရေးဆိုင်ရာ အဆောက်အအုံ ၂၆ ခု၊ ကျောင်း ၁၂၀ နှင့် နေအိမ် ၆၄၀၀၀ ခန့်ပျက်စီးခဲ့ရကြောင်း သိရသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က လွန်ခဲ့သည့် ရက်သတ္တပတ်များအတွင်း ရေကြီးမှုဖြစ်ပွားပြီးနောက် နိုင်ငံအတွင်း ရေကြောင့်ကူးစက်တတ်သောရောဂါ ဖြစ်ပွားမှုအန္တရာယ်ကို သတိပေးထားသည်။

ကွန်ဂိုနိုင်ငံ၌ လတ်တလော မိုးသည်းထန်စွာ ရွာသွန်းပြီးရေကြီးမှုကြောင့် လူပေါင်း ၃၀၀ ထက်မနည်း သေဆုံးခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

# ဖိလစ်ပိုင်နိုင်ငံ၌ မြေပြိုမှုကြောင့် သေဆုံးသူ ၁၀ ဦးအထိရှိလာ

**မနီလာ ဇန်နဝါရီ ၁၉**

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း ဒါဗာအိုဒီအိုရို ပြည်နယ်ရှိကျေးရွာတစ်ရွာတွင် မြေပြိုမှုကြောင့် သေဆုံးသူ ဦးရေမှာ ဇန်နဝါရီ ၁၈ ရက်က ၁၀ ဦးအထိရှိလာကြောင်း ဒေသခံ အာဏာပိုင်များက ဇန်နဝါရီ ၁၉ ရက်ကပြောသည်။



ဇန်နဝါရီ ၁၈ ရက်က ကယ်ဆယ်ရေးသမားများသည် ကလေးငယ်များအပါအဝင် လူခုနစ်ဦး၏အလောင်းကို တွေ့ရှိခဲ့သည်။ မြေပြိုမှုဖြစ်ပွားပြီးမကြာမီ ယခုလို တွေ့ရှိခဲ့ခြင်းဖြစ်သည်။ ဇန်နဝါရီ ၁၉ ရက်တွင် ကယ်ဆယ်ရေးနှင့် ရှာဖွေရေးလုပ်ငန်းများ ပြန်လည်စတင်ခဲ့သည်။

ဒါဗာအိုဒေသရှိ ပြည်နယ်လေးခုတွင် မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် မြေပြိုမှုများကို မိသားစုပေါင်း ၇၀၀၀၀ ခံစားခဲ့ရပြီး လူပေါင်း ၂၇၀၀၀၀ ကျော်မှာ ရေကြီးမှုဒဏ် ခံစားခဲ့ရသည်ဟု အမျိုးသားသဘာဝဘေး ထိခိုက်မှုလျော့ချရေးနှင့် စီမံခန့်ခွဲမှုကောင်စီက ပြောသည်။ **ဆင်ဟွာ**

# အမေရိကန်၌ ပြင်းထန်သည့်အအေးဒဏ်ကြောင့် လူ ၄၀ ထက်မနည်းသေဆုံး

**နယူးယောက် ဇန်နဝါရီ ၁၉**

ပြီးခဲ့သည့် သီတင်းပတ်မှစတင်ကာ ပြင်းထန်သည့် အအေးဒဏ်ရာသီဥတုကြောင့် နိုင်ငံအတွင်း သေဆုံးသူ ၄၀ ထက်မနည်း ရှိသည်ဟု အမေရိကန်မီဒီယာတွင် ဖော်ပြသည်။

အမေရိကန် ပြည်ထောင်စုရှိ နေရာဒေသ တော်တော်များများတွင် အအေးလှိုင်းဒဏ်ကြောင့် အပူချိန်ကျဆင်းမှု၊ နှင်းများ ထူထပ်စွာကျဆင်းမှုနှင့် လေပြင်းများတိုက်ခတ်မှုတို့ ဖြစ်ပေါ်နိုင်သည်ဟု မိုးလေဝသအရာရှိက သတိပေးထားသည်။

သေဆုံးသူများမှာ နယူးယောက်၊ အီလီနွိုက်နှင့် အော်ရီဂွန်ပြည်နယ်တို့မှ ဖြစ်ကြသည်။ အော်ရီဂွန်ပြည်နယ် ပို့တ်လန်းတွင် ဇန်နဝါရီ ၁၇ ရက်က ဆီးနှင်းမုန်တိုင်းအတွင်း ကားပေါ်သို့ ဓာတ်ကြိုးပြတ်ကျကာ လူသုံးဦး သေဆုံးခဲ့ရသည်။

၎င်းတို့ကို မော်တော်ကားအတွင်းမှ ထုတ်ယူသည့်အခါ ဓာတ်လိုက် သေဆုံးနေသည်ဟု ယူဆရကြောင်း မီးသတ်ဌာနက ပြောသည်။ လမ်းများမှာလည်း ရေခဲများနှင့် ဖုံးလွှမ်းနေပြီး လူသွားစင်္ကြံများမှာလည်း နှင်းများဖြင့် ပြည့်နေသဖြင့် အဆိုပါနေရာတွင် လမ်းလျှောက်သွားရန်ပင် မလွယ်ကူဟု သတင်းများတွင် ဖော်ပြထားသည်။

အေးခဲသည့် အအေးဒဏ်ကြောင့် အီလီနွိုက်ပြည်နယ်ရှိ လျှပ်စစ်ကားပိုင်ရှင်များ အခက်ကြုံနေရသည်။ အအေးဒဏ်ကြောင့် ဘက်ထရီကုန်သွားသဖြင့် အချို့ကားများ သောင်တင်နေကြရသည်။

အားသွင်းရုံ များတွင်လည်း ကားတန်းရှည်ကြီးဖြင့် အားသွင်းနိုင်ရန် စောင့်ဆိုင်းနေကြသည်ကို တွေ့မြင်ရသည်။ ယခု သီတင်းပတ်အတွင်း နေရာတော်တော်များများတွင် ရေခဲနေသည့်လမ်းများနှင့် ဆီးနှင်းများ ထူထပ်စွာကျဆင်းမှုနှင့် ကြုံတွေ့ရဦးမည်ဟု မိုးလေဝသအရာရှိများက သတိပေးထားသည်။ **အင်န်အိတ်ချ်ကေ**



အမေရိကန်၌ နှင်းထူထပ်စွာ ကျရောက်နေစဉ်။

# အီရန်နှင့်ပါကစ္စတန်တို့ တိုက်ခိုက်နေမှု အရှိန်မြင့်လာ

**တီဟီရန် ဇန်နဝါရီ ၁၉**

အီရန်နှင့် ပါကစ္စတန်တို့သည် ၎င်းတို့ နယ်စပ်တစ်လျှောက် တိုက်ခိုက်မှုများနှင့် တန်ပြန်တိုက်ခိုက်မှုများ ဆက်တိုက်ပြုလုပ်ခဲ့ကြသည်။ ထိန်းချုပ်မှုများ လုပ်ဆောင်ကြရန် နှစ်ဖက်စလုံးကို ကမ္ဘာ့ခေါင်းဆောင်များက တိုက်တွန်းထားကြသည်။

ဇန်နဝါရီ ၁၆ ရက်က ပါကစ္စတန်သည် ဒရုန်းဖြင့် တိုက်ခိုက်ခံရမှု၊ ဒုံးကျည်ပစ်ခတ်ခံရမှုတို့နှင့်ကြုံတွေ့ခဲ့ရပြီး ကလေးနှစ်ဦး အသက်ဆုံးရှုံးခဲ့ရသည်။ ဇန်နဝါရီ ၁၈ ရက်ကလည်း ပါကစ္စတန်တို့သည် အီရန်နိုင်ငံ အရှေ့တောင်ပိုင်းသို့ ပစ်မှတ်ထားကာ လက်တုံ့ပြန်တိုက်ခိုက်မှု ပြုလုပ်ခဲ့သည်။ အကြမ်းဖက်သမားများ ခိုအောင်းရာနေရာများကို ပစ်မှတ်ထားကာ တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်ဟု ပါကစ္စတန်အရာရှိများက ပြောသည်။

အီရန် ပြည်ထဲရေးဝန်ကြီး အာမက် ဗာဟီဒီ ကလည်းအဆိုပါ တိုက်ခိုက်မှုကို အတည်ပြုခဲ့သည်။ ၎င်းတို့ရရှိထားသည့် အချက်အလက်များအရ ကလေးလေးဦး၊ အမျိုးသမီးသုံးဦးနှင့် အမျိုးသားနှစ်ဦး ကျေးရွာအတွင်းပေါက်ကွဲမှု၌ သေဆုံးခဲ့ကြောင်း၊ ၎င်းတို့မှာ အီရန်နိုင်ငံသားများ မဟုတ်ကြကြောင်း ပြောသည်။

ယခုသီတင်းပတ် အစောပိုင်းကလည်း အီရန်သည် ဆီးရီးယားနှင့်အီရတ်တို့ရှိ ပစ်မှတ်နေရာများကို ဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည်။

**အင်န်အိတ်ချ်ကေ**



# ရိုးမားနဲ့လမ်းခွဲမှာ မျက်ရည်စတွေနဲ့ နှုတ်ဆက်ခဲ့တဲ့ မော်ရင်ဟို

ဗလောင်ဆူနေတဲ့ ရင်တစ်ခု အလွမ်းထုတွေနဲ့အတူ နည်းပြ မော်ရင်ဟို တစ်ယောက် စီးရီးအေကလပ် ရိုးမားအသင်းကနေ မျက်ရည်စတွေနဲ့ နှုတ်ဆက်ထွက်ခွာခဲ့ရပြီ ဖြစ်ပါတယ်။ အသင်းရလဒ်ဆိုးရွားမှုတွေကြောင့် ဇန်နဝါရီ ၁၆ ရက်မှာ အသင်းကနေ ထုတ်ပယ်ခံလိုက်ရပြီးနောက် ရိုးမားအသင်းလေ့ကျင့်ရေးကွင်း ထရီဂေါရီယာကနေ နောက်ဆုံး ထွက်လာတဲ့အချိန်မှာ ၎င်းကိုအားပေးကြတဲ့ ပရိသတ်တွေရဲ့ ချစ်ခင်နှစ်သက်ကြောင်း ကြွေးကြော်သံတွေ၊ အားပေးသံတွေကြားမှာ မျက်ရည်စတွေနဲ့ နှုတ်ဆက်ထွက်ခွာခဲ့ရတာပါ။

မြစ်ကမ်းနားမှာ ပေါက်တဲ့ သစ်ပင်ဟာ မြစ်ရေကို အမှီပြုပြီး အခက် အလက်စိမ်းလန်းစိုပြည်မှုကိုရရှိသော်လည်း မြစ်ရေတိုက်စားမှုကြောင့် အချိန်မရွေးပြိုကျပျက်စီးတတ်သကဲ့သို့ပင် ဘောလုံးနည်းပြတစ်ဦး ဟာလည်း ၎င်းထိုင်ခုံမြဲဖို့အတွက် အသင်းကစားသမားတွေအပေါ် မှီခို အားထားနေရပြီး အဲ့ဒီအသင်းကစားသမားတွေကြောင့်ပဲ နည်းပြဘဝ ကနေ ထုတ်ပယ်ခံရတတ်ပါတယ်။

### နည်းပြပြောင်းလဲမှုတွေ ဖြစ်ပေါ်လာ

နည်းပြတစ်ဦး ထုတ်ပယ်ခံရတော့မယ့်အချိန်ဆိုရင် အသင်းမှာရှိတဲ့ ကစားသမားတွေဟာ စည်းလုံးမှုမရှိတော့ခြင်း၊ အဝတ်လဲခန်းအတွင်း အဆင်မပြေတော့ခြင်း၊ ပွဲအပေါ်အာရုံစိုက်မှု မရှိတော့ခြင်း၊ ချမှတ်ထားတဲ့ ကစားကွက်အပေါ် သံသယဝင်ခြင်း၊ နိုင်လိုစိတ်ပြင်းထန်မှု မရှိခြင်း၊ နည်းပြအပေါ် မေးခွန်းထုတ်ခြင်းစတဲ့ အချက်အလက်တွေ ဖြစ်ပေါ်လေ့ ရှိတယ်။ အသင်းတစ်သင်းမှာ အဲဒီလို အချက်အလက်တွေ ဖြစ်ပေါ်မှု နဲ့အတူ ရလဒ်ဆိုးရွားနေပြီဆိုရင် အနှေးနဲ့အမြန် နည်းပြပြောင်းလဲမှုတွေ ဖြစ်ပေါ်လာတယ်။

မော်ရင်ဟိုလက်ထက် နောက်ဆုံးပွဲစဉ်ဖြစ်တဲ့ အေစီမီလန်ကို သုံးဂိုး-တစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့တဲ့ပွဲမှာဆိုရင် အသင်းကစားသမားတွေရဲ့ စွမ်းဆောင်ရည်ပိုင်း အတော်လေးကျဆင်းခဲ့တာ တွေ့ရတယ်။ ရိုးမား အသင်းမှာ အဓိကအားထားရတဲ့ ဗဟိုခံစစ်ကစားသမား ခရစ္စမောလင်း ကာလရှည်အနားယူနေရခြင်း၊ အသင်းအားထားရတဲ့ တိုက်စစ် ကစားသမား အေဗရာဟင်မှာလည်း ဒဏ်ရာကြောင့် ပွဲပြန်ကစားဖို့ အဆင်သင့် မဖြစ်သေးခြင်း၊ အဓိက အရေးပါဆုံး တိုက်စစ်ကစားသမား သမားဖြစ်သူ ဒိုင်ဘာလာမှာလည်း ပွဲလွဲချော်မှု များပြားလာခြင်း စတာ တွေကလည်း အသင်းစွမ်းဆောင်ရည်ပိုင်း သို့မဟုတ် အသင်းရလဒ်ပိုင်း ဆိုးရွားလာမှု တစ်စိတ်တစ်ပိုင်းပါဝင် ပတ်သက်နေတယ်။

### အဆင့် (၉) မှာ ရပ်တည်နေ

ရိုးမားအသင်းဟာ ယခုနှစ်ရာသီ ပွဲစဉ် (၂၀) အပြီးမှာ ဦးဆောင်သူ အင်တာမီလန်အသင်းနဲ့ ၂၂ မှတ်အကွာ၊ အဆင့် (၄) နေရာက ဖီအိုရင်တီးနားနဲ့ ငါးမှတ်အကွာ ရမှတ် ၂၉ မှတ်နဲ့ အဆင့် (၉) မှာ ရပ်တည် နေတာ ဖြစ်ပါတယ်။ အီတလီဘောလုံးဘဏ္ဍာရေးဆိုင်ရာ ကျွမ်းကျင်သူ ကလက်စီယို အီးဖီနန်ဇာက မော်ရင်ဟိုနည်းပြတဲ့ကာလ သက်တမ်း အတွင်း စီးရီးအေမှာ ရရှိတဲ့ အမှတ်တစ်ခုချင်းစီဟာ ရိုးမားကို ပေါင် သုံးသန်းခန့် ကုန်ကျတယ်လို့ တွက်ချက်ကာ ထောက်ပြခဲ့တယ်။

၂၀၂၁ ခုနှစ် ဇူလိုင် ၁ ရက်မှာ မော်ရင်ဟို ရိုးမားအသင်းထံ စတင် ရောက်ရှိခဲ့ပြီး ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁၆ ရက် အသင်းကနေ ထွက်ခွာ တဲ့အချိန်အထိ ပွဲပေါင်း ၁၃၈ ပွဲ ကိုင်တွယ်ခဲ့ပြီး ၆၈ ပွဲနိုင်၊ ၃၁ ပွဲသရေနဲ့ ၃၉ ပွဲ ရှုံးနိမ့်ထားတယ်။ ၂၀၂၁ ခုနှစ် နွေရာသီမှာ ကစားသမား ခေါ်ယူ မှုတွေအတွက် အသားတင် ပေါင်သန်း ၁၀၀ ခန့် သုံးစွဲခဲ့တယ်။ အဲဒီ နောက် မော်ရင်ဟိုက ၁၄ နှစ်အတွင်း ရိုးမားအသင်းအတွက် ပထမဆုံး ဆုဖလား၊ ၁၉၆၁ ခုနှစ်နောက်ပိုင်း ပထမဆုံး ဥရောပဖလားဖြစ်တဲ့ ယူရိုပါကွန်းဖရင့်လိဂ်ကို ဆွတ်ခူးကာ အသင်းပိုင်ရှင်တွေရဲ့ ယုံကြည်မှုကို သက်သေထူပြခဲ့တယ်။

### ဖလားဆွတ်ခူးနိုင်ခြေနည်းပါး

ဒါ့အပြင် ၂၀၂၂-၂၀၂၃ ရာသီမှာလည်း နည်းပြ မော်ရင်ဟိုအနေနဲ့ ယူရိုပါလိဂ်ဖလားပြိုင်ပွဲမှာ ရိုးမားအသင်းကို ဗိုလ်လုပွဲ တက်လှမ်း နိုင်အောင် ကူညီပေးထားနိုင်တယ်။ သို့သော် ယခုနှစ်ရာသီမှာတော့ အမှတ်ပေးဖလားပြိုင်ပွဲမှာ ရလဒ်တွေ ဆိုးရွားနေမှုကြောင့် ဖလား ဆွတ်ခူးနိုင်ခြေ အတော်လေးနည်းပါးသွားခဲ့ပြီ ဖြစ်တယ်။ ထို့အပြင် ကိုပါအီတာလီယာဖလားပြိုင်ပွဲ ကွာတားဖိုင်နယ်မှာလည်း လာဇီယိုကို ရှုံးနိမ့်ခဲ့တဲ့အတွက် ပြိုင်ပွဲကနေ ထွက်ခွာထားရပြီ ဖြစ်ပါတယ်။ ဒါကြောင့် ဒီရာသီမှာ ရိုးမားအသင်း ဖလားဆွတ်ခူးနိုင်ခြေရှိတာဆိုလို့ ယူရိုပါလိဂ် သာ ကျန်ရှိတော့တာ ဖြစ်ပါတယ်။

### မျက်ရည်ပါကျတဲ့အထိ ဖြစ်ခဲ့

မည်သို့ပင်ဆိုစေ ပေါ်တို၊ ချယ်ဆီး၊ အင်တာမီလန်၊ ရီးရဲမက်ဒရစ်၊ မန်ယူစတဲ့ အသင်းတွေမှာ အောင်မြင်မှု အသီးသီး၊ ဖလားအလီလီ ရယူ ထားနိုင်တဲ့ မော်ရင်ဟိုအနေနဲ့ ရိုးမားအသင်း ကွန်ဖရင့်လိဂ်ဗိုလ်လုပွဲ တက်လှမ်းနိုင်ခဲ့တုန်းကလည်း မျက်ရည်မဆည်နိုင် ဖြစ်ခဲ့ပါသေးတယ်။ ဗိုလ်လုပွဲမှာ ပြိုင်ဘက်ကို အနိုင်ယူပြီး ဖလားဆွတ်ခူးနိုင်ခဲ့တော့ မျက်ရည်ပါကျတဲ့အထိ ဖြစ်ခဲ့တယ်။ ဂန္တဝင်ကစားသမား တော့တီဟာ ရိုးမားအသင်းကို သစ္စာမဲ့လွန်းလို့ ဘယ်နာမည်ကြီး အသင်း၊ တခြား ဘယ်အသင်းကို မပြောင်းရွှေ့ခဲ့တာကြောင့် ရောမဟာ သစ္စာတရား ထွန်းကာရာ နယ်မြေလို့ ထင်မှတ်ခဲ့ရသော်ငြား အသင်းသမိုင်း တစ်လျှောက် ဥရောပပြိုင်ပွဲမှာ ဗိုလ်လုပွဲကို နှစ်ကြိမ်တိုင်တိုင် ရောက် ရှိအောင် စွမ်းဆောင်ပေးထားနိုင်ပြီး အသင်းအပေါ် ပေးဆပ်လိုစိတ် ပြင်းထန်လွန်းသူ နည်းပြ မော်ရင်ဟိုကို ရလဒ်ဆိုးရွားမှု အကြောင်းပြုကာ အသင်းကနေ ရုတ်တရက်ထုတ်ပယ်လိုက်တာကတော့ ရက်စက်လွန်း ရာကျတယ်လို့ ဘောလုံးကျွမ်းကျင်သူတွေက သုံးသပ်ကြတယ်။

### ဒီရော့ဆီကို ယာယီနည်းပြအဖြစ် ခန့်အပ်

လက်ရှိမှာတော့ ရိုးမားအသင်းဟာ အသင်းကစားသမားဖြစ်သူ ဒီရော့ဆီကို ယာယီနည်းပြအဖြစ် ခန့်အပ်လိုက်ပါတယ်။ ဖြစ်တည် ခြင်းတွေ ကောင်းခဲ့ပေမယ့် နေရာလွဲပြီး ပွင့်ခဲ့တဲ့ပန်းလို ဆုတောင်းများ မှားခဲ့လေသလားလို့ ထင်ရတဲ့ နည်းပြမော်ရင်ဟိုရဲ့ မျက်ရည်ပြဇာတ်ဟာ ဒီမှာတင် အဆုံးသတ်သွားမလား သို့မဟုတ် အသင်းသစ်မှာ ဆက်ရန် ရှိသေးသည်ဆိုပြီး မျက်ရည်ပြဇာတ်ဆက်ခင်းဦးမလားဆိုတာထက် မော်ရင်ဟို ထွက်ခွာသွားပြီးနောက် ရိုးမားအသင်းရဲ့ အခြေအနေဟာ အရေးမကြီးချင်ယောင်ဆောင်ဖို့ မဖြစ်နိုင်ဘဲ ယာယီနည်းပြ ဒီရော့ဆီ အနေနဲ့ အသင်းရဲ့ လိုအပ်ချက်တွေကို အချိန်မီပြင်ဆင်ပြီး လမ်းကြောင်း မှန်ပေါ် ပြန်တည့်ကာ ဆုဖလားတွေ ဆွတ်ခူးပေးသွားနိုင်မလားဆိုတာ က ပိုပြီးစိတ်ဝင်စားဖို့ ကောင်းလာတယ်။ ။



■ မိုးဇက် – စုစည်းသည်

PREMIER LEAGUE GAME WEEK 21

ယခုတစ်ပတ်မှာ ပရီမီယာလိဂ်ပွဲစဉ် (၂၁) ကို ယှဉ်ပြိုင်ကစား သွားမှာ ဖြစ်ပါတယ်။ အာဆင်နယ်က ပဲလေ့စ်၊ ဘုန်းမောက်က လီဗာပူး၊ ဘရိုက်တန်က ဝုဖ်အသင်းတို့ ဆုံတွေ့နေတာကြောင့် ဘယ်အသင်းက ရလဒ်ကောင်းရရှိသွားပြီး ဘယ်အသင်းက ရလဒ်ဆိုးနဲ့ ကြုံတွေ့သွားမလဲ စောင့်ကြည့်ရမှာ ဖြစ်ပါတယ်

## အဝေးကွင်းအားကောင်းတဲ့ ပဲလေ့စ်ကို အာဆင်နယ် ခက်ခက်ခဲခဲ ကစားရဖွယ်ရှိ

### အာဆင်နယ် Vs ခရစ္စတယ်ပဲလေ့စ်

စနေနေ့ ည – ၇း၀၀ Emirates Stadium

အမှတ်ပေးဇယားရပ်တည်မှုအရ အာဆင်နယ်အနေနဲ့ ပဲလေ့စ်ကို မဖြစ်မနေ နိုင်ပွဲရရှိဖို့ လိုအပ်နေတယ်။ ပဲလေ့စ်ရော အာဆင်နယ်ပါ အက်ဖ်အေဖလားပြိုင်ပွဲကနေ ထွက်ခွာထားရတာကြောင့် နိုင်ပွဲရရှိဖို့ အကောင်းဆုံးပြင်ဆင်လာမှာပါ။ ပဲလေ့စ်အသင်းထက် တိုက်စစ် ထက်မြက်မှုရှိတဲ့ အာဆင်နယ်အသင်း နိုင်ဖွယ်ရာရှိတယ်။

### ရှက်ဖီးလ် Vs ဝက်စ်ဟမ်း

တနင်္ဂနွေနေ့ ည – ၈း၃၀ Bramall Lane

တန်းဆင်းဇုန်အောက်ဆုံးမှာ ရပ်တည်နေပြီး ခံစစ်အဆိုးရွားဆုံး အသင်းအဖြစ်ရှိနေတဲ့ ရှက်ဖီးလ်အနေနဲ့ ဝက်စ်ဟမ်းကို နိုင်ပွဲရဖို့ လိုအပ်နေတယ်။ ဝက်စ်ဟမ်းကလည်း ပြိုင်ပွဲစုံ နောက်ဆုံးသုံးပွဲဆက် နိုင်ပွဲပျောက်ဆုံးမှုကို ချေဖျက်ဖို့ ကြိုးစားလာမှာပါ။ ဝက်စ်ဟမ်း အသာရမယ်။

### ဘုန်းမောက် Vs လီဗာပူး

တနင်္ဂနွေနေ့ ည – ၁၁း၀၀ Vitality Stadium

လီဗာပူးအသင်းအနေနဲ့ ပြတ်သားတဲ့ ရလဒ်နဲ့ အမှတ်ပေးဇယားကို ဦးဆောင်ဖို့ ဘုန်းမောက်ကို နိုင်ပွဲရရှိရေး ခြေကုန်ထုတ်လာမှာပါ။ ဒါပေမယ့် ဘုန်းမောက်အသင်းရဲ့ ခြေစွမ်းကလည်း အကောင်းဆုံး ပုံစံမှာရှိတာကြောင့် လီဗာပူး ခက်ခက်ခဲခဲ ကစားရဖွယ်ရှိတယ်။ ဆာလာမပါဝင်နိုင်ပေမယ့် ဘုန်းမောက်ကို နိုင်ဖွယ်ရာရှိတယ်။

### ဘရိုက်တန် Vs ဝုဖ်

အင်္ဂါနေ့ နံနက် – ၂း၁၅ American Express Stadium

နှစ်သင်းကြား ခြေစွမ်းကွာဟမှု သိပ်မရှိဘူး။ ဘရိုက်တန်က အိမ်ကွင်း အားသာပြီး ဝုဖ်က အဝေးကွင်းအားနည်းတတ်တာ တွေ့ရတယ်။ ဒီနှစ်သင်း နောက်ဆုံးနှစ်ကြိမ် တွေ့ဆုံမှုမှာ ဘရိုက်တန်အသင်းက နှစ်ကြိမ်စလုံး ဂိုးပြတ်အနိုင်ယူထားတယ်။ ဘရိုက်တန်အသင်း ကစားရခက်ခဲနိုင်ပြီး သရေလည်း ကျသွားနိုင်တယ်။

# မုံရွာစီးပွားရေးတက္ကသိုလ်နှင့် မုံရွာတက္ကသိုလ်၌ ၂၀၂၃ - ၂၀၂၄ ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲကျင်းပ

**မုံရွာ ဇန်နဝါရီ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာစီးပွားရေးတက္ကသိုလ် ပင်မဆောင် ငွေရတုခန်းမ၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲ အခမ်းအနားကို ယမန်နေ့က ကျင်းပရာ အခမ်းအနားသို့ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ပါမောက္ခချုပ်နှင့် ပါမောက္ခဌာနမှူးများ၊ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က မုံရွာစီးပွားရေးတက္ကသိုလ်သည် စစ်ကိုင်းတိုင်းဒေသကြီးတွင် အခြေစိုက် တည်ထောင်ဖွင့်လှစ်ထားရှိပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ချင်းပြည်နယ်တို့မှ အများစုဖြစ်ပြီး မြန်မာနိုင်ငံဒေသ အသီးသီးမှလည်း ပညာသင်ခွင့်ရရှိသည့် တက္ကသိုလ်တစ်ခုဖြစ်ပါကြောင်း၊ ကျောင်းသား/ကျောင်းသူ မောင်မယ်တို့အနေဖြင့် မိမိတို့ ပညာသင်ယူရမည့်အရွယ်တွင် ပညာသင်ခွင့်ရရှိသည့် အခွင့်အလမ်းများအား ကောင်းစွာ အသုံးချတတ်ရန် လိုအပ်ပါကြောင်း၊ ဆရာ ဆရာမများ သင်ကြားပြသသည့် စီးပွားရေးပညာဘာသာရပ်အသီးသီးကို ကိုယ်တိုင်တတ်ကျွမ်းနားလည်၍ အသုံးချနိုင်သည့် ပညာရှင်အဆင့်ရောက်ရှိအောင် ဖွဲ့လုံ့လ၊ ဝီရိယတို့ဖြင့် အားထုတ်ကြိုးပမ်း၍ လေ့လာသင်ယူဆည်းပူးသွားကြရန် မှာကြားလိုပါကြောင်း၊ ကျောင်းသား ကျောင်းသူတို့သည် လူငယ်မောင်မယ်များဖြစ်သည်နှင့်အညီ ကျန်းမာကြံ့ခိုင်ခြင်း၊ တွေးခေါ်မြော်မြင်နိုင်စွမ်းရှိခြင်း၊ ဖြောင့်မတ်မှန်ကန်သော အကျင့်စာရိတ္တတို့ဖြင့် ပြည့်စုံခြင်း၊ အချင်းချင်း ရိုင်းပင်းကူညီစိတ်ရှိခြင်း၊ မကောင်းမှုကို ရှောင်ကြဉ်ပြီး မိမိအတွက် ကောင်းကျိုးဖြစ်စေသော အရာတို့နှင့် ပြည့်စုံခြင်းစသည့် တတ်ကြွ၍ နိုးကြားသော လူငယ်မောင်မယ်များဖြစ်အောင် မိမိကိုယ်ကိုယ် လေ့ကျင့်ပျိုးထောင်ကြရမည် ဖြစ်ပါကြောင်းနှင့် စီးပွားရေးပညာရှင်များအဖြစ် မိမိနှင့်မိမိပတ်ဝန်းကျင်ကို အကျိုးပြုနိုင်သည့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်သော ပညာတတ် လူရည်ချွန်၊ လူရည်မွန်များဖြစ်အောင် အားထုတ်ကြိုးပမ်းသွားကြရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်ပြီး မုံရွာစီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ သီတာကြူက စီးပွားရေးတက္ကသိုလ်အကြောင်းအား မိတ်ဆက်ပြီး ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားကာ စတုတ္ထနှစ်သင်တန်းမှ ကျောင်းသား တစ်ဦးက ကြိုဆိုနှုတ်ဆက် စကားပြောကြားပြီး ပထမနှစ်သင်တန်းမှ ကျောင်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။



ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မုံရွာတက္ကသိုလ်ရှိ ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသော ၂၀၂၃-၂၀၂၄ ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲ အခမ်းအနားသို့ တက်ရောက်ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ မုံရွာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာအောင်ကျော်သင်က တက္ကသိုလ်အကြောင်းအား မိတ်ဆက်ပြီး ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အခမ်းအနားသို့ တက်ရောက်လာကြသော ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

## ကျိုင်းတုံမြို့ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၂၃ - ၂၀၂၄ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲပြုလုပ်၊ ကျိုင်းတုံတက္ကသိုလ်၏(၁၇)နှစ်ပြည့် တက္ကသိုလ်နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ဈေးရောင်းပွဲတော်ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၉**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ အမှတ်(၄)အခြေခံပညာ အထက်တန်းကျောင်း၏ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါကျောင်း၌ ပြုလုပ်ရာ တြိဂံဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် အောင်ခိုင်ဝင်းနှင့် တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ကျောင်းသားမိဘများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



ဦးစွာ တိုင်းမှူးနှင့် တာဝန်ရှိသူများက အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကျောင်းသားကျောင်းသူလေးများက "ကြိုဆိုပါသည် စုံညီပွဲတော်" သီချင်းဖြင့် သီဆိုကပြ ဖျော်ဖြေကြသည်။ ထို့နောက် တိုင်းမှူးက အမှာစကားပြောကြားပြီး ပညာရေးစုံညီပွဲတော်အတွက် ထောက်ပံ့ငွေများ ပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။ ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် အတန်းစဉ် ဆုရရှိကြသူများ၊ အင်္ဂလိပ်စာ၊ သင်္ချာပြိုင်ပွဲများတွင် ဆုရရှိကြသူများ၊ နိုင်ငံတကာ စာတတ်မြောက်ရေးနေ့အထိမ်းအမှတ် ကဗျာပြိုင်ပွဲတွင် ဆုရရှိကြသူများ၊ အာဇာနည်နေ့အထိမ်းအမှတ် ကဗျာ၊ ဆောင်းပါး၊ စာစီစာကုံးပြိုင်ပွဲများတွင် ဆုရရှိကြသူများ၊ (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ ကဗျာပြိုင်ပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ဆုများ ပေးအပ်ချီးမြှင့်ကြသည်။ ဆက်လက်၍ တိုင်းမှူးနှင့် တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူများ၏ သီဆိုကပြ ဖျော်ဖြေ တင်ဆက်မှုများကို ကြည့်ရှုအားပေးပြီး ပြခန်းများအတွင်း ခင်းကျင်းပြသထားသည့် ပစ္စည်းများအား လှည့်လည်ကြည့်ရှုကြသည်။

ထို့ပြင် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ ကျိုင်းတုံတက္ကသိုလ်၌ ပြုလုပ်သည့် (၁၇)နှစ်ပြည့် တက္ကသိုလ်နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ဈေးရောင်းပွဲတော်ကို တက်ရောက် ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဈေးရောင်းပွဲတော်အား လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**


ကျန်းမာရေးဝန်ကြီးဌာန

(၅၂) ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာသုတေသနညီလာခံ

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်မှ ၂၆ ရက်

ဆေးသုတေသနဦးစီးဌာန(ရုံးချုပ်) အမှတ်(၅)၊ ဇီဝကလမ်း၊ ရန်ကုန်မြို့


## ထူးခြားသည့် ညအပူချိန်များ

**နေပြည်တော် ဇန်နဝါရီ ၁၉**

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် ၂ ဒီဂရီစင်တီဂရိတ်၊ ဟဲဟိုးမြို့တွင် ၃ ဒီဂရီစင်တီဂရိတ်၊ ပင်လောင်းမြို့တွင် ၄ ဒီဂရီစင်တီဂရိတ်နှင့် ပူတာအိုမြို့၊ ကျောက်မဲမြို့၊ နမ့်စန်မြို့ (ရှမ်းပြည်နယ်တောင်ပိုင်း)၊ လွိုင်လင်မြို့၊ ဖလမ်းမြို့နှင့် ပြင်ဦးလွင်မြို့တို့တွင် ၅ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ **မိုး/ဇလ**

## မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား ဘတ်စကက်ဘောဗိုလ်လုပွဲပြိုင်ပွဲများ ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၉**

၂၀၂၄ ခုနှစ် အားကစားနှင့်ကာယပညာဦးစီးဌာန၊ မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား အမျိုးသား၊ အမျိုးသမီး 5x5 အလွတ်တန်းနှင့် 3x3(U-18)ဘတ်စကက်ဘောပြိုင်ပွဲဗိုလ်လုပွဲများကို ယနေ့မွန်းလွဲ ၃ နာရီက ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် အမျိုးသားအားကစားရုံ(၁)သုဝဏ္ဏ၌ ကျင်းပသည်။

ဗိုလ်လုပွဲပြိုင်ပွဲများ၌ အမျိုးသားအလွတ်တန်းတွင်-BaNa အသင်းက Nekoအသင်းကို ရမှတ် ၇၃ မှတ်၊ ၄၃ မှတ်ဖြင့် လည်းကောင်း၊ အမျိုးသမီးအလွတ်တန်းပြိုင်ပွဲတွင် Steel အသင်းက Baby-1 အသင်းကို ရမှတ် ၆၂ မှတ်၊ ၃၉ မှတ်ဖြင့်လည်းကောင်း၊ U-18 အမျိုးသား 3x3 ပြိုင်ပွဲတွင် Abyss အသင်းက pyu အသင်းကို ရမှတ် ၈ မှတ်၊ ၇ မှတ်ဖြင့် လည်းကောင်း၊ အမျိုးသမီးပြိုင်ပွဲတွင် မအူပင်(A)အသင်းက Pyu-A အသင်းကို ရမှတ် ၁၄ မှတ်၊ ၁၀ မှတ်ဖြင့် အနိုင်ရရှိသည်။

ပြိုင်ပွဲအပြီး ဆုချီးမြှင့်ပွဲကျင်းပရာ အမျိုးသား၊ အမျိုးသမီး 5x5 အလွတ်တန်းနှင့် 3x3(U-18)ဘတ်စကက်ဘောပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယဆု၊ အကောင်းဆုံးအမျိုးသား၊ အမျိုးသမီးအားကစားသမားဆုများ ရရှိကြသော အားကစားသမားများအား အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)မှ ကျောင်းအုပ်ကြီး ဦးထွန်းထွန်ဦး၊ မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်မြင့်နှင့် အမှုဆောင်များက တစ်ဦးချင်းဆုတံဆိပ်၊ ငွေသားဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် မြန်မာနိုင်ငံတရုတ်ကုန်သည်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးတင်မောင်ညွန့်က အမျိုးသားအလွတ်တန်း BaNa အသင်းနှင့် အမျိုးသမီးအလွတ်တန်း Steel အသင်းတို့အား တံခွန်စိုက်ဖလား ချီးမြှင့်ခဲ့ကြသည်။ အဆိုပါပြိုင်ပွဲကို ဇန်နဝါရီ ၁၀ ရက်မှ ၁၉ ရက်အထိ ပတ်လည်စနစ်ဖြင့် ကျင်းပခဲ့ပြီး ပြိုင်ပွဲဝင်အသင်း ၅၀၊ အားကစားသမား ၂၀၀ ခန့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။ **အာကာစိုး**



# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ပြည်နယ်အဆင့် ဌာနဆိုင်ရာများနှင့် လုပ်ငန်းညှိနှိုင်းစည်းဝေး

**စစ်တွေ ဇန်နဝါရီ ၁၉**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၄)ကို ယနေ့ မွန်းလွဲပိုင်းက ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းက ယခုကာလတွင် စီမံအုပ်ချုပ်ရေးအပိုင်းနှင့် အခြားသောလုပ်ငန်းများတွင် လုံခြုံရေးကို အဓိကထားဆောင်ရွက်လျက်ရှိကြောင်း၊ အဓိကအားဖြင့် ဒေသတစ်ခုတွင် တည်ငြိမ်အေးချမ်းမှုရှိရန် အဓိကကျပါကြောင်း၊ တည်ငြိမ်အေးချမ်းမှုရှိမှ ထိုဒေသသည် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ တည်ငြိမ်အေးချမ်းမှုရှိခြင်းသည်လည်း လုံခြုံရေးအဖွဲ့များ၏ စီမံဆောင်ရွက်မှု၊ လုံခြုံမှုစနစ်တကျရှိခြင်းအပေါ်တွင် အခြေခံသည့်အတွက် လုံခြုံရေးသည် မဖြစ်မနေ အရေးပါသည့်နေရာတွင်ရှိကြောင်း၊ နောက်တရားဥပဒေစိုးမိုးမှုရှိမှ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို တစိုက်မတ်မတ်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်နိုင်မှသာလျှင် မိမိတို့ဒေသ၊ မိမိတို့ပြည်နယ်သည် မိမိတို့လိုချင်သည့် ပန်းတိုင်းတစ်ခုကို ရောက်ရှိနိုင်မည်ဖြစ်ကြောင်း၊ လတ်တလောအခြေအနေတွင် လုံခြုံရေးနှင့် ပတ်သက်သည့် ကန့်သတ်ချက်များရှိသော်လည်း တခြားကိစ္စရပ်များနှင့် နှိုင်းယှဉ်လျှင် ဦးစားပေးဆောင်ရွက်ရမည်မှာ လုံခြုံရေးပင်ဖြစ်ကြောင်း၊

ပြီးခဲ့သည့်ရက်များက ပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သောဌာနများ၏ ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်သည့် တည်ဆောက်ရေး၊ ပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ ဆောင်ရွက်ပြီးစီးမှုတို့နှင့် စပ်လျဉ်း၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ပြုလုပ်ခဲ့ကြောင်း၊ လုံခြုံရေးအခြေအနေကြောင့် မဆောင်ရွက်နိုင်သည့် လုပ်ငန်းများကို နိုင်ငံတော်အား အချိန်မီအပ်နှံနိုင်ရန် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်ကလည်း ထိုနေရာများတွင် အသုံးမပြုရလျှင် တခြားသော ဒေသများမှာ ပြန်လည်အသုံးပြုနိုင်ရန်နှင့် လုံခြုံရေးအရအခြေအနေကောင်းမွန်လာသည့်အခါ ပြန်လည်ပြီးဦးစားပေးစနစ်ဖြင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို လုပ်ကိုင်နိုင်ရန် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများအနေဖြင့်လည်း မိမိတို့ဌာနနှင့် ပတ်သက်၍ လိုအပ်ချက်များရှိပါက ပွင့်ပွင့်လင်းလင်း ဆွေးနွေးတင်ပြပေးကြစေလိုကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)**



ထို့နောက် ပြည်နယ်အစိုးရအဖွဲ့ဝင်များက ပညာရေး၊ ကျန်းမာရေး၊ ဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြပြီး ပြည်နယ်အဆင့်ဌာနဆိုင်ရာများက မိမိတို့ဌာနအလိုက် လုပ်ငန်းဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်က ပြန်လည်ဆွေးနွေးပေးကာ နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

---

❖ *ကျောဖုံးမှ*

မြို့အဝင် စစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Toyota Hiace မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၇၀၀၀၀၀၀ ) ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဇန်နဝါရီ ၁၇ ရက်တွင် ဟင်္သာတမြို့ လယ်တီကွင်းရပ်ကွက်၌ လိုင်စင်မဲ့ Toyota Wish မော်တော်ယာဉ် တစ်စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရ လည်းကောင်း၊ ဇန်နဝါရီ ၁၈ ရက် ကြံခင်းမြို့နယ်၌ တရားမဝင် ကျွန်းသစ် ၀ ဒသမ ၂၂၂ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၆၉၁၆) ကို သစ်တောဥပဒေအရ လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၄၆၉၁၆ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဇန်နဝါရီ ၁၈ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မကွေးမြို့ မြို့မအိုးဘိုရပ်ကွက်၌ လိုင်စင်မဲ့ Toyota Wish မော်တော်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဇန်နဝါရီ ၁၈ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်အတွင်း၌ တရားမဝင် ကျွန်းသစ် ၁၆ ဒသမ ၆၁၇ တန်၊ သစ်မာ ၅ ဒသမ ၃၁၂ တန်နှင့် အခြားသစ် ၄ ဒသမ ၆၈၆ တန် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၀၀၁၅၂၀ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဇန်နဝါရီ ၁၈ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာနှစ်လုံးအတွင်းမှ ပိုင်ရှင်မှ စွန့်လွှတ်ကြောင်း တင်ပြလာသည့် Win Powder Wrapper Roll ၅၁၈၄ ကီလိုဂရမ်အပါအဝင် ကုန်ပစ္စည်းကိုးမျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၂၃၄၅၂၆၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇန်နဝါရီ ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ခြောက်မှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၆၉၉၃၆၉၆ ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

---

## မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ရန်ကုန်မြို့၌ ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၁၉**

မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော (President Cup) ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲများကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလတွင် ကျင်းပမည်ဖြစ်သည်။

မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲမှ Tour Pro နှင့် Senior Pro အဆင့် ပြိုင်ပွဲများကို ဖေဖော်ဝါရီ ၆ ရက်မှ ၉ ရက်အထိ ငွေသော်တာဂေါက်ကွင်း၌ လည်းကောင်း၊ Junior အဆင့်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၅ ရက်မှ ၁၆ ရက်အထိ မြန်မာဂေါက်သီးရိုက်အသင်း (၉)မိုင်၌လည်းကောင်း၊ ဝါသနာရှင်အဆင့် အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၉ ရက်မှ ၂၂ ရက်အထိ ရန်ကုန်ဂေါက်ကွင်း(တညင်းကုန်း)၌ လည်းကောင်း ကျင်းပမည်ဖြစ်သည်။ Junior အဆင့် ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အမျိုးသား ၁၂ နှစ်အောက်သက်တမ်း၊ ၁၄ နှစ်အောက်သက်တမ်း၊ ၁၈ နှစ်အောက်သက်တမ်းနှင့် အမျိုးသမီး ၁၈ နှစ်အောက်သက်တမ်းပွဲစဉ်များ ပါဝင်မည်ဖြစ်ပြီး ဝါသနာရှင်အဆင့်တွင် (အမျိုးသား) (H’cap 0–12) အဆင့်နှင့် (အမျိုးသမီး) (H’cap 0–18) ယှဉ်ပြိုင်ကစားခွင့်ပြုမည်ဖြစ်ပြီး အဆိုပါပြိုင်ပွဲကို R&A Rule Limited နှင့် USGA တို့၏ Rule of Golf 2023 ဂေါက်သီးစည်းမျဉ်းများနှင့် ဒေသန္တရ စည်းမျဉ်းများအတိုင်း ကျင်းပမည်ဖြစ်သည်။

မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲမှ ပထမဆုံးပြိုင်ပွဲဖြစ်သော Tour Pro နှင့် Senior Pro အဆင့် ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ဂေါက်သီးအားကစားသမားများသည် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၃ ရက် မွန်းလွဲ ၂ နာရီ နောက်ဆုံးထား၍ ပညာရှင်အဆင့်တစ်ဦးလျှင် ကျပ်သုံးသောင်းဖြင့် ဖုန်း ၀၉–၄၂၀၀၀၂၂၅၉ ထံ ပြိုင်ပွဲဝင်ကြေးနှင့်အတူ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ ကျန်ပြိုင်ပွဲများအတွက် စာရင်းပေးသွင်းမှုနှင့်ပတ်သက်သည့် အသေးစိတ် အချက်အလက်များကို ထပ်မံကြေညာပေးသွားမည်ဖြစ်သည်။

**ကိုညီလေး**

---



ပြစ်မှုကျူးလွန်သူများအား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

◆ *ကျောဖုံးမှ*

မောင်ရွှေသိန်းနှင့် နေဇော်လတ်တို့ ရှစ်ဦးအား ထိန်းသိမ်းရှာဖွေခဲ့ရာ TOYOTA SUCCEED မော်တော်ယာဉ် တစ်စီး၊ စိတ်ကြွရူးသွပ်ဆေးပြား ငါးသိန်းနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့ဖြင့် စစ်ဆေးဖော်ထုတ်ခဲ့ရာ ယင်းနေ့ညနေ ၆ နာရီတွင် မရမ်းကုန်းမြို့နယ် (၃)ရပ်ကွက် ရဲရန်အောင်လမ်းရှိ နေအိမ်မှ မစောခင်ကျော် (ခ) စောခင်အား စိတ်ကြွရူးသွပ်ဆေးပြား ခြောက်သိန်းနှင့်အတူ ဆက်လက်ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးပေါ်ပေါက်ချက်အရ ဖမ်းမိတရားခံသန်းစိုး ငှားရမ်းနေထိုင်သည့် မရမ်းကုန်းမြို့နယ် (၃)ရပ်ကွက်ရှိ နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၃ ဒသမ ၉ သိန်းကိုလည်းကောင်း၊ သဃ်န်းကျွန်းမြို့နယ် မိကျောင်းကန်အပိုင်း(၃) ခေမာသီလမ်းသွယ် (၂) ရှိ စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်ရောင်းဝယ်ရာတွင် အစုရှယ်ယာပါဝင်သူ ကျော်လင်းဒါ၏ ဆောက်လုပ်ရေးကုမ္ပဏီမှ AD Van မော်တော်ယာဉ်တစ်စီးကိုလည်းကောင်း ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် စုစုပေါင်းဒေသကာလ တန်ဖိုးငွေကျပ် ၁ ဒသမ ၄၉ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၄ ဒသမ ၉ သိန်း သိမ်းဆည်းရမိခဲ့ကြောင်း၊ ဖမ်းဆီးရမိတရားခံများအနက် မောင်ရွှေသန်း (ခ) ကျော်သန်းသည် ၂၀၂၁ ခုနှစ် ဇန်နဝါရီလတွင် ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် ညောင်ကျိုးကျေးရွာအနီး စိတ်ကြွရူးသွပ်ဆေးပြား ၁၄ ဒသမ ၅ သိန်း ဖမ်းဆီးရမိမှုနှင့် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ရေကျော်ကျေးရွာရှိ ၎င်း၏ နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၉၀ ဒသမ ၄ သိန်း ဖမ်းဆီးရမိမှုတို့မှ အဓိကကွင်းဆက် တရားခံပြေးတစ်ဦးဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ၎င်းတို့အား ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

---

❍ *ကျောဖုံးမှ*

၂၀၂၂ ရာသီဝက်အထိ ကစားခဲ့ခြင်းဖြစ်သည်။ ၂၀၂၂ ရာသီဝက်တွင် ရန်ကုန်ယူနိုက်တက်အသင်းသို့ ပြောင်းရွှေ့ခဲ့ပြီး ၂၀၂၃ ရာသီကုန်အထိ ကစားပြီးနောက် ရှမ်းယူနိုက်တက်အသင်းသို့ တစ်ကျော့ပြန်ရောက်ရှိခဲ့ခြင်းဖြစ်သည်။ စအောင်ပြည့်ကိုသည် အသင်းဟောင်း ရှမ်းယူနိုက်တက်အသင်းသို့ ပြန်လည်ရောက်ရှိလာခြင်းဖြစ်ပြီး နှစ်နှစ်စာချုပ်ဖြင့် ခေါ်ယူခဲ့ခြင်းဖြစ်သည်။

MNL အမှတ်ပေးချန်ပီယံဆုကို စံချိန်တင် လေးရာသီဆက်တိုက် ရရှိထားသည့် ရှမ်းယူနိုက်တက်အသင်းသည် လာမည့်ရာသီတွင် ပြည်တွင်းပြိုင်ပွဲများအပြင် နိုင်ငံတကာပြိုင်ပွဲများလည်း ယှဉ်ပြိုင်ရမည်ဖြစ်သောကြောင့် လိုအပ်သည့်နေရာများကို အင်အားဖြည့်တင်းနေခြင်းဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် ပြည်တွင်း၊ ပြည်ပကစားသမားသစ်များ ထပ်မံခေါ်ယူမည်ဖြစ်သည်။

**ရဲရင့်လွင်**

**ဓာတ်ပုံ–SUFC**

# ဘုရားစေတီပုထိုးများနှင့် ဘာသာရေးဆိုင်ရာ အဆောက်အဦများကို ဖျက်ဆီးမှုအပေါ် ပူတာအိုမြို့၌ ကန့်ကွက်ရှုတ်ချပွဲပြုလုပ်



**နေပြည်တော် ဇန်နဝါရီ ၁၉**

အကြမ်းဖက်သောင်းကျန်းသူများက ဘုရားစေတီပုထိုးများ၊ ဗုဒ္ဓဆင်းတုတော်များအား ဖျက်ဆီးစော်ကားမှုအား ကန့်ကွက်ရှုတ်ချပွဲများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ကျင်းပပြုလုပ်လျက်ရှိရာ ယနေ့တွင် ကချင်ပြည်နယ် ပူတာအိုမြို့၌ ကျင်းပပြုလုပ်ကြသည်။

ဦးစွာ ကန့်ကွက်ရှုတ်ချပွဲသို့ တက်ရောက်လာကြသူများသည် သတ်မှတ်နေရာ အသီးသီးမှ ချီတက်စုဝေးကြပြီး သံဃာတော်များနှင့် မျိုးချစ်ပြည်သူဦးဆောင်သူများက ဗုဒ္ဓဘာသာအပေါ် ဖျက်ဆီးရန် လုပ်ဆောင်နေမှုများကို ကန့်ကွက်ကြောင်း ဟောပြောကြသည်။


ထို့နောက် ကန့်ကွက်ရှုတ်ချပွဲသို့ တက်ရောက်လာကြသူများက "အကြမ်းဖက်သမားများနှင့် အကြမ်းဖက် အားပေးထောက်ခံသူများ (ဆန့်ကျင်ကြ)၊ စေတီပုထိုးနှင့် ဗုဒ္ဓဆင်းတုတော်များအား ဖျက်ဆီးနေကြသည့် အကြမ်းဖက်သမားများနှင့် သာသနာဖျက်များအား (ဆန့်ကျင်ကြ)၊ အကြမ်းဖက်အားပေး လောက်ကောင်များအား (အလိုမရှိ)၊ သာသနာဖျက် အကြမ်းဖက် သမားများအား (အလိုမရှိ)၊ ဗုဒ္ဓသာသနာကိုဖျက်ဆီးစော်ကားနေသည့် အကြမ်းဖက်သမားများ(ကျရှုံးပါစေ)၊ လူမျိုးရေးခွဲခြား၊သာသနာကိုစော်ကားဖျက်ဆီးနေသူများအား (ဆန့်ကျင်ကြ)၊ စေတီပုထိုး၊ ဆင်းတုတော်များကို ဖျက်ဆီးနေကြသည့် အကြမ်းဖက်သမားများ (ကျရှုံးပါစေ)" စသည့် ကြွေးကြော်သံများ၊ ဆိုင်းဘုတ်များ ကိုင်ဆောင်၍ ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ရွှေဘိုမြို့ မဟာဝိသုတာရာမအသင်းကျောင်းတိုက် ဦးစီးပဓာန နာယက၊ နိုင်ငံတော်ဩဝါဒါစရိယ၊ ဘဒ္ဒန္တလာဘသာမိ ဘဝနတ်ထံပျံလွန်တော်မူ

**နေပြည်တော် ဇန်နဝါရီ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ အမှတ် (၃)ရပ်ကွက် မဟာဝိသုတာရာမအသင်းကျောင်းတိုက် ဦးစီးပဓာန နာယက၊ နိုင်ငံတော်ဩဝါဒါစရိယ ဘဒ္ဒန္တလာဘသာမိ (ဂန္ထဝါစကပဏ္ဍိတ) သက်တော် (၈၉)နှစ်၊ သိက္ခာ (၆၉)ဝါရှိ မဟာထေရ်မြတ်ကြီးသည် ၁၃၈၅ ခုနှစ် ပြာသိုလဆန်း ၉ ရက်၊ (၁၉-၁-၂၀၂၄) ရက်၊ သောကြာနေ့၊ ညနေ ၃ နာရီ ၄၅ မိနစ်အချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေး ဦးစီးဌာနမှ သတင်းရရှိသည်။ **သတင်းစဉ်**

## နိုင်ငံတော်ဩဝါဒါစရိယ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ အမှတ် (၃)ရပ်ကွက် မဟာဝိသုတာရာမအသင်း ကျောင်းတိုက် ဦးစီးပဓာနနာယက ဘဒ္ဒန္တလာဘသာမိ (ဂန္ထဝါစကပဏ္ဍိတ)၏ ထေရုပ္ပတ္တိအကျဉ်း



### ဖွားမြင်တော်မူခြင်း

ဆရာတော် လောင်းလျာသည် စစ်ကိုင်းတိုင်း ဒေသကြီး ကန့်ဘလူမြို့နယ် သရက်ကောင်းရွာ ခမည်းတော် ဦးပြောင်း+မယ်တော် ဒေါ်စံညို တို့မှ ၁၂၉၆ ခုနှစ် တပေါင်းလဆန်း ၁၀ ရက်၊ (ဗုဒ္ဓဟူးနေ့) တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်ပါသည်။

### ရှင်ရဟန်းပြုတော်မူခြင်း

ဆရာတော်လောင်းလျာသည် ၁၃၁၂ ခုနှစ်တွင် ရွှေဘိုမြို့ ပရိယတ္တိအသင်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဥတ္တမကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရှင်သာမဏေအဖြစ်သို့ရောက်ရှိခဲ့ပြီး ၁၃၁၆ ခုနှစ် တပေါင်းလပြည့်ကျော် ၈ ရက်နေ့တွင် ကန့်ဘလူမြို့နယ် ဇီးကနားဆရာတော် ဘဒ္ဒန္တနန္ဒဝံသကို ဥပဇ္ဈာယ်ပြုလျက် ကောလင်းမြို့နယ် နှောခုံရွာ ရွာဦးကျောင်း ခဏ္ဍသိမ်၌ ဦးစံမြ၊ ဒေါ်သိန်းတင်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

### ပရိယတ္တိစာပေသင်ယူဆည်းပူးတော်မူခြင်း

ဆရာတော်လောင်းလျာသည် ကန့်ဘလူမြို့နယ် သရက်ကောင်းရွာ ဆရာတော် ဘဒ္ဒန္တခေမိန္ဒ၊ ဘဒ္ဒန္တဝေပုလ္လ၊ ရွှေဘိုမြို့၊ အသင်းကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဥတ္တမ၊ ဘဒ္ဒန္တ သောဘိတ၊ ဘဒ္ဒန္တဇာဂရ၊ စစ်ကိုင်းမြို့ ရွှေဟင်္သာတိုက်သစ်ဆရာတော်၊ ပဋ္ဌာန်းသိပ္ပံဆရာတော်၊ မန္တလေးမြို့ မိုးကောင်းတိုက် ညောင်ရမ်းဆရာတော် ဘဒ္ဒန္တကုလနန္ဒဝံသ၊ ဘဒ္ဒန္တသဇ္ဇန၊ ပခုက္ကူမြို့ မဟာဝိသုတာရာမ အလယ်တိုက်ဆရာတော် ဘဒ္ဒန္တသုန္ဒရ၊ ဘဒ္ဒန္တဂန္ဓမာ၊ ဘဒ္ဒန္တကုသလ စသောဆရာတော်များထံတွင် ပရိယတ္တိစာပေများကို သင်ယူဆည်းပူးတော်မူခဲ့ပါသည်။

### သာသနာရေးအားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ မဟာဝိသုတာရာမအသင်းကျောင်းတိုက်တွင် စာသင်သားရဟန်းသာမဏေများအား ပရိယတ္တိစာပေများ သင်ကြားပို့ချပေးတော်မူခဲ့ခြင်း၊ ပါဠိပထမပြန်စာမေးပွဲဥက္ကဋ္ဌဆရာတော်အဖြစ် ဆောင်ရွက်တော်မူခဲ့ခြင်း၊ တိုင်းသံဃာ့ဝန်ဆောင်အဖြစ် ဆောင်ရွက်တော်မူခဲ့ခြင်းနှင့် ယနေ့အထိ နိုင်ငံတော်ဩဝါဒါစရိယဆရာတော်အဖြစ် သာသနာ့တာဝန်များကို ထမ်းဆောင်တော်မူခဲ့ပါသည်။

### ဘွဲ့တံဆိပ်တော်အလှူခံရရှိတော်မူခြင်း

ဤသို့လျှင် ဗုဒ္ဓသာသနာအကျိုးကို ထက်သန်သောဝီရိယဖြင့် သယ်ပိုးဆောင်ရွက်တော်မူခဲ့သော သာသန ဓုရာဝဟဂုဏ်၊ ပရိယတ္တိဝိသာရဒဂုဏ်၊ ပိဋ္ဌကတ္တယဆေကဂုဏ်၊ ခမာဇာဂရိယဂုဏ်၊ လဇ္ဇီပေသလ သိက္ခာကာမဂုဏ် စသည်တို့နှင့် ပြည့်စုံတော်မူခြင်းတို့ကြောင့် နိုင်ငံတော်အစိုးရက ဆရာတော်ကြီးအား ၁၉၉၅ ခုနှစ်တွင် **"ဂန္ထဝါစက ပဏ္ဍိတ"** ဘွဲ့တံဆိပ်တော်မြတ်ကို ဆက်ကပ်လှူဒါန်းခဲ့သည်။

### ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်ကြီးသည် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော်(၈၉)နှစ်၊ သိက္ခာတော်(၆၉)ဝါအရ ၁၃၈၅ ခုနှစ်၊ ပြာသိုလဆန်း ၉ ရက်၊ (၁၉-၁-၂၀၂၄)၊ သောကြာနေ့၊ ညနေ ၃ နာရီ ၄၅ မိနစ်အချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **သတင်းစဉ်**

# စာပေနှင့် သတင်းမီဒီယာကဏ္ဍဖွံ့ဖြိုးရေး၊ စာကြည့်တိုက်များ ရေရှည်တည်တံ့စေရေး ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် ဟောပြောဆွေးနွေးပွဲများကျင်းပ

**တောင်ကြီး ဇန်နဝါရီ ၁၉**

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ၊ မြန်မာနိုင်ငံစာရေးဆရာအသင်းနှင့် မြန်မာနိုင်ငံစာကြည့်တိုက်ဖောင်ဒေးရှင်းတို့ ပူးပေါင်းပြီး စာပေနှင့် သတင်းမီဒီယာကဏ္ဍဖွံ့ဖြိုးလာစေရေး၊ ဒေသတွင်းရှိ စာကြည့်တိုက်များ ပိုမိုအားကောင်းလာစေရေးတို့အတွက် ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ မြို့ကြီးအချို့တွင် ဟောပြောဆွေးနွေးပွဲများ ပြုလုပ်လျက်ရှိရာ ဇန်နဝါရီ ၁၈ ရက်တွင် ရှမ်းပြည်နယ် စာကြည့်တိုက်ဖောင်ဒေးရှင်း၊ တောင်ကြီးမြို့နယ် စာရေးဆရာအသင်းတို့နှင့်ပူးပေါင်းပြီး တောင်ကြီးမြို့ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌လည်းကောင်း ဇန်နဝါရီ ၁၉ ရက်တွင် ကလောခရိုင် စီမံအုပ်ချုပ်ရေးကောင်စီ၊ ကလောမြို့နယ်စာရေးဆရာအသင်းတို့နှင့် ပူးပေါင်းပြီး ကလောမြို့ အထက (၁) ကျောင်း၌ လည်းကောင်း သက်ဆိုင်ရာ သတင်းမီဒီယာသမားများနှင့် စာပေသမားများ၊ စာကြည့်တိုက် ဖောင်ဒေးရှင်းတာဝန်ရှိသူများ၊ ကျောင်းသားကျောင်းသူများနှင့် တွေ့ဆုံပြီး ဆွေးနွေးပွဲများ ပြုလုပ်သည်။

ထိုသို့ တွေ့ဆုံဆွေးနွေးပွဲသို့ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီနှင့် မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ၊ စာကြည့်တိုက်ဖောင်ဒေးရှင်း ဒုတိယဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီအတွင်းရေးမှူး ဦးအောင်ပြည့်စုံ၊ ရှမ်းပြည်နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးစိုးညွန့်ရွှေ၊ ရှမ်းပြည်နယ် စာကြည့်တိုက်ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါ်မေမေနီ၊ ကလောခရိုင် အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်နှင့် သက်ဆိုင်ရာခရိုင် မြို့နယ်အဆင့် တာဝန်ရှိသူများက ပူးပေါင်းပါဝင်ဆောင်ရွက်ကြသည်။



အဆိုပါ ဆွေးနွေးပွဲများတွင် လူငယ်အကျိုးပြု စာပေများ ထွန်းကားရေး၊ အဆိပ်သင့်စာပေများ ရေးသားထုတ်ဝေခြင်းကို ရှောင်ကြဉ်ရေး၊ သတင်းတုသတင်းမှားများကို ကျေပျက်အောင် ချေဖျက်ရေး၊ ဒေသတွင်း စာကြည့်တိုက်များ ရေရှည်ရပ်တည် ရှင်သန်နိုင်ရေးတို့အတွက် ဒေသခံစာပေသမားများနှင့် အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# မင်္ဂလာတောင်ညွန့်မြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူနိုင်ရေးအတွက် အဆောက်အအုံမှတ်တမ်းတင်ခြင်းလုပ်ငန်းဆောင်ရွက်

**ရန်ကုန် ဇန်နဝါရီ ၁၉**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ခြင်း လုပ်ငန်းတစ်ရပ်ဖြစ်သည့် အဆောက်အအုံ မှတ်တမ်းတင်ခြင်းလုပ်ငန်းကို ဇန်နဝါရီ ၁၉ ရက် နံနက်ပိုင်းက စတင်၍ ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ကန်တော်ကလေး ရပ်ကွက် ၉၄ လမ်းနှင့် စံပြဖဆပလရပ်ကွက် Cencus Unit တွင် သန်းခေါင်စာရင်းကောက်ယူနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းဖြစ်သည့် အဆောက်အအုံမှတ်တမ်းတင်ခြင်းလုပ်ငန်းကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မင်္ဂလာတောင်ညွန့်မြို့နယ်ရုံးမှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ သက်ဆိုင်ရာရပ်ကွက် အုပ်ချုပ်ရေးမှူးများ၊ ရာအိမ်မှူးများနှင့် တာဝန်ရှိသူများ ပူးပေါင်း၍ အဖွဲ့နှစ်ဖွဲ့ခွဲကာ ဆောင်ရွက်သည်။ အဆိုပါ အဆောက်အအုံမှတ်တမ်းတင်ခြင်း လုပ်ငန်းကို ဇန်နဝါရီ ၁၆ ရက်မှ မတ်လကုန်အထိ ရပ်ကွက်များတွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)**



## အုတ်ဖိုမြို့နယ် ပဲခူးရိုးမအတွင်းရှိ ကျေးရွာ ၁၀ ရွာကျော်မှ ပြည်သူများကို တပ်မတော်က ရွာထဲမှမောင်းထုတ်ပြီး ထွက်ခွာခြင်းမရှိသူများကို ပစ်သတ်မည်ဟုခြိမ်းခြောက်ခဲ့ကြောင်း သတင်းတု၊ သတင်းမှားများကို မဟုတ်မမှန်ရေးသား ဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၁၉**

ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ် ပဲခူးရိုးမအတွင်းရှိ ဆင်တဲကုန်း၊ ဝါးဖြူချောင်း၊ သိုက်ဝါးချောင်း၊ နွယ်ခွေ၊ ညောင်ကုန်း၊ ဝင်းသရက်၊ ကိုင်းတောစု၊ ချောင်းစောက်၊ ကိုင်းချိုကြီး၊ မြေပြာ၊ ဆည်ရွာ၊ လင်းနေစန်း၊ ကမ်းနီ၊ တံငါးကုန်း၊ ရွာရောင်၊ ကျွဲဖြူမနှင့် ရွှေကြာအင်းကျေးရွာများကို ပုဒ်မ ၁၄၄ ထုတ်ထားကြောင်း၊ အဆိုပါကျေးရွာများမှ ပြည်သူများကို ရွာထဲမှမောင်းထုတ်နေပြီး ထွက်ခွာခြင်းမရှိသူများကို ပစ်သတ်မည်ဟု လုံခြုံရေးတပ်ဖွဲ့ဝင်များက ဇန်နဝါရီ ၁၈ ရက်တွင် ခြိမ်းခြောက်ပြောဆိုနေကြောင်း သတင်းတု၊သတင်းမှားများကို Khit Thit Media က မဟုတ်မမှန် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။







အထက်ပါ သတင်းနှင့် ပတ်သက်၍ ပဲခူးတိုင်းဒေသကြီးမှ လုံခြုံရေးတာဝန်ရှိသူ တစ်ဦး၏ ပြောကြားချက်အရ အဆိုပါ ကျေးရွာများကို ယခုနှစ် ဇန်နဝါရီလအတွင်း ပုဒ်မ ၁၄၄ ထုတ်ပြန်ထားခြင်း မရှိကြောင်းနှင့် ပြည်သူများအား ရွာများမှ ထွက်ခွာခိုင်းခြင်းများ မရှိကြောင်း သိရှိရသည်။

**မဟုတ်မမှန်ရေးသားဖြန့်ဝေ**

အလားတူ ဇန်နဝါရီ ၁၉ ရက် နံနက် ၁၁ နာရီခန့်က ဘီးလင်းမြို့နယ် တက်တူကုန်းကျေးရွာထဲသို့ တပ်မတော်မှ လက်နက်ကြီးဖြင့် ပစ်ခတ်ရာ လက်နက်ကြီးနှစ်လုံး ကျရောက်ပေါက်ကွဲပြီး ပြည်သူသုံးဦးသေဆုံး၍ ဒဏ်ရာရရှိသူများလည်း ရှိကြောင်း သတင်းတု၊ သတင်းမှားများကို Khit Thit Media က မဟုတ်မမှန်ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရပြီး သက်ဆိုင်ရာနယ်မြေလုံခြုံရေးဆိုင်ရာ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ၁၉ ရက် (ယနေ့)တွင် သိမ်ဇရပ်မြို့နယ်အတွင်း ပစ်ခတ်မှု၊ တိုက်ပွဲဖြစ်ပွားမှုများမရှိကြောင်း သိရှိရသည်။

**လုံခြုံရေးဆောင်ရွက်**

အကြမ်းဖက်အားပေးမီဒီယာများအနေဖြင့် မြို့ရွာများ တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန်နှင့် ပြည်သူများမှ နယ်မြေဒေသ လုံခြုံရေးဆောင်ရွက်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေရန် အတွက် သတင်းတု၊ သတင်းမှားများကို လူမှုကွန်ရက်တွင်အမျိုးမျိုး ရေးသား ဖြန့်ဝေနေကြောင်း သတင်းရရှိရသည်။

**သတင်းစဉ်**

## ထားဝယ်မြို့ မောင်မယ်ရှောင်ကျေးရွာအနီးတွင် အကြမ်းဖက်သောင်းကျန်းသူများနှင့် တိုက်ပွဲဖြစ်ပွားခဲ့ပြီး ဒေသခံများဖမ်းဆီးခံရကြောင်း သတင်းတု၊ သတင်းမှားများ မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၁၉**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ မောင်မယ်ရှောင်ကျေးရွာအနီးတွင် ဇန်နဝါရီ ၁၈ ရက်က လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများ ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့ပြီးနောက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒေသခံ ဆယ်နဲ့ချီ ဖမ်းဆီးခဲ့ကြောင်းနှင့် မောင်မယ်ရှောင်ကျေးရွာမှ ဆိုင်ကယ် ခုနစ်စီး ထက်မနည်း ယူဆောင်သွားကြောင်း သတင်းတု၊ သတင်းမှားများကို လူမှုကွန်ရက်တွင် မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

အဆိုပါ သတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာနယ်မြေမှ လုံခြုံရေးတာဝန်ရှိသူ တစ်ဦး၏ ပြောကြားချက်အရ ယင်းနေ့တွင် မောင်မယ်ရှောင်ကျေးရွာအနီး နယ်မြေလုံခြုံရေးဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အကြမ်းဖက်သောင်းကျန်းသူများ ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့သော်လည်း ဒေသခံပြည်သူများအား ဖမ်းဆီးခဲ့ခြင်း မရှိကြောင်းနှင့် ပြည်သူများ၏ ပစ္စည်းဥစ္စာများကို ယူဆောင်ခြင်းမရှိကြောင်း သိရှိရသည်။

နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများက အထင်အမြင်လွဲမှားစေရန်နှင့် ဂုဏ်သိက္ခာကျဆင်းစေရန်အတွက် တရားမဝင်ပြည်ဖျက် မီဒီယာများက ဖြစ်စဉ်၊ ဖြစ်ရပ်များကို အခြေခံ၍ ၎င်းတို့လိုရာ ရေးသားပြီး သတင်းအမှားများကို လူမှုကွန်ရက်တွင် ဖြန့်ဝေနေခြင်းသာ ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**




## ဆီဆိုင်မြို့နယ်အတွင်း ရောက်ရှိနေသော ယာယီတိုက်ပွဲရှောင်ပြည်သူများအား ထောက်ပံ့ပစ္စည်းများပေးအပ်

**ဆီဆိုင် ဇန်နဝါရီ ၁၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ်အတွင်း ရောက်ရှိနေသော ယာယီတိုက်ပွဲရှောင်ပြည်သူများအား ထောက်ပံ့ပစ္စည်းများပေးအပ်ခြင်းကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ထောက်ပံ့ပစ္စည်းများကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့က ဆီဆိုင်မြို့နယ်အတွင်းရောက်ရှိနေသော ယာယီတိုက်ပွဲရှောင်ပြည်သူများအား အိမ်ထောင်စုတစ်စုအတွက် ကျား/မ တစ်ဦးလျှင် ရုပ်အင်္ကျီတစ်ထည်နှုန်းနှင့် ဆပ်ပြာခဲတစ်ခဲစီဖြင့် ထောက်ပံ့ပေးအပ်သည်။

ထို့သို့ ထောက်ပံ့ပေးအပ်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ဆန်းဦးနှင့် တာဝန်ရှိသူတို့က ဆီဆိုင်မြို့နယ်အတွင်း ရောက်ရှိနေသော ယာယီတိုက်ပွဲရှောင်ပြည်သူများ စုစုပေါင်းအိမ်ထောင်စု ၁၈၃၄ စု၊ ကျား/မ စုစုပေါင်းဦးရေ ၇၃၀၄ ဦးတို့အတွက် ကျား/မ ဝတ်ရုပ်အင်္ကျီ ၇၃၀၄ ထည်နှင့် ဆပ်ပြာခဲ ၇၃၀၄ ခဲတို့ကို သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများထံ လွှဲပြောင်းပေးအပ်ခဲ့ပြီး တာဝန်ရှိသူများက ယာယီတိုက်ပွဲရှောင်ပြည်သူများထံ ဆက်လက်ဖြန့်ဝေထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



မြန်မာ့အလင်း

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **ခေတ္တစာတည်းမှူး** | - | မြင့်စိုး |
| **သတင်းထောက်မှူး** | - | ခင်ရတနာ |
| **စာတည်းများ** | - | ကြည်ဝင်း၊ ဝင်းကျော် |
| **ဘာသာပြန်စာတည်း** | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| **အကြီးတန်းသတင်းထောက်များ** | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| **အငယ်တန်းသတင်းထောက်များ** | - | ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| **ဓာတ်ပုံသတင်းထောက်** | - | တင်စိုး |
| **သုတေသန** | - | အိအိခင်နှင့် အဖွဲ့ |
| **စာပြင်** | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| **စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း** | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| **အီးမေးနှင့် အွန်လိုင်း** | - | သက်လွင်ဦးနှင့် အဖွဲ့ |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃) |
| **ပုံနှိပ်ခြင်းအမှတ်** | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-**စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ**- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ **စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News

### ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၉ - ၁ - ၂၀၂၄

**စက်သုံးဆီ(လက်လီဈေးနှုန်းများ)**

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၄၃၀ ကျပ် | ၂၄၈၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၄၉၅ ကျပ် | ၂၅၄၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၅၈၅ ကျပ် | ၂၆၃၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၇၂၀ ကျပ် | ၂၇၇၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၀၀၀ | ၈၀၀၀ | ၁၀၀၄ | ၈၀၃၂၀၀၀ |
| MTSH | ၂၉၀၀ | ၂၉၀၀ | ၇၅၁၂ | ၂၁၇၈၄၈၀၀ |
| MCB | ၇၉၀၀ | ၇၉၀၀ | ၄ | ၃၁၆၀၀ |
| FPB | ၁၅၅၀ | ၁၆၀၀ | ၂၀၃၇ | ၃၁၅၉၃၅၀ |
| TMH | ၂၅၀၀ | ၂၅၀၀ | ၅၀၁ | ၁၂၅၂၅၀၀ |
| EFR | ၁၉၅၀ | ၂၀၀၀ | ၇၁၀ | ၁၃၈၅၀၀၀ |
| AHPC | ၄၇၀၀ | ၄၇၀၀ | ၁ | ၄၇၀၀ |
| MAEPC | ၁၇၅၀ | ၁၇၅၀ | ၃၁၅ | ၅၅၁၂၅၀ |

ညီညီ - စုစည်းသည်

# ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (**အပျို**)ဖြစ်ရမည်။

( ခ ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ ပေါင်(၁၃၀)ထက် မကျော်ရ။

( ဂ ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(ဃ) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။ မည်သည့်ဘွဲ့မဆို လျှောက်ထားနိုင်သည်။

( င ) မဟာဘွဲ့တက်ရောက်ရန် အဆင့်မီသူ ဦးစားပေးမည်။ မဟာဘွဲ့ရရှိပြီးသူ၊ ပါရဂူဘွဲ့ရရှိပြီးသူများလည်း လျှောက်ထားနိုင်သည်။

( စ ) ဘွဲ့လက်မှတ်(**မူရင်း**)နှင့် ဘွဲ့ရအမှတ်စာရင်း တင်ပြနိုင်ရမည်။

(ဆ) **၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့**တွင် အသက် ၂၅ နှစ်ထက် မကျော်လွန်စေရ။ မဟာဘွဲ့ရရှိပြီး သူများအနေဖြင့် ၂၇ နှစ် အထိလည်းကောင်း၊ ပါရဂူဘွဲ့ရရှိပြီးသူများအနေဖြင့် ၃၀ နှစ် အထိလည်းကောင်း လျှောက်ထားနိုင်သည်။

( ဇ ) ဗိုလ်လောင်းသင်တန်း တက်ရောက်အောင်မြင်ပါက ဒုတိယဗိုလ်အဆင့် စတင်ခန့်အပ်ခြင်းခံရမည်။ မဟာဘွဲ့ရရှိပြီးသူ၊ ပါရဂူဘွဲ့ရရှိပြီးသူများသည် ဗိုလ်အဆင့် စတင်ခန့်အပ်ခြင်းခံရမည်။

( ဈ ) တပ်မတော်မှ လေ့ကျင့်သင်ကြားမှု စနစ်အတိုင်း လိုက်နာဆောင်ရွက်နိုင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **အခမဲ့** ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)၊ ပတ်စ်ပို့အရွယ် ဓာတ်ပုံ(၃)ပုံနှင့် တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံ တို့မှ ပဏာမဆေးစစ်အောင်မြင်ကြောင်း ထောက်ခံချက် ပူးတွဲတင်ပြရမည်။

၄။ အစိုးရဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ပါရှိရမည်။

၅။ လျှောက်လွှာများကို **၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်နေ့**တွင် စတင်ထုတ်ပေးမည်ဖြစ်ပြီး **ဖေဖော်ဝါရီလ ၁၈ ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူရရှိသော တိုင်းစစ်ဌာနချုပ်မှတစ်ဆင့် အချိန်မီပေးပို့ကြရမည်။

၆။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တစ်ဆင့် အချိန်မီပေးပို့သွားမည်။

၇။ သတ်မှတ်ထားသည့် အချက်အလက်များ တိကျပြည့်စုံစွာ ရေးသားဖော်ပြခြင်းမရှိသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသော လျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့် တိုင်းစစ်ဌာနချုပ်တွင် ရွေးချယ်ခြင်း ခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

## ပျောက်ဆုံးကြောင်း

ကျွန်တော်များ Modern Marine Power Co,.Ltd၏ သွင်းကုန်လိုင်စင် အမှတ် ILV 2021 02627(30-12-2020) သွင်းကုန်လိုင်စင်မူရင်းမှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဆက်သွယ်ရန်-**
**ဖုန်း-၀၉-၅၀၉၃၈၉၇**

## ပတ်စ်ပို့ပျောက်

မကွေးတိုင်းဒေသကြီး၊ မင်းဘူးမြို့နယ်၊ ရေပင်ကျေးရွာအုပ်စု၊ ပက်ပယ်ကျေးရွာနေ (ဘ) ဦးညွန့် မောင်၏သမီး ကျွန်မ မစံပယ်ခိုင် ၈/မလန(နိုင်)၁၃၄၄၁၉၏ ယခင် နိုင်ငံကူးလက်မှတ် အမှတ် (MD-184126)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉၈၉၈၁၆၈၈၈၀**

## ပတ်စ်ပို့ပျောက်

မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမြို့နယ်၊ စစ္စေးချောင်းကျေးရွာအုပ်စု၊ မင်းကန်ကျေးရွာနေ (ဘ) ဦးလှဝေ၏သား ကျွန်တော် မောင်လင်းနိုင် ၈/ဆပဝ(နိုင်) ၁၂၅၂၂၈၏ ယခင်နိုင်ငံကူးလက်မှတ် အမှတ် (MF-317342)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန် ။

**ဖုန်း-၀၉-၇၆၂၃၆၀၃၄၃**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ် ဠ-၂၊ ဦးပိုင်အမှတ်(၁၃)၁၁၇x ၁၁၈လမ်းကြား၊ ၇၁-Cလမ်း၊ မြေကွက်အား တောဂရန်အမှတ်တွဲအမှတ် (၅၀၄၄/၉၀-၉၁)အရ ဦးဘသောင်း ၉/မရမ(နိုင်)၀၃၉၅၂၇၊ MDYNE-၀၃၂၃၂၀ အမည်ပေါက်သို့ မြေရာဇဝင် ၁-က မှတ်တမ်းတွင် အတည်ပြု မှတ်သားပေးပါရန် ဒေါ်ရွှေရည်ဝင်းထွဋ် ၇/ကဝန(နိုင်) ၀၀၁၃၃၃ မှ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊(ဈ)ရပ်ကွက်၊ အကွက်အမှတ် ပပ-၅၊ ဦးပိုင်အမှတ်(၆၈) ၆၆x၆၇ကြား၊ သခင်ဖိုးလှကြီးလမ်းနှင့် ယောမင်းကြီးလမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်စန်းစန်းမြင့် ၁၂/ဒဂမ(နိုင်)၀၅၄၈၀၀, EMDY-၂၆၄၇၇၄ ၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၆၃၃/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်မိုးရွှေစင် ၉/ပကခ(နိုင်)၀၄၁၄၉၉က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၃-၂၀၂၄ ခု ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ တိုင်းဒေသကြီးအထွေထွေ ပိုလျှံရန်ပုံငွေ (GRF) ဖြင့် ဆောင်ရွက်မည့် "ဘုတ်ပြင်းမြို့၊ ခရိုင်စုပေါင်းရုံး မြေဧရိယာ (၁၃၁)ဧကအတွင်း စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်း"အတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များမှ အောက်ပါအတိုင်း တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) **. တင်ဒါလျှောက်လွှာပုံစံများ စတင်ရောင်းမည့်ရက်** - ၁၉-၁-၂၀၂၄ ရက်

(ခ) **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁-၂-၂၀၂၄ ရက် (၁၆:၀၀)နာရီ

(ဂ) တင်ဒါဖွင့်မည့်ရက်နှင့်အချိန်အား ဆက်သွယ်အကြောင်းကြားသွားမည်ဖြစ်ပါသည်။

(ဃ) **တင်ဒါတင်သွင်း/ စိစစ်ရွေးချယ်မည့်နေရာ** - တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၊ ထားဝယ်မြို့

၂။ တင်ဒါလျှောက်လွှာပုံစံများကို ရုံးချိန်အတွင်း တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ အုပ်ချုပ်ထောက်ပံ့ဌာနစိတ်တွင် ဝယ်ယူနိုင်ပါကြောင်းနှင့် အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း ဖုန်း-၀၅၉-၂၀၂၂၅၉၁၊ ၂၃၅၆၄ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ငြင်းချက်ထုတ်ရန်ဆင့်စာ (တရားမကျင့်ထုံးဥပဒေအမိန့်- ၅၊ နည်းဥပဒေ - ၂၀ မင်္ဂလာဒုံခရိုင်တရားရုံး ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၁၂

ဦးဗိုလ်ဗိုလ်မြင့် **(တရားလို )** **နှင့်** ၁။ ဦးဉာဏ်မျိုးညွန့်၂။ ဒေါ်အေးအေးခိုင် **(တရားပြိုင်များ )**

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးလေးရပ်ကွက်၊ ထီးတန်းအိမ်ရာ၊ တိုက်အမှတ် -၀၀၁၊ အခန်းအမှတ်-၁၀၅နေ (၁)တရားပြိုင် ဦးဉာဏ်မျိုးညွန့် (ယခုနေရပ်လိပ်စာမသိ)နှင့် ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ရိပ်သာရပ်ကွက် ဘုရားလမ်း၊ အမှတ်(၂)နေ (၂)တရားပြိုင် ဒေါ်အေးအေးခိုင် (ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက မှတ်ပုံတင်အရောင်းအဝယ်ကတိစာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ သို့မဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်တို့ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက် (၁၃၈၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၂)ရက်နေ့ မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ(၄)ရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မိုမိုအေး)**
**တွဲဖက်ခရိုင်တရားသူကြီး(၁)**
**မင်္ဂလာဒုံခရိုင်တရားရုံး**

## ပတ်စ်ပို့ပျောက်

မကွေးမြို့၊ အောင်ချမ်းသာရပ်ကွက်၊ ရန်ကျော်ရပ်နေ (ဘ)ဦးညွန့်နိုင်၏သား ကျွန်တော် မောင်ဟန်မင်းဦး ၈/မကန(နိုင်)၁၆၇၃၆၆ ၏ ယခင်နိုင်ငံကူးလက်မှတ်အမှတ် (M-505761)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန် ။ **ဖုန်း-၀၉-၉၇၅၄၅၇၄၂၀**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၉၊ မြေကွက်အမှတ် ၂၆၆/ခ၊ မြေကွက်တည်နေရာအမှတ် (၂၆၆/ခ)၊ ပတ္တမြားလမ်း၊ (၁၉)ရပ်ကွက်၊ ဒဂုံတောင် ဦးခင်မောင်သိန်း (BF-၀၃၆၇၂၆) အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေအား ဂရန်အမည်ပေါက် ဦးခင်မောင်သိန်း(ဖခင်)သည် ၁၇-၃-၂၀၁၂ရက်နှင့် ဒေါ်မြသိန်း(မိခင်)သည် ၂၉-၁၂-၁၉၉၄ ရက်တို့တွင် အသီးသီးကွယ်လွန်၍ သမီးများဖြစ်ကြသော ဒေါ်ချိုချို (၁၂/စခန (နိုင်)၀၂၇၄၄၈)နှင့် ဒေါ်မာမာ (၁၂/စခန(နိုင်)၀၂၇၉၄၁)တို့အနက် ဒေါ်မာမာသည် ၁၀-၁-၁၉၉၈ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ဒေါ်ချိုချိုတစ်ဦးတည်းမှ ဂရန်မူရင်း၊ ဖခင်ဖြစ်သူ သေစာရင်း၊ မိခင်ဖြစ်သူနှင့် ဒေါ်မာမာတို့ သေဆုံးကြောင်း ရပ်ကွက်၊ ရဲစခန်းထောက်ခံချက်၊ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သေစာရင်းမိတ္တူမှန် ရှာဖွေမတွေ့ရှိပါသဖြင့် ထုတ်ပေးခြင်းမပြုနိုင်ပါကြောင်း အကြောင်းကြားစာ၊ အခြားသောကိတ္တိမသားသမီး၊ မွေးချင်းများမရှိကြောင်းနှင့် အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိကြောင်း ကျမ်းကျိန်လွှာအမှတ် -၆၂၇/၂၀၂၃(၄-၉-၂၀၂၃)၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ အိမ်ထောင်စုလူဦးရေစာရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းမြေပုံကူးလျှောက်ထားလာခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ မြေပြင်တွင် သွပ်၊ ထရံကာ အိမ်ပျက်(၁)လုံးရှိ၍ ဒေါ်ချိုချိုမှ ကွင်းဆင်းစစ်ဆေးသိရှိကြောင်းနှင့် နေအိမ်ပျက်စီးနေပြီး လူနေထိုင်ခြင်းမရှိကြောင်း၊ အရှုပ်အရှင်းမရှိကြောင်းနှင့် ပေါ်ပေါက်လာပါက တာဝန်ယူဖြေရှင်းမည်ဖြစ်ကြောင်း လက်မှတ်ရေးထိုးတင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းမြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အိတ်ဖွင့်တင်ဒါအမှတ် (၂/ ၂၀၂၃-၂၀၂၄)ဖြင့်တင်ဒါခေါ်ယူခြင်း

၁။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သတ္တုတွင်းဦးစီးဌာနမှ ကက်သုတ် ကြေးနီ (၂၀၀)မက်ထရစ်တန်အား ပြည်တွင်းရှိ ကြေးနီကုန်ကြမ်းသုံးကုမ္ပဏီများနှင့် အသေးစား၊ အငယ်စား၊ အလတ်စားစက်မှုလက်မှုလုပ်ငန်းရှင်များသို့ မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူရောင်းချမည်ဖြစ်ပါသည်။

၂။ ကြမ်းခင်းဈေးနှုန်းမှာ တင်ဒါဖွင့်သည့် နေ့တွင်ရှိမည့် ကမ္ဘာ့သတ္တုပေါက်ဈေးနှုန်း (London Metal Exchange-LME)ပါ ကက်သုတ်ကြေးနီတစ်မက်ထရစ်တန်ဈေးနှုန်း (Unknown. Price)အပေါ်တွင် အခြေခံ၍ သတ်မှတ်မည် ဖြစ်ပါသည်။ အဆိုပြုဈေးနှုန်းအား(LME + Premium) ဖြင့် ဖော်ပြရာတွင် အမေရိကန် ဒေါ်လာဖြင့် ရေးသားဖော်ပြရမည်ဖြစ်ပြီး Premium ကြေး အများဆုံးပေးသွင်းနိုင်သည့် အဆိုပြုတင်သွင်းသူကိုတင်ဒါအောင်မြင်သူအဖြစ် သတ်မှတ်မည်ဖြစ်ပါသည်။

၃။ ကက်သုတ်ကြေးနီများကိုပစ္စည်းသိုလှောင်ထားရှိရာ လက်ပံတောင်း တောင်ကြေးနီစီမံကိန်း (Mine Site)တွင် သွားရောက် ထုတ်ယူရမည်ဖြစ်ပြီး သယ်ယူခ တင်ချခစရိတ်များအတွက် ကျသင့်ငွေများကို ပြည်တွင်းရှိကြေးနီ ကုန်ကြမ်းသုံးကုမ္ပဏီများနှင့် အသေးစား၊ အငယ်စား၊ အလတ်စားစက်မှုလက်မှုလုပ်ငန်းရှင်များမှ မိမိတို့ အစီအစဉ်ဖြင့် ကျခံဆောင်ရွက်ရမည်ဖြစ်ပါသည်။

၄။ တင်ဒါပိတ်မည့်ရက်နှင့် အချိန်မှာ ၃၁-၁-၂၀၂၄ ရက် မွန်းလွဲ (၁၄:၀၀)နာရီဖြစ်ပြီး ယင်းနေ့ ညနေ (၁၅:၀၀) နာရီအချိန်တွင် အိတ်ဖွင့်တင်ဒါများ ဖွင့်ဖောက်မည်ဖြစ်ပါသည်။

၅။ အသေးစိတ်သိရှိလိုသော အချက်အလက်များရှိပါက ဓာတ်သတ္တုဖွံ့ဖြိုးရေးဌာနခွဲ၊ သတ္တုတွင်းဦးစီး ဌာန၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ၀၆၇- ၃၄၀၉၃၇၈ နှင့် ၀၆၇- ၃၄၀၉၃၇၂ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**သတ္တုတွင်းဦးစီးဌာန**
**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

## ဘိုးဘပိုင်/ မြေပိုင်အခွင့်အရေးရရှိထားသောမြေ အမည်ပြောင်းလျှောက်ထားကြောင်းကြေညာစာ

ထားဝယ်မြို့၊ တံငါ/ဒေါင်းငူရပ်ကွက်၊ အကွက်အမှတ် (၄၇)၊ အကွက်အမည်-တံငါ/ဒေါင်းငူအကွက်၊ ဦးပိုင်အမှတ်( ၁၁၀+၁၁၁.က+၁၁၂+၃၅၄.ဃ)။ မြေဧရိယာ (၀.၀၆၂+၀.၀၀၃+၀.၀၅၀+၀.၀၁၄)ဧက စုစုပေါင်း မြေဧရိယာ(၀.၁၂၉)ဧကရှိ အောက်ဖော်ပြပါအလား အလားရှိသည့်-

(က) အရှေ့လားသော် - ဗိုလ်ချုပ်လမ်း
(ခ) အနောက်လားသော် - ဦးပိုင်အမှတ်(၁၁၃)
(ဂ) တောင်လားသော် - အောင်သုခလမ်းသွယ်
(ဃ) မြောက်လားသော် - ဦးပိုင်အမှတ်(၃၅၄.င)၊ (၁၀၉)

အထက်ဖော်ပြပါမြေကို ဘိုးဘပိုင်/မြေပိုင်အခွင့်အရေးရရှိထားသောမြေ အမည်ပြောင်းပေးရန် ဦးအောင်သူပါ (၅)ဦးမှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်နေ့မတိုင်မီ သက်ဆိုင်ရာစာရွက်စာတမ်းအထောက်ထားများနှင့်တကွ အောက်တွင်လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်းကြေညာလိုက်သည်။

သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး**
**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းဦးစီးဌာန**
**ထားဝယ်မြို့**

## ဘိုးဘပိုင်/ မြေပိုင်အခွင့်အရေးရရှိထားသောမြေ အမည်ပြောင်းလျှောက်ထားကြောင်းကြေညာစာ

ထားဝယ်မြို့၊ ဆန်းချီရပ်ကွက်၊ အကွက်အမှတ် (၂၃)၊ အကွက်အမည်-ဆန်းချီတောင်အကွက်၊ ဦးပိုင်အမှတ်(၇၃.ခ)၊ မြေဧရိယာ(၀.၀၅၄ )ဧကအနက်မှ မြေဧရိယာ( ၀.၀၂၇)ဧကရှိ အောက်ဖော်ပြပါအလားအလားရှိသည့်-

(က) အရှေ့လားသော် - ဦးပိုင်အမှတ်(၇၄)
(ခ) အနောက်လားသော် - ကမြောကင်းလမ်း
(ဂ) တောင်လားသော် - ဦးပိုင်အမှတ်(၇၄)
(ဃ) မြောက်လားသော် - ဦးပိုင်အမှတ်(၇၃.က)

အထက်ဖော်ပြပါမြေကို ဘိုးဘပိုင်မြေပိုင်အခွင့်အရေးရရှိထားသောမြေ အမည်ပြောင်းပေးရန် ဦးအောင်မြတ်သိန်း ပါ(၂)ဦးမှ လျှောက်ထားလာသည့်အတွက်ယင်း၏အမည်ကိုပြောင်းလဲပေးမည်ဖြစ်၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်နေ့မတိုင်မီ သက်ဆိုင်ရာစာရွက်စာတမ်း အထောက်ထားများနှင့်တကွ အောက်တွင် လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံး လုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး**
**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းဦးစီးဌာန**
**ထားဝယ်မြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၄၀)ရပ်ကွက်၊ ကုဋ္ဌေကုဋ္ဌာလမ်း၊ အမှတ်(၂၁၄၅)နေ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်-၁၂/သခန(နိုင်)၁၂၂၈၀၆ ကိုင်ဆောင်သူ ဦးကျော်နိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်သည်မှာ-

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၄၀)ရပ်ကွက်၊ ယောမင်းကြီးလမ်း၊ အမှတ် (၁၇၄၅/ခ)၊ အကျယ်အဝန်းပေ(၂၀x၆၀)၊ ဦးသက်တင် အမည်ပေါက် ပါမစ်မြေအမျိုးအစားမြေကွက်ကို အဆင့်ဆင့်စာချုပ်များဖြင့် ဝယ်ယူလက်ရောက်ပိုင်ဆိုင်ထားပြီး အရှုပ်အရှင်းကင်းရှင်းကြောင်းအာမခံ၍ ရောင်းချပိုင်ခွင့်ရှိပြီး ရောင်းချလိုကြောင်း အဆိုပြုကမ်းလှမ်းခဲ့သူ ဦးကျော်သူရ (၁၂/ဒဂတ(နိုင်)၁၃၄၄၅၂)ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်နိုင်သည် ယင်းမြေကို အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ အဆိုပါမြေနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့်စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့် ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်သည့်တိုင်အောင် လာရောက်ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသူရအောင် (LL.B) အထက်တန်းရှေ့နေ(စဉ်- ၂၉၂၇၃)**
**အမှတ်(၆၂၁)၊ ချမ်းမြသာစည်လမ်း၊ (၅၃)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်။**
**ဖုန်း-၀၉-၂၅၀၀၀၆၃၉၀**

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန တင်ဒါခေါ်ယူခြင်း

၁။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနသည် သဘာဝဘေးအန္တရာယ်များဖြစ်ပွားလာပါက ဘေးသင့်ပြည်သူများအား ထောက်ပံ့နိုင်ရန် အောက်ဖော်ပြပါ ကယ်ဆယ်ရေးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလို ပါသည်-

| စဉ် | ပစ္စည်းအမည် | အရေအတွက် |
|---|---|---|
| (က) | ကျားလုံချည် ၁/၄၀ (လုံချည်ကွင်းအကျယ် ၈၀" x အထက်အောက်အနံ ၄၈") | ၃၅၀၀၀ ထည် |
| ( ခ) | မလုံချည် (လုံချည်ကွင်းအကျယ် ၇၂" x အထက်အောက်အနံ ၄၂") | ၃၀၀၀၀ ထည် |
| ( ဂ) | စောင် (အလျား ၈၀" x အနံ ၆၆") | ၃၀၀၀၀ ထည် |
| (ဃ) | တဘက် (အလျား ၅၄" x အနံ ၂၇") | ၃၀၀၀၀ ထည် |
| ( င) | စတီးလ်ဇလုံ (အချင်း ၉.၅") | ၃၀၀၀၀ လုံး |
| ( စ) | တီရှပ် (L, XL, XXL size) (Logo ပါ) | ၆၀၀၀၀ ထည် |
| (ဆ) | နှစ်ယောက်အိပ်ခြင်ထောင် (နိုင်လွန်) | ၃၀၀၀၀ လုံး |
| (ဇ) | တာပေါ်လင်အိတ် (အထူ) (အလျား ၂၃" x အနံ ၁၀" x အမြင့် ၁၂") | ၂၅၀၀၀ လုံး |
| | တာပေါ်လင်အိတ် (အထူ) (အလျား ၁၂" x အနံ ၈" x အမြင့် ၁၂") | ၂၀၀၀ လုံး |
| (ဈ) | စတီးလ်ခါး (အသေး) (အရိုး+အသွားပါ ၈") | ၂၅၀၀၀ ချောင်း |
| (ည) | စတီးလ်ဟင်းခပ်ဇွန်း | ၆၀၀၀၀ ချောင်း |
| (ဋ) | စတီးလ်သောက်ရေခွက်(အချင်း ၈စင်တီမီတာ) | ၃၀၀၀၀ ခု |
| (ဌ) | စတီးလ်ပန်းကန်ပြား (အချင်း ၉") | ၆၀၀၀၀ ချပ် |
| (ဍ) | ပလတ်စတစ်ရေချိုးခွက် (အချင်း ၈") | ၃၀၀၀၀ ခု |
| (ဎ) | တာပေါ်လင်(၆ x ၃၀၀)ပေ | ၆၀၀ လိပ် |

၂။ တင်ဒါလျှောက်လွှာများနှင့်ပတ်သက်၍ အောက်ပါအစီအစဉ်အတိုင်း ဆောင်ရွက်သွားပါမည်-

(က) **တင်ဒါပုံစံရောင်းချမည့်ရက်** - (၂၂-၁-၂၀၂၄)ရက်နေ့မှ (၅-၂-၂၀၂၄) ရက်နေ့အထိ ရုံးချိန်အတွင်းဝယ်ယူနိုင်ပါသည်။

( ခ) **တင်ဒါတင်သွင်းရမည့်ကာလ**- (၂၂-၁-၂၀၂၄)ရက်နေ့(၀၉:၃၀)နာရီမှ (၅-၂-၂၀၂၄)ရက်နေ့(၁၆:၀၀) နာရီအထိ

( ဂ) **တင်ဒါရောင်းချမည့်နေရာ** - ရုံးအမှတ်(၂၃)၊ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ နေပြည်တော်

(ဃ) **တင်ဒါဖွင့်လှစ်မည့်ရက်နှင့် နေရာ** - (၉-၂-၂၀၂၄)ရက်နေ့၊ (၁၀:၀၀)နာရီ၊ ရုံးအမှတ်(၂၃)၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ နေပြည်တော် (တင်ဒါဖွင့်လှစ်မည့်ရက်အပြောင်းအလဲရှိပါက ကြိုတင်အကြောင်းကြားမည်ဖြစ်ပါသည်။)

၃။ အသေးစိတ်သိရှိလိုပါက ဖုန်းအမှတ်၊ ၀၆၇-၃၄၀၄၀၇၄၊ ၀၆၇-၃၄၀၄၀၆၈သို့ (၀၉:၃၀)နာရီမှ (၁၆:၃၀)နာရီအထိ ရုံးဖွင့်ရက်များအတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 1TLR-7032 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(ကော့သောင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 19U/9415 ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်မြိမ်း ၉/ကပတ (နိုင်)၀၀၈၅၀၄ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မြင်းခြံ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၇ယ/၁၉၉၂၄, Honda Wave-100,M/C ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်သန်း ၆/မအရ (နိုင်)၀၃၄၁၂၂ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မြိတ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၇ယ/၆၇၇၃၈ , Honda Wave-100,NCX,M/C ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်သိန်းဝင်း ၆/မမန (နိုင်)၁၂၈၆၁၇ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မြိတ်)**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပုလောမြို့နယ်၊ ရှပ်ပုံကျေးရွာ၊ တံမျှားလမ်းနေ (ဦးရွှေလင်း)-ဒေါ်ကြူ ၆/ပလန(နိုင်)၀၂၈၁၃၆ တို့၏သားဖြစ်သူ မောင်စိုးစိုး(ခ)မောင်အောင်ထွန်းလင်း ၆/ပလန(နိုင်)၁၀၀၂၅၁ သည် မိဘတို့၏ ဆိုဆုံးမမှုကို မနာခံဘဲ မိဘများစိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့် ပတ်သက်သည့် မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

**ဒေါ်ကြူ**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၊ ဘုရားငါးဆူ(အထက)(ခွဲ)မှ မသဲသဲဝင်း(အဋ္ဌမတန်း)၊ မပိုပိုဝင်း(ဒသမတန်း)၊ မနှင်းမြတ်အေး(ဆဋ္ဌမတန်း)၊မောင်ချမ်းပြည့်အောင်(တတိယတန်း)၊ မောင်ထူးပြည့်စုံအောင် တို့၏ဖခင်အမည်မှန်မှာ ဦးစိုးခိုင်ဝင်း ဖြစ်ပါကြောင်း။

**ဦးစိုးခိုင်ဝင်း ၉/သစန(နိုင်)၁၂၅၈၅၅**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကျိုင်းတုံမြို့၊ ပန်ကြူအုပ်စု၊ ဝင်းဘို- ၂ ရွာနေ မစီလီဒွန် ၁၃/ကတန(နိုင်)၁၄၁၅၃၃၈၏ ဖခင်အမည် ဦးဂီးဒွန်နှင့် ဦးဂီးဒို(ခ) ဂီးဒွန် ၁၃/ကတန(နိုင်)၀၅၄၂၃၈ မှာ တစ်ဦးတည်းဖြစ်ပါ ကြောင်း။

**ဦးဂီးဒွန်(ခ) ဂီးဒို**

## အမည်ပြောင်း

ဦးမျိုးမင်းအောင် ၁၄/ပသန(နိုင်)၁၈၈၅၃၂ ၏သမီး အမက(၆၀) ကျောက်ဖျာ ပုသိမ်၏ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် Grade-5 မှ မကြယ်စင်မျိုးမင်းအား မဆုနှင်းသစ်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မဆုနှင်းသစ်**

## ပတ်စ်ပို့နှင့်စီဒီစီ ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးကျော်စိန်သာ(ဘ)ဦးစောသိန်း ၁၁/စတန(နိုင်)၀၀၀၄၂၈ ပတ်စ်ပို့စာအုပ်အမှတ် 224502 နှင့် သင်္ဘောသားစီဒီစီ အမှတ် 41859 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၉၀၅၆၁၅၆၅**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၆)၊ ကွင်း/အကွက်အမှတ်နှင့်အမည် (RA - III၊ ကွက်ပြင်)၊ ဦးပိုင်အမှတ် (၄၁-ဆ)၊ မြေဧရိယာ (၀.၂၂)ဧကရှိမြေအား ဦးစောဒိုထူး ၉/မမန(နိုင်)၀၀၅၃၃၀မှ မြေငှားဂရန်သက်တမ်းတိုးရန်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ရက်ပေါင်း(၁၄)ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပြင်ဦးလွင်မြို့နယ်**
**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊**
**ပြင်ဦးလွင်မြို့**




## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း အပေါ် အမှားပြင်ဆင်ခြင်း

၁၅-၁-၂၀၂၄ ခုနှစ်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၃၁)တွင် ပါဝင်သော" ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"ကြေညာစာတွင်ပါဝင်သော၊ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ အမှတ်(၁၂၆) ရပ်ကွက်၊ဝေဠုဝန်လမ်းအမှတ်(၅၄/၄၄)(ခ)နေရာတွင် ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ စန်းချောင်းလေးကျေးရွာဟု ပြင်ဆင်ဖတ်ရှုပေးပါရန်နှင့်" ဦးမင်းခန့်၏ လွှဲအပ်ညွှန်ကြားချက်အရ"ဟူသောနေရာတွင် ဦးမင်းသန့်ဦးဟု ပြင်ဆင်ဖတ်ရှုပေးပါရန် ရိုသေလေးစားစွာဖြင့် အသိပေးအပ်ပါသည်။

| | | |
|---|---|---|
| **ဦးကောင်းမြတ်သူ** | **ဒေါ်ဝင့်ထည်** | **ဒေါ်ခင်မြတ်နိုင်** |
| LL.B,LL.M | LL.B | LL.B |
| (International Law),CBL | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |
| အထက်တန်းရှေ့နေ | (စဉ်-၅၅၄၈၈) | (စဉ်-၅၅၉၆၇) |
| (စဉ်-၅၅၂၇ ) | | |

အမှတ်(၅၄/၅၆)၊ မာလာမြိုင်(၅)လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၇၅၈၀၀၂၈၅၈

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်

ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့၊ ရွာဘဲရပ်ကွက်၊ အုန်းတောသစ္စာလမ်း၊ အမှတ်(၁/၆)၊ အကွက်အမှတ်(၁၃B ရွာဘဲမြောက်)၊ ဦးပိုင်အမှတ် (၅၃ နှင့် ၅၁က) ထဲမှ အကွက်အမှတ် (၁၅)၊ ဧရိယာ(၀.၀၃၃ ဧက)အနက် အလျား(၂၈)ပေ x အနံ(၅၄)ပေ ကျယ်ဝန်းသည့်မြေနှင့် ယင်းမြေပေါ်ရှိ သုံးခန်းတွဲ နှစ်ထပ်နေအိမ်အပါအဝင် ယင်းမြေနှင့်ပတ်သက်သောအရပ်ရပ်အကျိုးခံစားခွင့်များအားလုံးကို လက်ရှိထားပိုင်ဆိုင်သူများဖြစ်သည့် ဦးတင်စိန်နှင့် ဂိုရေဆာဘီဘီ၏ သားသမီး မျိုးဆက်များမှ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်၏မိတ်ဆွေများမှ ဝယ်ယူရန် အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါအရောင်းအဝယ်ကိစ္စအား ကန့်ကွက်လိုပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်အတူ ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ထားသည့်ရက် ကျော်လွန်သည့်တိုင် ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးနေအောင် ၅/ကလန(နိုင်)၀၄၃၀၆၆** | **ဒေါ်နီနီလွင် (LL.B, LL.M)** |
| **ဒေါ်သက်ဆုဆင့်** | **တရားလွှတ်တော်ရှေ့နေ** |
| ၁၂/မဘန(နိုင်)၁၀၆၆၇၃ | စဉ်-၁၁၀၁၂ (၂၈-၇-၂၀၁၆) |
| | ပြည်ရတနာလမ်း၊ ရွာဘဲရပ်ကွက်၊ |
| | ပြည်မြို့။ ဖုန်း-၀၉-၄၂၃၇၂၃၀၆ |

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ အောင်သိဒ္ဓိလမ်း၊ တိုက်အမှတ်(၅၄)၊ ဒုတိယထပ်၊ (၄)လွှာ၊ (ခေါင်းရင်းဘက်ခြမ်း)၊ (၁၅ x ၃၁)ပေအကျယ်ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသူ ဦးစည်သူမျိုးဇင်၏ဇနီးဖြစ်သူ ဒေါ်သဒ္ဒါဖြူ ၁၂/မရက(နိုင်)၂၀၀၄၁၅ က ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေ ဦးဉာဏ်ထွန်း ၁၂/မရက(နိုင်)၁၂၉၇၈၈မှလည်း ဝယ်ယူရန်အတွက် ရောင်းဖိုးငွေအဖြစ် စရန်ငွေများကိုပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့် အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဒေါ်သက်သက်မွန်** | **ဒေါ်ချယ်ရီသန်းစိုး** | **ဒေါ်စုပိုပိုဇော်ဝင်း** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |
| (စဉ်-၁၀၆၀၅/၂၀၁၅) | (စဉ်-၅၄၉၆၃/၂၀၂၂) | (စဉ်-၅၄၈၃၅/၂၀၂၂) |

တိုက်(၄)၊ အခန်း(၃၁)၊ပထမထပ်၊ မြို့ပြအိမ်ရာ(တောင်ဘက်ခြမ်း)၊ (၈)မိုင်မီးပွိုင့် အနီး၊ (၆)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၇၉၅၅၃၄၇၅၃၊ ၀၉-၇၅၀၃၉၈၄၀၆

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ အမှတ်(၁၀)ရပ်ကွက်၊ အနော်ရထာလမ်း၊ မြေကွက်အမှတ် (၄၁၆/က+ခ)၊ (ဦးအောင်ထွန်းလှ အမည်ပေါက် နှစ်(၆၀) မြေငှားစာချုပ်) မြေအကျယ်(၄၀ x ၆၀)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား မြေကွက်အမည်ပေါက် ဦးအောင်ထွန်းလှ (ကွယ်လွန်)၏ဇနီးဖြစ်သူ ဒေါ်သောင်းရီ ၁၂/ထတပ(နိုင်)၀၃၈၃၆၆ မှ ရောင်းချရန် ကမ်းလှမ်းသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်နှင်းအေးလွင် ၁၂/သကတ(နိုင်)၁၇၄၈၅၄က ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ယနေ့မှစ၍(၁၄)ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူ မရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးအောင်သိန်း(စဉ်-၂၂၀၁၉)** (အထက်တန်းရှေ့နေ)
**ဒေါ်ခင်ဖုန်း(စဉ်-၁၆၇၃၃)**
**ဒေါ်ညိုမာထွေး (စဉ်-၁၄၆၇၂)**
(တရားလွှတ်တော်ရှေ့နေများ)

တိုက်-၁၂၊ အခန်း (၁၀၁)၊ ကျန်စစ်မင်းအိမ်ရာ၊ အပိုင်း (၂)၊ (၈)ရပ်ကွက်၊
လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်။ ဖုန်း-၀၉-၅၁၈၆၇၉၈

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ဆောက်လုပ်ရေးဝန်ကြီးဌာန
## အဆောက်အဦဦးစီးဌာန
## အဆောက်အဦအထူးအဖွဲ့(၆)
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
## တင်ဒါအမှတ်စဉ် (၄/၂၀၂၃)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦဦးစီးဌာန၊ အဆောက်အဦအထူးအဖွဲ့ (၆)နှင့်(၇)တို့မှ (၂၀၂၃-၂၀၂၄) ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စု(ဖြည့်စွက်)ရန်ပုံငွေနှင့် တိုင်းဒေသကြီး(ဖြည့်စွက်)ရန်ပုံငွေတို့ဖြင့် ဆောင်ရွက်ရမည့် လုပ်ငန်းတို့တွင် အသုံးပြုရန်လိုအပ်နေသော စံချိန်စံညွှန်းမီ အရည်အသွေးပြည့်ဝသည့် တည်ဆောက်ရေးလုပ်ငန်းသုံး ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ပစ္စည်းပေးသွင်းနိုင်ပါကြောင်း (၂၈-၁၂-၂၀၂၃)၊ (၉-၁-၂၀၂၄) နှင့် (၁၀-၁-၂၀၂၄)ရက်နေ့ မြန်မာ့အလင်းသတင်းစာတို့တွင် ကြော်ငြာခဲ့ပြီး အောက်ဖော်ပြပါ အစီအစဉ်အတိုင်း အိတ်ဖွင့်တင်ဒါဖွင့်လှစ် မည်ဖြစ်ပါကြောင်း ထပ်မံကြော်ငြာအပ်ပါသည်-

| | | |
|---|---|---|
| **တင်ဒါလျှောက်လွှာပိတ်မည့်ရက်/အချိန်** | - | (၂၄-၁-၂၀၂၄)ရက် ညနေ(၄:၃၀)နာရီ |
| **Profile ဖွင့်ဖောက်စစ်ဆေးမည့် ရက်/အချိန်** | - | (၂၅-၁-၂၀၂၄)ရက် နံနက်(၁၀:၀၀) နာရီ |
| **တင်ဒါဖွင့်ပွဲကျင်းပမည့်ရက်/အချိန်** | - | (၂၆-၁-၂၀၂၄) ရက် နံနက်(၁၀:၀၀) နာရီ |
| **တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ** | - | ဒု-ညွှန်ကြားရေးမှူး(မြို့ပြ)၊ အဆောက်အဦအထူးအဖွဲ့ (၆)ရုံး မန္တလေးမြို့။ |

၂။ တင်ဒါလျှောက်လွှာပုံစံနှင့် လုပ်ငန်းသုံးပစ္စည်းများ၏ အသေးစိတ်အချက်အလက်များကို အဆောက်အဦဦးစီးဌာန၊ ဒု-ညွှန်ကြားရေးမှူး(မြို့ပြ)၊ အဆောက်အဦအထူးအဖွဲ့(၆)ရုံး၊ မန္တလေးမြို့တွင် ရုံးချိန်အတွင်းဝယ်ယူနိုင်ပါသည်။ တင်ဒါတင်သွင်းမည့် ပစ္စည်းများ၏ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက ရုံးချိန်အတွင်း ဒု-ညွှန်ကြားရေးမှူး(မြို့ပြ)၊ အဆောက်အဦအထူးအဖွဲ့ (၆)ရုံး၊ မန္တလေးမြို့နှင့် ဒု-ညွှန်ကြားရေးမှူး(မြို့ပြ)၊ အဆောက်အဦအထူးအဖွဲ့(၇)ရုံး၊ ညောင်ဦးမြို့တို့တွင် ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။ ဖုန်း-၀၉-၉၅၆၀၈၇၃၂၃၊ ၀၉-၉၆၂၀၃၆၅၅၃၊ ၀၉-၂၀၄၂၃၅၄၊ ၀၉-၄၄၃၄၇၃၄၇၃ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် U/3439 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

## နိုင်ငံကူးပတ်စ်ပို့ပျောက်ဆုံး

ပုသိမ်မြို့၊ အမှတ် (၃)ရပ်ကွက်၊ စကားဝါလမ်းနေ ဦးစိန်ဆန်း၏(သား) စောပြည့်ဖြိုးဆန်း ၁၄/လပတ(နိုင်)၁၄၅၁၉၀၏ နိုင်ငံကူးပတ်စ်ပို့ M 307801-22/2/11 ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိသူများ သည် အောက်ပါဖုန်းနံပါတ်သို့ ဆက်သွယ်ပေးပါရန်။ **ဖုန်း-၀၉-၉၄၉၁၄၃၁၉၇**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၁-၁၂-၂၀၂၃ရက်ထုတ် ဤသတင်းစာ စာမျက်နှာ(၂၄)ပါ အထက်တန်းရှေ့နေ ဒေါ်ခင်အေးဝင်း၏ ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာတွင် ဦးကျော်မင်းဦး၏ မှတ်ပုံတင်အမှတ် ၁၄/မမက(နိုင်)၁၅၀၀၀၄ အစား ၁၄/မမက(နိုင်)၁၅၀၁၀၄ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 44W/14520, Dayang- 110,M/C ယာဉ်လက်ဝယ်ရှိသူ ဦးရဲမင်းညီညီ ၁၄/ကကထ(နိုင်)၂၁၄၃၈၈ က ဖောင်းကြွနံပါတ်ပြား ပျောက်လာရောက်လျှောက်ထားလာပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ဖောင်းကြွနံပါတ်ပြား အဟောင်းသည် အလိုအလျောက် ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 63W/95427 Suzuki Smash 112, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ဇော်လတ် ၇/ပမန(နိုင်)၁၁၅၅၄၅က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြည်)**
**ပြည်မြို့**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၈)ရပ်ကွက်၊ မြတ်လေးလမ်း၊ အိမ်အမှတ်(၉၁၈)ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်(၃၈)၊ မြေကွက်အမှတ်-၉၁၈၊ နှစ်(၆၀) ဂရန်မြေ ဒေါ်မြသိန်း (MMN-540882) (၁၂/မရက(နိုင်)၀၃၁၄၉၂)အမည်ဖြင့် မှတ်သားထားရှိသော မြေအကျယ်အဝန်း ပေ(၄၀x၆၀) မြေကွက်အနက်မှ တရားဝင်မခွဲစိတ်ရသေးသည့် မြေကွက်၏ ခေါင်းရင်းဘက်ခြမ်းအကျယ်အဝန်း(၂၁ x ၆၀)ပေနှင့် ယင်းမြေပေါ်ရှိ နှစ်ထပ်အိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အရပ်စာချုပ်အဆက်စပ်ဖြင့် ပိုင်ဆိုင်လက်ဝယ်ရရှိသူ လွှတ်လပ်စွာရောင်းချစီမံခန့်ခွဲ ပိုင်ခွင့်ရှိသူဖြစ်ကြောင်း တာဝန်ခံလျက် ဒေါ်သရဖီ(၁၂/အစန(နိုင်)၁၈၆၃၆၆)မှ ကာလတန်ဖိုးနှင့်အညီ ရောင်းချရန် ကမ်းလှမ်းလာသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန် သဘောတူသဖြင့် (၃၁-၁၂-၂၀၂၃)ရက်တွင် ရောင်းချသည့်တန်ဖိုးငွေအနက်မှ စရန်ငွေအား ပေးချေထားပြီးဖြစ်ပါသည်။အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုပါက တိကျခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်း အထောက်အထားများနှင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်ကျော်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်ခင်အေးထက်** | **ဒေါ်ဥမ္မာဦး** |
| (၁၂/အစန(နိုင်)၂၀၀၁၅၁) | တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၇၅၉/၂၀၂၁) |
| | အမှတ် (၄၆)၊ (၁)လမ်း၊ (၁)ရပ်ကွက်၊ |
| | မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| | Ph:09-425311427: 09-795559491 |

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန၊ မိတ္ထီလာတက္ကသိုလ်
## အကြိမ်(၂၀)မြောက်ဘွဲ့နှင်းသဘင် အစီအစဉ်ကြေညာခြင်း

မိတ္ထီလာတက္ကသိုလ် အကြိမ်(၂၀)မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို မိတ္ထီလာတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်-

| | | |
|---|---|---|
| ၁။ | အစမ်းလေ့ကျင့်ရက်(နေ့သင်တန်း) | (၂-၂-၂၀၂၄)ရက်၊ နံနက်(၉:၀၀)နာရီ |
| | ဘွဲ့နှင်းသဘင်ကျင်းပမည့်ရက် | (၃-၂-၂၀၂၄)ရက်၊ နံနက်(၉:၀၀)နာရီ |
| | **ပထမပိုင်း(နံနက်)** | |
| | (၂၀၂၂-၂၀၂၃)ပညာသင်နှစ် | မဟာဝိဇ္ဇာဘွဲ့(အင်္ဂလိပ်စာ၊ အရှေ့တိုင်းပညာ) |
| | | မဟာသိပ္ပံဘွဲ့(ရုက္ခဗေဒ၊ ဘူမိဗေဒ) |
| | | ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့(အရှေ့တိုင်းပညာ) |
| | | သိပ္ပံ(ဂုဏ်ထူး)ဘွဲ့(ရုက္ခဗေဒ၊ ဘူမိဗေဒ) |
| | | ဝိဇ္ဇာဘွဲ့(အင်္ဂလိပ်စာ၊ အရှေ့တိုင်းပညာ) |
| | | သိပ္ပံဘွဲ့ (ရုက္ခဗေဒ၊ ဘူမိဗေဒ) |
| | ဘွဲ့ နှင်းသဘင်ကျင်းပမည့်ရက် | (၃-၂-၂၀၂၄)ရက်၊ မွန်းလွဲ(၂:၀၀)နာရီ |
| | **ဒုတိယပိုင်း(မွန်းလွဲ)** | |
| | (၂၀၂၂-၂၀၂၃)ပညာသင်နှစ် | မဟာသိပ္ပံဘွဲ့(သင်္ချာ၊ သတ္တဗေဒ) |
| | | မဟာဝိဇ္ဇာဘွဲ့ (ဒဿနိကဗေဒ) |
| | | သိပ္ပံ (ဂုဏ်ထူး)ဘွဲ့ (သတ္တဗေဒ) |
| | | ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့ (ဒဿနိကဗေဒ) |
| | | သိပ္ပံဘွဲ့(သင်္ချာ၊ သတ္တဗေဒ) |
| | | ဝိဇ္ဇာဘွဲ့ (ဒဿနိကဗေဒ) |
| ၂။ | အစမ်းလေ့ကျင့်ရက်(နေ့သင်တန်း) | (၂-၂-၂၀၂၄)ရက်၊ မွန်းလွဲ(၂:၀၀)နာရီ |
| | ဘွဲ့ နှင်းသဘင်ကျင်းပမည့်ရက် | (၄-၂-၂၀၂၄)ရက်၊ နံနက်(၉:၀၀)နာရီ |
| | **ပထမပိုင်း(နံနက်)** | |
| | (၂၀၂၂-၂၀၂၃)ပညာသင်နှစ် | မဟာသိပ္ပံဘွဲ့ (ရူပဗေဒ) |
| | | မဟာဝိဇ္ဇာဘွဲ့ (ပထဝီဝင်) |
| | | သိပ္ပံ(ဂုဏ်ထူး)ဘွဲ့(ရူပဗေဒ) |
| | | ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့(ပထဝီဝင်) |
| | | သိပ္ပံဘွဲ့ (ရူပဗေဒ) |
| | | ဝိဇ္ဇာဘွဲ့ (ပထဝီဝင်) |
| | ဘွဲ့နှင်းသဘင်ကျင်းပမည့်ရက် | (၄-၂-၂၀၂၄)ရက်၊ မွန်းလွဲ(၂:၀၀)နာရီ |
| | **ဒုတိယပိုင်း(မွန်းလွဲ)** | |
| | (၂၀၂၂-၂၀၂၃)ပညာသင်နှစ် | မဟာသိပ္ပံဘွဲ့(ဓာတုဗေဒ) |
| | | မဟာဝိဇ္ဇာဘွဲ့ (မြန်မာစာ၊ သမိုင်း) |
| | | သိပ္ပံ (ဂုဏ်ထူး)ဘွဲ့ (ဓာတုဗေဒ) |
| | | ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့(မြန်မာစာ၊ သမိုင်း) |
| | | သိပ္ပံဘွဲ့(ဓာတုဗေဒ) |
| | | ဝိဇ္ဇာဘွဲ့ (မြန်မာစာ၊ သမိုင်း) |

